

ကိုပိုက်
ပန်းနီ ပန်ဆင် မာယာရှင်
သိစုသခင်မ
အသစ်စက်စက် ဝတ္ထုရှည် စ-ဆုံး

ကိုပိုက်                                                    ၈၉၅ . ၈၃

ပန်းနီပန်ဆင် မာယာရှင်တဲ့စုသခင်မ / ကိုပိုက် ။ – ရန်ကုန်။ ရဲအောင်စာပေ ၊ ၂၀၁၀ ။

စာမျက်နှာ ၁ မှ ၂၀၀ အထိ ၊ ၁၂.၅ X ၁၈.၂ စင်တီ။

(၁) ပန်းနီပန်ဆင် မာယာရှင်တဲ့စုသခင်မ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၂၃၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၆၄၀၉၁၀

ပထမအကြိမ်

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀ - တန်ဖိုး - ၂၀၀ ကျပ်

မျက်နှာဖုံးပန်းချီ - ရန်နိုင်ဦး

မျက်နှာဖုံးဂရပ်ဖစ် - ယမုံစိုး

ကွန်ပျူတာစာစီ - Five Star II

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)

အမှတ် (၂)၊ ချွန်း (၁) လမ်း။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။


အတွင်းနှင့်အဖုံးပုံနှိပ် - ဦးကျင်ရင် (၀၅၄၁၇)(ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း။ အလုံမြို့နယ်၊

ရန်ကုန်မြို့။

# ဦးရသေ့အားဦးထိပ်ထားကာ

(က)                                        (ဃ)



မေ၊ မွေးဖေ၊ မွေးမေ၊

ပြီးတော့

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

ကိုပိုက်

(ဏ)                                        (ဧ)

## ပန်းနီပန်ဆင် မာယာရှင်တဲစုသခင်မ

"ဝေါ···ဝေါ·· ဝေါ··ဘရော··ဝေါ··ဝေါ"

သို့အသကြောင့် ကျွန်တော်သည် ဝါးဖောင်ပေါ်တွင် ဇိမ်ဖြင့် ပက်လက်လှန် လဲလျောင်းနေရာမှ ကပျာကသီ ထလိုက်၏။

"ဘာသံတုံးဗျ·· "

"ရေမှယ်··"ချောင်းစောက်" ရောက်ပြီလေဗျာ··နို့ကြောင့် ရေကျသံ ကြားရတာပေါ့·· "

သို့ဆိုသလို မုဆိုးတာပုက ပြောလေ၏။

"ကျွန်တော်တို့သွားမယ့် ချောင်းကပေါ့···"

"ဟုတ်တယ် ဆရာလေးပိုက်ရဲ့···"

"နို့ဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော်က စိုးရိမ်တကြီး မေးလိုက်၏။

"ဘယ်လိုမှ လုပ်စရာမလိုဘူး·· အေး တစ်ခုပဲရှိတယ်·· ဖောင် အဲဒီချောင်းစောက်ထဲ ထိုးကျသွားပြီဆိုလျှင်ဖြင့် ဖောင်နှင့်လူ ကွဲမသွားအောင်တော့ သတိထား ကိုင်တွယ်ထားဖို့ပဲ လိုတယ်"

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။



လင်းမြင့်လှိုင်က ကျွန်တော်စိုးရိမ်ပူပန်နေကြောင်း သိလေသဖြင့် ပြုံး ပြလာချေပြီ···။

"သည်လမ်းခရီးကို··ကိုပိုက်ခုမှ ရောက်ဖူးတာ ဖြစ်မ ပေါ့··· နို့ကလည်း မိုးတွင်းဆိုလျှင်ဖြင့် ရေတိုးနေလျှင် အဲ့လို မဖြစ်ဘူး လေ။ ခု ဆောင်းဦးကာလဆိုတော့ ရေကျချိန်ဖြစ်တော့ကာ ချောင်း စောက်က အဲလို ဖြစ်တာပေါ့·· သည်လိုပဲ သည်လမ်းခရီး သွားကြတာချည်းပေါ့ဗျာ·· ကျွန်တော်တော့ မကြာမထာ ဖြတ်ဖူးတော့ မကြောက်တော့ဘူးဗျာ·· အဲ ကိုပိုက် ဘာမှ မပူပါနဲ့ ဖောင်တွဲ ကြိုးကိုသာ အမိအရ ဆုပ်ကိုင်ထားချေဗျာ···။ အမြင့်ကနေ ရေစီးအတိုင်း ဖောင်က ဦးစိုက်ကျသွားလိမ့်မယ်·· နို့ပေမင့် ပြန်ပေါ် လာလိမ့်မယ်·· အဝတ်အစားတွေတော့ ရေစိုမှာပေါ့ဗျာ···"

သို့ဆိုလေတော့ ကျွန်တော် ခေါင်းဆတ်ညိတ်ပြရုံသာ ရှိချေတော့ ၏။ တကယ်တော့မူ ကျွန်တော် ထိုရေကျသံ ကြောက်မက်ဖွယ်အား ကြားရသည်နှင့်ပင် ရင်တုန်လို့နေချေတော့၏။

"ဆရာလေး··ကိုပိုက် ဘာမှမကြောက်ပါနဲ့ ဖောင်က ရေအောက်ထိုးကျပြန်ပေါ်လာမှာပါ။ ကိုယ်ကသာ ဖောင်နဲ့လူကွာမသွား အောင် ဆုပ်ကိုင်ထားချေ···ဟုတ်လား··"

တာပုက သို့ပြောလာချေ၏။

သူတို့တွက်ကျတော့ တွေကြုံနေကျဆိုတော့ကာ ကြောက် လန့်ခြင်း အလျဉ်းမရှိကြပါချေ။ ကျွန်တော်သာလျှင် ကြုံတွေ့ရမည့် ဘေးကို ထိတ်လန့် တုန်လှုပ်နေခြင်းသာ ဖြစ်ချေ၏။

"ဝေါ··ဝေါ··ဘရော··· ဝေါ···ဝေါ··"

တဖြည်းဖြည်း နီးလာချေပြီ၊ အသံပို၍ ကျယ်လာ၏။

ကြောက်လန့်ဖွယ် ကောင်းသေးတော့၏။

"ဆရာလေးပိုက်.. ရေမှယ် ရောက်တော့မယ်၊ ဖောင်ကို မြဲမြဲကိုင်ထားချေ။ ရေထဲ မြုပ်သွားလဲ မကြောက်နဲ့. ကိုင်သာထား ဖောင်ရေပေါ် ပြန်ပေါ်လာလိမ့်မယ် ဟုတ်ပလား.."

သို့ဆိုသလို တာပုက သတိပေး ပြောလာလေ၏။

"ဝေါ...ဝေါ...ဝေါ...ဝေါ...ဝေါ..."

ဘုရားရေ..ရေတွင် စောက်ကြီးပါကလား။ ချောင်းရေသည် ထို စောက်ကြီးအတွင်းသို့ ထိုးဆင်းသွားလေသည်ပဲ။

သို့နေရာ မရောက်သေးသမျှတော့ မည်မျှ စောက်နက်သည် မသိရပေမင့် ရေကျသံပြင်းပြင်းက ခြိမ်းခြောက်နေဟန်ပင်..။

"ဖြစ်ပါ့မလား ကိုလင်း.."

"သည်လိုပဲ သည်ခရီး သွားကြတာလေ... ဘာမှ ကြောက်စရာ မလိုဘူး.. ဖောင်ကိုသာ မြဲမြဲကိုင်ထားချေ..."

သို့ဆိုတော့ ကျွန်တော်သည် သေနတ်ကို စလွယ်သိုင်း လိုက်၏။ ဖောင်ပေါ်ဖင်ချထိုင်၊ ခြေထောက်နှစ်ချောင်းကို ဆန့်ထုတ်ပြီး လက်နှစ်ဖက်က ဝါးဖောင်တွဲချည်ကြိုးစတို့ကို မြဲမြဲ ဆုပ်ကိုင်ထား လိုက်တော့၏။

သို့မှ

"ဟာ"

ကျွန်တော်ရင်လှပ်ခနဲ ဖြစ်သွား၏။ ရုတ်ခြည်းဆိုသလို ဖောင်သည် စောက်တွင်း ထိုးကျသွားတော့၏။

"ဗွမ်း.."

"ဝူး..ဖရူး..ဖူး..ဝူး"



ဝါးဖောင်ဦးသည် ရေအိုင်တွင်း ချောင်းကျရေဖြင့် ထိုးဆင်း သွားလေသည့်ကြောင့် တစ်ကိုယ်လုံး ရေတို့ ရွှဲနစ်သွားတော့၏။ ရေအိုင်အတွင်း ဖောင်နှင့်အတူ ကျွန်တော်တို့ပါသွားချေ၏။

ကျွန်တော် ရေမကူးတတ်ပါချေ။ သို့ကြောင့် ဖောင်ကြိုးကို မြဲမြဲ ဆုပ်ကိုင်ထားမိ၏။ သို့ပေမင့် ဘယ်လိုက ဘယ်လို ဖြစ်သွား သည်မသိ၊ ကျွန်တော်တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားသည့်နောက် ကျွန်တော့်အသိတွင် များစွာ စိုးရွံ့ထိတ်လန့်စရာ ဖြစ်လာရချေ၏။ ကျွန်တော် သတိထားနေလျက်မှ ဖောင်နှင့်လူ ကွဲကွာသွားချေတော့ သည်။

"ဟာ"

"ဟင်"

"ဆရာလေးပိုက်"

"ကိုပိုက်...ကိုပိုက်..."

သို့အသံတော့ ကျွန်တော် သဲ့သဲ့ကြားလိုက်ရ၏။ သည့်နောက် ကျွန်တော် ဘာမှ မသိပါတော့ချေ။

× × × × ×

ကျွန်တော့်နားတွင်တော့ သီချင်းသံဟု ထင်ရသည့် အသံကို ကြားလိုက်ရသည့်ကြောင့် နားစွင့်လိုက်၏။

လေပြည်လေးနှင့်အတူ ပါလာသည်ကား တေးသံပင်ဖြစ် ချေတော့၏။ စကားလုံးတော့ဖြင့် သဲကွဲခြင်း မရှိ။

သို့အသံကြောင့် ကျွန်တော်သည် အသံလာရာသို့ တောတိုး ချည်းကပ်သွားလိုက်၏။

တေးသံလွင်လွင် သဲ့သဲ့မှ ပြတ်သားစွာ ကြားလိုက်ရခြင်း

ကြောင့် တောတိုးလာခဲ့သော ခုရီး မမှားအံ့ဟု တွက်မိလိုက်၏။

တစ်ယောက်တည်း၏ အသံမဟုတ်··သံပြိုင်ဆိုနေသည် ဖြစ်ချေ၏။ သို့အသံက ကျွန်တော်ရောက်နေသည့် နေရာနှင့် ခပ်လှမ်းလှမ်းရှိ ကြခတ်ဝါးရုံနောက်ကွယ်မှဖြစ်ခြင်းကြောင့် ကျွန်တော်သည် ကြခတ်ဝါးရုံတစ်ဖက်သို့ ရောက်လိုဇောဖြင့် ဖြန့်ခွာ တိုးထွက်လိုက်ခြင်းကြောင့် ကြခတ်ဆူးတို့၏ ဒုက္ခပေးခြင်းကြောင့် တစ်ကိုယ်လုံး သွေးချင်းချင်းနီမတတ်ဟု ပြောရချိမ့်မည်။

သို့မှ ကျွန်တော် ဝါးရုံတစ်ဖက်သို့ ရောက်သွားတော့၏။ ကြားလိုက်ရသော အသံသည် နီးကပ်နေချေပြီဖြစ်၏။ သိချင်၍ တိုးဝင်ခဲ့သော ကျွန်တော်သည် မိမိကိုယ်မိမိ ဒဏ်ပေးသည့် အနေဖြင့်ဟု သဘောထားလိုက်ချေ၏။

အလိုလေးဗျာ·· ဝါးရုံတစ်ဖက်ရှိ ချုံပုတ်နွယ်ပင် အုပ်အုပ်ဆိုင်းဆိုင်းနောက်ကွယ်မှ လာသော အသံဖြစ်ချေ၏။ ကျွန်တော့်ကိုယ်မှ ဒဏ်ရာတို့ကိုပင် သတိမပြုနိုင်တော့ချေ။ ထိုချုံပုတ်နွယ်ပင်ကြီးနား သွားကာ တစ်ဖက်သို့ ချောင်းမြောင်း ကြည့်လိုက်ချေတော့၏။

ဘုရားရေ··ကျွန်တော်၏ မျက်စိကိုပင် ကျွန်တော် မယုံနိုင်ဖြစ်သွားရချေ၏။ ကျွန်တော်ပင်တောမှောက် တောခြောက်ခြင်း နေ့ခင်းကြောင်တောင်ခံနေရသည်လားဟုပင် မှတ်ယူရ၏။

ကျွန်တော်မြင်လိုက်ရသည်ကား မိန်းမပျို သုံးဦး ဖြစ်ချေတော့၏။ ကျွန်တော် မြင်လိုက်ရသည်က သူမတို့၏ နောက်ကျောဖြစ်ချေ၏။ ဆံပင်ဖားလားချထားကြ၏။ ထိုဆံပင်တို့ကြား နီရဲရဲ ခေါင်ရန်းပန်းကဲ့သို့ ပန်းပွင့်ကြီးတစ်ပွင့်စီ ပန်ထားကြချေ၏။

ထဘီရင်လျားကိုယ်စီ ဖြစ်ချေ၏။ ဝင်းဝါသော အသားအရည်



ပိုင်ရှင်များ ဖြစ်ကြ၏ သို့ဆိုတော့ ထိုနားတစ်ဝိုက် ရွာသိမ် ရွာငယ်တော့ ရှိချိမ့်မည်။

သည်ရေအိုင်တွင် လာရောက် ရေချိုးကြခြင်း ဖြစ်ချိမ့်မည်။ ကျွန်တော် စဉ်းစားမိ၏။ သူမတို့ထံ ကျွန်တော်သွားသင့်·· မသွားသင့် ဘယ့်တွက်မှု ကျွန်တော် တောတောင်ထဲတွင် မျက်စိလည်လမ်းမှားနေသည်မှာ နှစ်ရက်သုံးရက်ရှိချေပြီ။ ကျွန်တော် လင်းမြင့်လှိုင်နှင့် လမ်းပြမှဆိုးကြီးတာပုအား တွေ့လိုတွေ့ငြား အသံပြု တောတိုးခဲ့ငြား ယခုတိုင် လင်းမြင့်လှိုင်တို့ အရိပ်အယောင်ပင် မမြင်ရသေးပါချေ။ ကျွန်တော် သစ်ပင်ပေါ်တက်၍ ဂွဆုံတွင် ဖြစ်သလို အိပ်ရသည်မှာ (တကယ်တော့ မှိန်းခဲ့ရခြင်း) နှစ်ညရှိချေပြီ သို့ ပင်ပန်းသည့် ဒဏ်ကို မခံနိုင်ပါတော့ချေ။ အိပ်ရေးလည်း ပျက်လွန်းလှချေပြီ ဖြစ်တော့၏။

ဟော··ယခုအမျိုးသမီး သုံးယောက်ကို လူသားအနေဖြင့် ဝတွေ့ရခြင်းဖြစ်၏။ သို့ဆိုတော့ ကျွန်တော် သူတို့နှင့် တွေ့သင့်သည် မဟုတ် ပါကလား။ သူတို့ကို မေးစမ်းကြည့်လျှင် ကျွန်တော့်တွက် အကျိုးတော့ ရှိနိုင်လောက်၏။ ဆိုပါစို့ ကျွန်တော် ဘယ်နေရာ ရောက်နေသည် သိရမည်။ ပြီးတော့ လင်းမြင့်လှိုင်တို့နှင့် ပြန်တွေ့ကောင်း တွေ့နိုင်၏။ သို့မဟုတ်ပါကလည်း လမ်းပြပေးမည့်သူ ရှိချေမည်။ သို့ဆိုလျှင် ကျွန်တော် နှင့် လင်းမြင့်လှိုင် ပြန်မဆုံနိုင်တောင်မှ မီးလောင်ကုန်းရွာသို့ ရောက်သွား နိုင်ပေ၏။

သို့ပေမင့်လို့ သူမတို့ ရေချိုးနေချိန် ပြီးတော့ ထဘီရင်လျားများဖြင့် ဖြစ်လေခြင်းကြောင့် ကျွန်တော် ထွက်တွေ့ရန် ကောင်းပါလေမလား စဉ်းစားနေမိ၏။

သို့မှမဟုတ် သူတို့ရေချိုးအပြန်ကိုစောင့်ပြီး ခြေရာခံ

လိုက်သွားပါလျှင် သူမတို့ရွာ ရောက်ပေလိမ့်မည်။ သည်တော့မှ ရွာထဲရှိ အမျိုးသားတို့ကို မေးစမ်းရပေမည်။ လိုအပ်ပါက တစ်ညတာ တည်းခိုခွင့် တောင်းရပေရော့မည်။

သို့အတွေးဖြင့် ကျွန်တော် ရှိနေစဉ်မှာပင်

"အား"

"အား••လားလား"

"ဟာ"

ဘုရားရေ အမျိုးသမီးသုံးယောက် ဘာဖြစ်သွားလေသည် မသိ၊ ထိတ်လန့်ကြောက်ရွံ့အော်ဟစ်ရင်း ရေအိုင်တွင်းမှ ကုန်းပေါ်သို့ ပြေးတက်လာချေ၏။

ဘုရား•••ဘုရား•• ကျွန်တော် အတော်ကလေးကို ရင်တုန် ရင်ခုန်မိချေ၏။ ကျွန်တော်ထင်ထားသည်မှာ ရွာသူ ရုပ်ကြမ်းကြမ်းတွေ၊ ယခုသူမတို့ ကြောက်လန့်တကြား ရေအိုင် တွင်းမှ တက်ကာ ကျွန်တော် ရှိနေသည့်ဘက် ပြေးလာလေမှ သူမတို့၏ ခန္ဓာကိုယ်အချိုးအစားနှင့် မျက်နှာတို့ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားမိရချေတော့၏။

"ဟင်•• ကျွန်တော့်ကို သူမတို့ မြင်ပုံမပေါ်၍ တော်သေးတော့၏။ သို့မဟုတ်ပါက ကျွန်တော် သူမတို့ရေချိုးနေသည်ကို ချောင်းမြောင်းကြည့်နေသည်ဟု ထင်သွားပေလိမ့်မည်။ ခုတော့ တော်ပါသေးရဲ့ ကျွန်တော့်ကို သူမတို့ မမြင်။ ကျွန်တော့်နံဘေးမှ ခြေကုန်သုတ် ပြေးသွားကြတော့၏။

သူတို့၏ ရေစိုကိုယ်သင်းနံ့လေး ကျွန်တော့် နှာခေါင်းတွင်



တိုးဝင်လာချေ၏။

ဘုရားရေ•• ခရေပန်းရနံ့ သင်းပျံ့လို့နေပါကောလား။

ကျွန်တော် သူမတို့ဘာကြောင့် ရေအိုင်တွင်းမှ ကြောက်လန့် တကြား အော်ဟစ်ပြေးလာရပါလိမ့် သိလိုသည်ကြောင့် ရေအိုင်ရှိရာ လှမ်းကြည့်လိုက်ပြန်၏။ ရေအိုင်သည် ငြိမ်သက်လို့နေပါကောလား။ မည်သည့် ထူးခြားမှုမျှ မမြင်မတွေ့ရပါချေ။ ကျွန်တော် မျက်စိ အမြင် မကောင်းပေလို့လား။

အတန်ကြာ ရေအိုင်ကို ကြည့်နေပြီးနောက် မည်သည့် ထူးခြားမှုမျှ မတွေ့လေသဖြင့် သူမတို့ ပြေးလွှားသွားရာနောက်သို့ လှည့်ကြည့်လိုက်ပြန်၏။

ဘုရားရေ••ယခုမှ သတိထားမိ၏။ ကျွန်တော် ချုံပုတ်နွယ်ပင်နားသို့ လာခဲ့သည်တွင် ကြခတ်ဝါးရုံကို တိုးဝှေ့လာခဲ့ရ သည်မဟုတ်ပါကလား။ ယခု အမျိုးသမီး သုံးယောက်သည် ကျွန်တော့် နောက်ဘက်သို့ ပြေးသွားသည်ဆိုပေမင့် အံ့ဖွယ်ကောင်းသည်မှာ ကြခတ်ဝါးရုံကြီးသာ တွေ့ရချေ၏။ အမျိုးသမီး သုံးယောက်ကိုတော့ဖြင့် အရိပ်အယောင်ပင် မမြင်မိပါချေ။ သူတို့ ကြခတ်ရုံတွင်း ကျွန်တော့်လို တိုးဝှေ့ ဝင်သွားကြသည်များလား။

သို့ဆိုတော့ သူမတို့၏ ဝါဝင်းသော အသားအရည်တွင် မတော့ သွေးတို့ ချင်းချင်းနီပေရော့မည်။ ကျွန်တော်ထက် အသားနုသူများဖြစ်ကြ၏။ ကျွန်တော်ပင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ထားပေငြား ကြခတ်ဆူးတို့ကြောင့် အင်္ကျီဘောင်းဘီတို့ စုတ်ပြတ်ပြဲလို့နေကာ သွေးတို့ ချင်းချင်းနီခဲ့ရ၏။ သို့ဆိုတော့ ထိုအမျိုးသမီး သုံးယောက်သည် ကြခတ်ဝါးရုံ အတွင်းဝင်သွားသည်မှာ အဝတ်ဗလာ

ဟု ပြောရလေမည်။ ထတီးရင်လျှားလေးနှင့်ဆိုတော့ကာ မည်မျှအောင် ကြခတ် ဆူးခံကြရလိမ့်မည်နည်း။ ကျွန်တော် မစဉ်းစားရဲအောင်ပင် ဖြစ်သွားရချေတော့၏။

ကျွန်တော် ထို ကြခတ်ဝါးရုံနား သွားလိုက်၏။ တစ်ဖက်သို့ ဘယ်လိုထွက်သွားကြသည်ကို စေ့စေ့ကြည့်လိုက်၏။

ဘုရားရေ‥ ကျွန်တော် တွေ့လိုက်သည်က ကြခတ်ဝါးရုံ အောက်ခြေတွင် ကြက်မတစ်ဝပ်စာ အပေါက်ငါသာသာလျှင် တစ်ဖက်သို့ ဒိုးလျိုပေါက် ပေါက်ထွက်နေခြင်းသာ ဖြစ်ချေ၏။ သို့ဆိုတော့ ထိုအမျိုးသမီးသုံးယောက် ထိုအပေါက်ကလေးမှ ထွက်သွားကြလေသည်လားမသိ။ သို့လည်း မဖြစ်နိုင်။ ကျွန်တော် စဉ်းစားမရ ဖြစ်ရချေတော့၏။ တစ်ခုတော့ရှိသည်။ သူမတို့ အခြား တစ်ဖက်ထွက်ပေါက်က ထွက်သွားကြလေခြင်းကြောင့်များလား။

မည်သို့ပင်ဖြစ်စေ ကျွန်တော် ထိုကြခတ်ဝါးရုံတစ်ဖက်သို့ ပြန်ထွက်လေမည် ဆိုလျှင်ဖြင့် သူမတို့ ခြေရာကိုတော့ တွေ့နိုင်ပေသည်။ သို့အတွေးဖြင့် ကျွန်တော် တိုးဝင်လာသည့် နေရာလောက်ဆီမှ တစ်ဖက်သို့ ပြန်ထွက်လိုက်ချေ၏။

သူမတို့ကို တွေ့လိုဇောကြောင့်သာ ဒုတိယအကြိမ် အနာခံ ထွက်ခဲ့လေခြင်း ဖြစ်၏။

မကြာလိုက်သော အချိန်တွင် ကျွန်တော် တစ်ဖက်သို့ ရောက်သွား၏။

ကြခတ်ဝါးရုံတစ်ဖက်တွင် သူမတို့ခြေရာ တွေ့လိုတွေ့ငြား ရှာကြည့်လေ၏။ အချိန်သာ ကုန်သွားတော့၏။ မည်သည့် ခြေရာမျှ မတွေ့ပါချေ။



သို့ဆိုတော့ ကျွန်တော် စဉ်းစားနေလိုက်၏။ လူစင်စစ်မှ ဟုတ်ပါလေစ။ သို့ စဉ်းစားမှုကြောင့် ကြက်သီးမွေးညင်းတော့ဖြင့် ထသွားမိတော့၏။

သို့ရှိစဉ်

“ခစ်‥ခစ်‥ ခစ်‥ခစ်‥ ဟစ်‥ဟစ်‥ဟီ‥ဟိ”

“ဟား‥ဟား‥ဟား‥ဟင်း”

ဘုရားရေ‥ အမျိုးသမီးတို့ ကြိတ်ရယ်မောသံကို ကြားရလေသည်ကြောင့် ခေါင်းမွေးထောင်မတတ် ကြက်သီးများ ထသွားရပြန်၏။

သို့အသံသည် ကြခတ်ဝါးရုံ တစ်ဖက်မှ ဖြစ်နေပြန်၏။

သို့ဆိုတော့ ကျွန်တော့်အား အမျိုးသမီး သုံးယောက်က လှောင်ပြောင်နေခြင်းပါကလား။

ကြားလိုက်ရသော ရယ်မောသံသည် လူသားစင်စစ်တို့၏ အသံဖြစ်ခြင်းကြောင့် ကျွန်တော် ချုံပုတ်ပင် နောက်ကွယ်မှ သူတို့ ရေချိုးနေသည်ကို ကြည့်နေခြင်းအား ရိပ်မိသွားသည်ကြောင့် သို့ဆိုသလို ကျွန်တော့်အား အကြောင်းရိုက်ခြင်းများလေလား။ ကျွန်တော် သူမတို့ထွက်သွားသည်ထင်၍ တစ်ဖက်သို့ ပြန်တိုးထွက်ရခြင်းကို သဘောကျနေပုံပင်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ သူမတို့ကို ပြန်၍ တွေ့ဆုံရန် င် တိုးဝှေ့ထွက်ရပေဦးမည်လား။

သို့ စဉ်းစားနေစဉ် တဖုတ်ဖုတ်ဖြင့် ပြေးလွှားသွားကြသံကို ကြားလိုက်ရ၏။ ရယ်မောသံတို့သည်လည်း ဝေး၍ ဝေး၍ သွားချေတော့၏။

ကျွန်တော်စဉ်းစားလိုက်သည်မှာ မည်သို့ပင်ဆိုစေ တစ်ဖက်သို့ ပြန်၍ တိုးထွက်ရပေဦးမည်။ သူမတို့ ခြေရာကိုရှာ၍ သူမတို့ ပြေးထွက်သွားရာ နောက်လိုက်သွားပါလျှင် ကျွန်တော် အဆင်ပြေလောက်၏။

သို့ကြောင့် ကျွန်တော်သည် ခေတ္တမျှ နားနေလေပြီးနောက် တစ်ဖက်သို့ ပြန်တိုးထွက်လိုက်ပြန်သည်။

"ဟူး"

ကျွန်တော်ရေအိုင်ရှိရာသို့ လှမ်းကဲကြည့်လိုက်၏။ ရေအိုင်သည် ငြိမ်သက်လို့နေချေ၏။ ဟုတ်ပါပြီ သူမတို့ ရွာပြန်သွားကြခြင်းဖြစ်မည်။

ကျွန်တော်သည် ရေအိုင်အနီးမှ ဖြတ်လျှောက်လိုက်၏။

သူမတို့ ပြေးထွက်ခဲ့သည့် ရေအိုင်အစပ်ကို စေ့စေ့ကြည့်မိ၏။ မည်သည့် ခြေရာမျှတော့ဖြင့် မတွေ့ပါချေ။

မဖြစ်နိုင်၊ ရှိကို ရှိရပေမည်။ ကျွန်တော်သည် ရေအိုင်အစပ်တွင် လှည့်ပတ်ရှာနေလိုက်၏။ ရေအိုင်တွင်းသို့လည်း တစ်ချက်တစ်ချက် ငဲ့စောင်းကြည့်လိုက်၏။

ဟော...ဟုတ်ပြီ..တွေ့ပြီ.. ခြေရာတော့ဖြင့်မဟုတ်။

တွားသွားသတ္တဝါတစ်ကောင်ခြေရာဖြစ်ချေ၏။ ထိုခြေရာသည် အိုင်တွင်းမှ တတ်လာပုံဖြစ်၏။ သို့ကြောင့် ထိုနေရာနောက် လိုက်သွားကြည့်လိုက်၏။

ခွတ်ကြောင်းရာ ထင်းထင်းကြီးမှ ခြေရာဖြစ်ချေ၏။ ထိုခြေရာသည် အိုင်နှင့် မဝေးလောက်သော နေရာရှိ ချုံပုပ်နွယ်ပင်နှင့် မြက်ရိုင်းပင်တို့ရှိရာ သွားထားပုံရချေ၏။ သို့ကြောင့် ကျွန်တော်သည် လက်တွင်း



ရှိ သေနတ်ကို အရံသင့် ပစ်ခတ်နိုင်ရန် ချိန်ရွယ်၍ ထိုချုံပုတ်ပင်နား တိုးကပ်သွားလိုက်ချေတော့၏။

ချုံပုတ်ပင်သည် ငြိမ်သက်လို့ နေချေ၏။ ခြေရာသည် ထိုချုံပုပ်ပင်တွင်း တိုးဝင်သွားပုံရချေ၏။

ချုံပုတ်ပင်သို့ ငြိမ်သက်နေခြင်းကို ကျွန်တော် မကြိုက်ပါချေ။ ကျွန်တော်စိတ်ထဲတွင် အန္တရာယ် တစ်ခု ရောက်လာနိုင်သည်ဟု တွက်ထားမိ၏။ သို့ပေမင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ထိုအန္တရာယ်ကို ရင်ဆိုင်ရန် ခုံးဖြတ်နေလေခြင်းကြောင့် ဖြစ်တော့၏။

သို့ခြေရာကြောင့် ကျွန်တော် အမျိုးသမီး သုံးယောက်ကို မေ့သွားချေ၏။ ထိုတွားသွားသတ္တဝါကိုသာ စိတ်တွင် ရှိနေတော့၏။

"ဟီး..ဟီး..ခစ်..ခစ်..ခစ်..ဟာစ်..ဟာစ်..ခစ်..ခစ်..ဟီး..ဟီ"

သို့ဆိုသလို ခိုးခိုးခစ်ခစ် ရယ်မောသံကြောင့် လာရာလမ်းကြောင်းနောက်သို့ လှည့်ကြည့်လိုက်ချေ၏။

ရုတ်ခြည်း ပြေးသွားသံတော့ ကြားရ၏။ သို့ပေမင့် အရိပ်အယောင်တော့ဖြင့် မမြင်မိပါချေ။ ကျွန်တော်သည် ရှေ့ ချုံပုပ်ပင်နောက်ကွယ်ရှိ တွားသွားကောင်ကို ဂရုမစိုက်နိုင်ပါတော့ချေ။ ကျွန်တော် တွက်လို့ရချေ၏။ ထိုအကောင်သည် ချုံပုတ်ပင် နောက်ကွယ်တွင်သာ ရှိချိမ့်မည်။ သူတာလုပ်နေသည်ကိုတော့ ကျွန်တော် မမှန်းတတ်ပါချေ။ ရေမြွေကြီးသည်လည်းကောင်း မိချောင်းကောင်သည်လည်းကောင်း ရေအိုင်မှ တက်လာ၍ "ဥ" ကျင်းဝပ်နေခြင်းသာ ဖြစ်ချိမ့်မည်။

သို့ဆိုတော့ ကျွန်တ်အား လှည့်ပတ် လှောင်ပြောင်နေသည့်

မိန်းမပျိုသုံးယောက်ကို တွေ့အောင် ရှာလိုစိတ်ဖြစ်လာခြင်းကြောင့် ရေအိုင်နားသို့ ပြန်လှည့်သွားလိုက်၏။

သို့မှ ကျွန်တော် ရေအိုင်အစပ်သို့ ရောက်လုတွင်

"ဟာ"

"အို"

"အား"

"ဗွမ်း"

ကျွန်တော့်နောက်မှ ပြေးလာသံကြောင့် ကပျာကသီ လှည့်ကြည့်လိုက်သည်ဆိုပေမင့် ကျွန်တော် လွန်မင်းစွာ နောက်ကျသွားချေပြီ ဖြစ်တော့၏။

လွန်စွာမှ ကြီးမားသော မိကျောင်းကြီး တစ်ကောင်ဖြစ်ချေ၏။ ကျွန်တော့်အား အတင်းဝင်ရောက် တိုက်ခိုက်လာခြင်း ဖြစ်တော့၏။

ကျွန်တော် အသိနောက်ကျသွားလေခြင်း ဖြစ်၏။

သူ၏ခန္ဓာကိုယ်ကြီးဖြင့် တိုက်ခိုက်လာခြင်းကြောင့် ကျွန်တော် ရေအိုင်အတွင်း ထိုးစိုက်ကျသွားတော့၏။

ကျွန်တော်သည် ရေကူးတတ်သူ မဟုတ်သည်ကြောင့် ရေအိုင်တွင်း မိကျောင်းကြီး၏ တိုက်ခိုက်ခြင်းကို ခံရတော့မည် အသိကြောင့် လွန်မင်းစိတ် ထိတ်လန့်ကြောက်ရွံ့သွားရချေတော့သည်။ သို့ကြောင့်

"ဝူး··ဝူး··ဖရူး··ဝူး···"

"အား···ဝူး·· ဖရူး···ဝူး···"

ကျွန်တော် ရေမကူးတတ်သဖြင့် ရေမွန်းနေချေပြီ။ ရေအိုင်



အတွင်း ယက်ကန်ယက်ကန်ဖြင့် လူးလိမ့်နေမိ၏။ မိကျောင်းကြီး မည်သည့်အချိန်လာရောက်တိုက်ခိုက်မည်မသိ။ သို့တွက်လည်း စိုးရိမ် ထိတ်လန့်နေမိသေးတော့၏။

မွန်းကြပ်လို့လာချေပြီဖြစ်၏။

"ဘုရား··ဘုရား··"

သို့ရှိစဉ်

ကျွန်တော့်လက်အား တစ်စုံတစ်ဦးက ဆုပ်ကိုင်လာ၏။ ရေပေါ်သို့ ဆွဲခေါ်သွားချေ၏။

"ဖူး"

ရေအိုင်တွင်းမှ ကမ်းပေါ်သို့ ရောက်လာပုံပင်၊ သို့ပေမင့်လို့ ကျွန်တော့်မျက်လုံးအစုံကို အားယူဖွင့်လို့လည်း မရပါချေ။

"ကိုပိုက်·· ကိုပိုက်···"

သို့ပေမင့် ခေါ်သံကိုတော့ သဲသဲကွဲကွဲကြားရချေတော့၏။

မျက်လုံးကို အားယူဖွင့်လှစ်ရန် ကြိုးစားနေဆဲ ကျွန်တော်၏ ခန္ဓာကိုယ်ကို လှုပ်ခတ်လေသဖြင့် ကျွန်တော့် မျက်လုံးအစုံ ဖွင့်လိုက်ရချေတော့၏။

ကျွန်တော် ပထမဆုံးမြင်လိုက်ရသည်မှာ စိုးရိမ်ကြောင့်ကျစိတ်ဖြင့် ကျွန်တော့်အား ငုံ့ကြည့်နေသော မျက်နှာ (၂)ခု ဖြစ်ချေ၏။

ကျွန်တော်နှင့် ရင်နှီးပြီးမျက်နှာများဖြစ်ချေ၏။ သို့ကြောင့်

"ကိုလင်း"

"တာပု"

ကျွန်တော်ဝမ်းသာမိချေ၏။ သို့ဆိုသလိုလည်း နှုတ်မှ

ခေါ်လိုက်မိ၏။

"ကိုပိုက်‥ ကိုပိုက်…သတိရလာပြီလား…"

"အင်း"

"တော်သေးတယ်ဗျာ‥ ရေထဲမယ် မနည်းလိုက်ရှာရတယ်။ ကိုပိုက်က ရေမကူးတတ်ဘူးပဲ‥"

လင်းမြင့်လှိုင်က သို့ပြောလာလေ၏။

"ကိုလင်းတို့ရေထဲကနေ ကျွန်တော့်ကို ဆွဲခေါ်လာတာပေါ့"

"ဟုတ်တယ်လေ"

"ဟင်‥နို့ဖြင့်‥မိကျောင်းကြီးကော မတွေ့ကြဘူးလား"

သို့ကျွန်တော်မေးလိုက်သည်ကြောင့် လင်းမြင့်လှိုင်နှင့် တာပုသည် ကျွန်တော့်အား လူထူးလူဆန်းသဖွယ် ကြည့်လာကြချေ၏။

"ဘာကြောင့်ကြည့်နေတာလဲ‥ မိကျောင်းကြီးနဲ့ မတွေ့ကြဘူးလား ။ ကျွန်တော်ကို ကိုလင်းတို့ အချိန်မီလာကယ်နိုင်လို့ တော်သေးရဲ့"

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

"ဘုရားရေ‥"

လင်းမြင့်လှိုင်ကော တာပုပါ သို့ဆိုသလို ဘုရားတလာကြပြီ။

"ကိုပိုက် ဘာတွေပြောနေတာလဲ"

သို့ကြောင့် ကျွန်တော်က

ထဘီရင်လျားဖြင့် အမျိုးသမီးသုံးယောက်ကိုတွေ့၍ ကျွန်တော် လိုက်သွားရာမှ ရေအိုင်ကြီးတစ်ခုသို့ ရောက်သွားပုံ၊ ထိုရေအိုင်အစပ်တွင် ကျွန်တော်ရပ်နေစဉ် ကျွန်တော့်အား မိကျောင်းကြီးမှ တိုက်ခိုက်သဖြင့် ရေအိုင်အတွင်း ကျခဲ့ရပုံ။ ရေနစ်နေစဉ်



လင်းမြင့်လှိုင်လာရောက်ဆွဲတင်၍ ယခုသို့ ကမ်းပေါ် ရောက်ခဲ့ပုံ ကို ပြောပြလိုက်သည်တွင်မတော့ လင်းမြင့်လှိုင်က ကျွန်တော့်အား နားမလည်နိုင်စွာ ကြည့်လာချေပြီး

"ဘုရားရေ‥ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ ဖောင်စီးလာကြတာ ချောင်းစောက်နားရောက်တော့ ကိုပိုက်ကြောက်လန့်နေတာလေ။ အဲဒီအချိန်မှာပဲ ဖောင်က ချောင်းစောက်ထဲ ထိုးဆင်းသွားချိန်မှာ ကံဆိုးစွာနဲ့ ဝါးဖောင်ကြိုးပြေ ဝါးတွေ ပြန့်ကျဲသွားပြီး ကျွန်တော်တို့ အားလုံးရေနစ်သွားကြတယ်။ ကျွန်တော်နဲ့ တာပုက ရေကူးတတ်တော့ ကမ်းပေါ်တက်နိုင်ခဲ့ကြပေမင့် ကိုပိုက်ရေထဲ ကျန်ခဲ့တယ်လေ။ နို့ကြောင့် ကျွန်တော် ဆင်းဆယ်ခဲ့ရတာ…"

"ဗျာ‥ အလိုလေး၊ဗျာ"

သို့ဆိုလျှင် ကျွန်တော် စိတ်ကယောက်ကယက်ဖြစ်နေသည်များလား။

ကျွန်တော် ပက်လက်အနေအထားမှ အားယူထ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

"ဟုတ်ပါ့‥ကျွန်တော်ချောင်းစပ်တွင် ရှိနေခြင်းပါကလား။ လင်းမြင့်လှိုင်၊ တာပုနှင့် ကျွန်တော်တို့ သုံးယောက်လုံး ရေစိုရွှဲလို့ နေကြချေ၏။

ချောင်းအထက်ဘက်လောက်တွင် ရေတံခွန်ကဲ့သို့ အမြင့်နေရာမှ အနိမ့်သို့ ချောင်းရေတို့ စီးကျနေသည်ကို တွေ့ရ၏။ ရေကျသံ တဝေါဝေါကိုလည်း ကြားရချေ၏။

"ဟိုရှေ့က ချောင်းစောက်ပေါ့၊ ကျွန်တော်တို့ အဲဒီကနေ ဖောင်ထိုးအဆင်း ဝါးအစည်းပြေသွားတာ။ သုံးယောက်စလုံး ရေနစ်

သွားတာလေ. ."

သို့ဆိုတော့မှ ကျွန်တော် အဖြစ်မှန်ကို သိလိုက်ရချေတော့၏။

ကျွန်တော်ရေနစ်မျောသွားရင်း သို့ဖြစ်ပျက်ခဲ့ခြင်းသာလျှင် ဖြစ်ချိမ့်မည်။

"ကံကောင်းတာပေါ့ဗျာ"

သို့သာ ပြောရတော့၏။

"တာပု ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"ငါတို့ သည်လမ်းအတိုင်း ရှာပြန်ကြတာပေါ့"

သို့မှ ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။ တကယ်တော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဖာလာသို့ အမဲပစ်သွားရင်း တာပု၏ ဝါးဖောင်ဖြင့် အပြန်လမ်းကြုံလိုက်ခဲ့ရမှ သို့ဆိုသလို ချောင်းစောက်တွင် ဖောင်အစည်းပြေ ရေနစ်ခဲ့ကြခြင်း ဖြစ်သည်။

"တာပု မင်းဝါးတွေတော့ တစ်လုံးစီ မျောသွားပြီ. ."

"ဘယ်တတ်နိုင်မလဲကွာ . .ပြန့်ခုတ်ရတော့မပေါ့ . .၊ ဆရာလေးတို့ ပြန်ချင်ပြန်ကြတော့လေ။ ငါ ဝါးခုတ်ဖို့ အထက်ပြန်တက်ဦးမယ်"

တာပုက သို့ပြောလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ တစ်ခုခု ပြောချင်သည့် မျက်နှာရိပ် မျက်နှာကဲ အကြည့် ဖြစ်ချေသဖြင့်

"ပြောလေ. . .ကိုပိုက်"

"ကျွန်တော်တို့တာပုနဲ့ လိုက်သွားကြမယ်. .သူ့ကို ဝိုင်းကူ



ကြတာပေါ့. . ."

တာပုသည် မီးလောင်ကုန်းရွာသားဖြစ်ချေ၏။ ကျွန်တော်တို့နှင့် တောတောင်တွင်း လမ်းပြအဖြစ် အမြဲပါလာတတ်သူဖြစ်၏။ သူ့ဝါးခုတ်ကွက်တွင် ရှိနေသည်ကြောင့် သူ့ထံဝင်ကြရင်း ဝါးဖောင်ဖြင့် လမ်းကြုံပြန်လာခဲ့ရာမှ သို့ဖြစ်ရသည့်တွက် တာပုအတွက် စိတ်မကောင်းဖြစ်မိချေ၏။

"ကျွန်တော်တို့ တာပုနဲ့ တောထဲ ပြန်လိုက်ခဲ့မယ် . . ဝိုင်းကူခုတ်ပေးမယ်"

သို့ဆိုတော့ တာပုက တမြုံမြုံနေသော ကွမ်းယာအကြေတို့ကို ဖွီးခနဲ ထွေးထုတ်လိုက်ချေပြီး

"ဖွီလ်"

"ဘယ်လိုဖြစ်မှာလဲကွာ. . ဆရာလေးတို့ ပြန်ကြပါ"

"မဟုတ်တာ. . . တာပုရယ်. .လိုက်ခဲ့မယ်"

"အေးလေ. .နို့ဖြင့်လည်း လိုက်ကြပေါ့ . . ငါ ဝါးခုတ်ကွက်ထဲမယ် တောဝက်တွေပေါတယ်ကွ"

"အတော်ပေပဲပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် တာပုနှင့်အတူ သူ၏ ဝါးခုတ်ကွက် ကြခတ်မြောင်သို့ လိုက်သွားကြချေတော့သည်။

လမ်းတွင် ကျွန်တော်တို့ တစ်ထောက်နားလိုက်ကြ၏။ သို့ရှိစဉ် ကံအားလျော်စွာပင် မျောက်ကောင်ကို တွေ့လိုက်ကြသဖြင့် လင်းမြင့်လှိုင်က ပစ်လိုက်ချေတော့၏။

"ဒိန်း"

"ငါသည်မျောက်ကို မျောက်ချေးခါး လုပ်ပေးမယ်"

တာပုက သို့ပြောပြီး မျောက်ကောင်ကို ဆွဲယူသွားချေ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အင်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်လျက် နားနေကြ၏။ တာပုမျောက်ကောင်ဖျက်နေစဉ် လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားလေး ထုတ်ပေးလာချေ၏။

ကျွန်တော်လှမ်းယူ တစ်ငုံသောက်ပြီး ပြန်ပေးလိုက်၏။

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုနေရာ အနီးပတ်ဝန်းကျင်ရှိ သစ်ကိုင်းခြောက်၊ ထင်းတုံးခြောက်တို့ကို လိုက်လံစုဆောင်းလိုက်ကြတော့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော် 'လူချင်းဝေးသွားကြ၏။

သစ်ကိုင်းခြောက်တစ်ခုတွေ့သည်ကြောင့် ကျွန်တော် အားရဝမ်းသာ ကိုင်းခြောက်ရှိရာသို့ ပြေးသွားလိုက်၏။

"ဟင်"

ကျွန်တော် ထိုသစ်ခြောက်ကိုင်းကြီးနားသို့ မရောက်မီ အနီးရှိ ကျွန်ပင်ကြီးနောက်ကွယ်မှ ပြေးထွက်သွားသည့် ခြေသံကြောင့် ကျွန်တော် လက်တွင်းရှိ သေနတ်ဖြင့် ပစ်ခတ်ရန် ကပျာကသီ ကြည့်လိုက်၏။

"ဟာ"

ကျွန်တော်မြင်လိုက်သည်မှာ ဟုတ်ပါလေစဟုပင် မှတ်ယူလိုက်ရ၏။

ကျွန်တော်မြင်လိုက်သည်ကား အမျိုးသမီး တစ်ယောက်ဖြစ်ချေ၏။ ထဘီရင်လျားနှင့် ဖြစ်ချေ၏။



ကျွန်တော် သူမကို ငေးကြောင်ကြည့်နေမိ၏။ သူမပြေးလွှားရင်းခေါင်းထက်မှ တစ်စုံတစ်ရာ ပြုတ်ကျခဲ့သည်ကိုလည်း မြင်လိုက်ရ၏။

ကျွန်တော် သူမအား မျက်စိတစ်ဆုံး ကြည့်နေရာမှ သူမပြေးသည့်ရှေ့တွင် အမျိုးသမီး နှစ်ယောက် သူမကို စောင့်နေသည်ကိုတွေ့လိုက်ရပြန်၏။

ဘုရားရေ…

ကျွန်တော် အိပ်မက်မက်နေခြင်းများလား။ ကျွန်တော်ချောင်းစောက်တွင် ရေနစ်စဉ်က တွေ့လိုက်ရသည့် အမျိုးသမီးသုံးယောက်ပါကလား။

သူမတို့သုံးယောက်ဆုံမိလေသည်တွင် ထိုနေရာမှ ပြေးထွက်သွားကြတော့၏။ ကျွန်တော် မျက်စိကိုပင် ကျွန်တော် မယုံနိုင်ဖြစ်မိ၏။ ဟုတ်ကော ဟုတ္တွ်ပါရဲ့လား… ကျွန်တော်စိတ်ထင်နေသည်များလား…။

သို့ဆိုတော့ ကျွန်တော် လုပ်ရန်တစ်ခုကို သိလိုက်၏။ သူမပြေးလွှားသွားစဉ် ခေါင်းမှ ပြုတ်ကျခဲ့သော အရာကို သွားရှာလျှင်ရှင်းရှင်းလင်းလင်းသိရပေရော့မည်။ သို့ကြောင့် ကျွန်တော်သည်ထိုနေရာလေးသို့ ပြေးသွားလိုက်၏။

မြေပြင်တွင် ဝါးရွက်၊ သစ်ရွက်ခြောက်တို့ ရှိနေချေသည်ပြင် မြက်ရိုင်းပင်ခြောက်များရှိနေလေသဖြင့် မည်သည့်အရာမျှ မတွေ့မိပါချေ။ မဟုတ်သေးပါဘူး။ သေသေချာချာ တွေ့လိုက်သည်ပဲ။ ကျွန်တော်သည် ထိုဝါးရွက် သစ်ရွက်ခြောက်တို့ကို သေနတ်ပြောင်းဖြင့်

ထိုးကော်ဖယ်ရှားလိုက်ချေ၏။ သို့ဆိုတော့

"ဟင်"

တွေပြီ‥ ထိုသည်ပဲ ဖြစ်လိမ့်မည်။ နီနီရဲရဲ ပန်းပွင့်ကြီး တစ်ပွင့် ဖြစ်ချေ၏။ ခေါင်းရန်းပန်းနှင့်တော့ တော်တော်ဆင်ချေ၏။

ကျွန်တော် ထိုပန်းနီနီကို ကောက်လိုက်၏။ အံ့ဖွယ်ကောင်းသည်မှာ နမ်းကြည့်သည်တွင်မတော့ မည်သည့် ရနံ့မျှ မရပါချေ။ ပန်းပွင့်ပေပဲ ရနံ့တစ်မျိုးတော့ ရှိသင့်သည်ပေါ့‥။

ကျွန်တော်ထိုပန်းနီနီကို ကိုင်လျက် ရပ်စဉ်းစားနေစဉ်

"ဟိတ်လူ‥ကိုပိုက်"

သို့ အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင် ဖြစ်ချေတော့၏။

"ကိုပိုက် ပန်းပွင့်ကြီးကိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ"

သို့ဆိုတော့ ကျွန်တော်က အမျိုးသမီး သုံးယောက် အကြောင်းကို ပြောပြလိုက်တော့၏။

သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေး ပေါ်ရုံပြုံးလိုက်ချေပြီး

"ဟင်း‥ဟင်း‥ဟင်း‥ဟင်း‥ ကိုပိုက်ရယ်‥ ချောင်းစောက်ကကျက်တည်းက တစ်မျိုးကြီးဖြစ်နေပါကလား‥ အဲဒီ ပန်းပွင့်က ကျွန်တော်သည်ရောက်ခဲ့တုန်းက တွေ့ခဲ့ပါတယ်ဗျာ‥။ ကျွန်တော် လည်း သည်ကိုင်းခြောက်ကြီးကို သယ်လို့လို့ နောက်တစ်ခေါက် ပြန်လာတာဗျ‥ ကိုပိုက်နဲ့ တန်းတွေ့တာပဲ‥"

"ဗျာ"

"ဟင်"



ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားမိချေတော့၏။

"ကိုလင်း တကယ်ပြောတာလား"

"ဘာကိုပြောတာလဲ ကိုပိုက်"

"အော် သည်ပန်းနီနီကို ကိုလင်းခပ်စောစောပိုင်းကတည်းက သည်မှာ တွေ့ခဲ့တယ်ဆိုတာလေ‥"

"အာ ဟုတ်ပါတယ် ‥ကျွန်တော်က ကိုပိုက်ကို နောက်ပြောင် ပြောရမှာလားဗျာ‥တကယ်ပါဗျာ‥"

သို့ဆိုတော့ ကျွန်တော် ရှုးချင်စိတ်ပင် ဖြစ်မိချေတော့၏။

"ဘယ်လိုဖြစ်ရတာတုံး‥"

ကျွန်တော် ရူးနေသည်များလား။ ကြောင်နေသည်များလား။ အိပ်မက်တော့ဖြင့် မဖြစ်နိုင်။

"ကျွန်တော် ဘယ်လို နားလည်ရမလဲတောင် မသိတော့ပါဘူးဗျာ‥"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ခပ်ယဲ့ယဲ့ပြုံးပြလာချေပြီး

"လာပါဗျာ‥ဒါတွေက ဖြစ်တတ်တဲ့ သဘောပါဗျာ‥ကဲ ကဲ‥ ထားပါ။ စခန်းတဲဆီ သွားကြစို့"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စခန်းနေရာကသို့ ပြန်ခဲ့ကြ၏။

သစ်ကိုင်းခြောက်ကြီးကိုလည်း သယ်လာကြချေ၏။

တာပုတစ်ယောက်တည်း ကျွန်တော်တို့ကို စောင့်နေချေ၏။ မျောက်ကောင်ကို အကောင်လိုက် တံစို့ထိုးထားပြီး ဖြစ်ချေ၏။ ပြီးတော့ ဓါးဘူးဖြင့် မျောက်ချေးအူနှမ်းများကိုလည်း အရံသင့်လုပ်ထားပြီး ဖြစ်၏။

မျောက်ချေးခါးလုပ်ရန်အတွက် သူဝါးဘူးဖြင့်ပင် ကျိုချက်ပေးရေမည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သယ်လာသော ထင်းခြောက်တို့ကို စုပုံ၍ ထင်းမီးပုံ ဖန်တီးလိုက်၏။

တာပုတစ်ယောက် မျောက်ချေးခါးလုပ်ရင်း မျောက်ကောင်ကို မီးကင်ထားလိုက်၏။

"ကိုပိုက်‥ရော့ချေဗျာ"

သူကမ်းပေးလာသည့် ဝိစကီပုလင်းပြားလေးကို လှမ်းယူပြီးနောက် မော့သောက်လိုက်ချေတော့၏။ ပြီးနောက် လင်းမြင့်လှိုင်အား ပြန်ကမ်းပေးရင်း‥

"ကျွန်တော် ကြောင်သွားပြီထင်ပါရဲ့ဗျာ‥" လို့ ပြောလိုက်၏။

"အဲ့ဒီလိုလည်း မဟုတ်လောက်ပါဘူး။ ကိုပိုက်က စိတ်ကူးယဉ် သမားပေပဲဗျာ‥နို့ကြောင့် အတွေးကို အမြင်လို မြင်တွေ့ရတာဖြစ်မပေါ့‥‥"

"ပြောတတ်ပေဘူးဗျာ‥"

သို့မှ ကျွန်တော်တို့သည် ကညင်းပင်ကြီးအောက်ခြေတွင် ခြေပစ်လက်ပစ်ထိုင်အနားယူရင်း မျောက်ကောင်မီးကင် အကျက်ကို စောင့်နေကြတော့၏။

တာပုတစ်ယောက်ကတော့မှု မျောက်ကောင်မီးကင်ကို လှည့်ပတ်ပေးနေချေ၏။ အကျက်ညီရန်ဖြစ်ချေ၏။

သို့ သူပြုမူနေရင်းမှ –

"ဆရာလေးတို့ သစ်တုံးခြောက် ထင်းခြောက်သွားရှာနေတုန်း ကျွန်တော်မျောက်ကောင်ကို ရေနားက ချောင်းထဲမယ် သွားဖျက်နေတုန်း‥ ချောင်းရေစီးအထက်က ချောင်းကို ဖြတ်လျှောက်သွား



တဲ့အသံကြောင့် လှမ်းကဲကြည့်လိုက်တော့ ဘာမြင်ရတယ်မှတ်လဲ"

"နို့ကတော့ တာပုပြောမှ သိမပေါ့ဗျာ‥"

သို့ ကျွန်တော်က ပြောလိုက်လေ၏။

"မိန်းမ သုံးယောက်ဗျ‥"

"ဘာ"

"ဟင်"

"နေပါဦး‥အဲဒီမိန်းမ သုံးယောက်က ထဘီရင်လျားနဲ့လား‥"

သို့ ကျွန်တော်က ကယောကသီမေးလိုက်၏။ ကျွန်တော့် အမေးကြောင့် လင်းမြင့်လှိုင်က ဘာကို သဘောကျသွားသည်မသိ ပြုံးကာ ကြည့်လာချေတော့၏။

တာပုက ကျွန်တော့်အား ကြည့်၍

"ကြဲကြီးစီရာ‥ဆရာပိုက်ရယ်‥ ဝါးခုတ်စခန်းသွားပြီး ဈေးရောင်းမယ့်သူတွေနဲ့တူပါတယ်‥ ခြင်းတောင်းတွေ ကိုယ်စီနဲ့ဗျ"

"ဟင်"

ကျွန်တော်ထင်သလို မဖြစ်လာသဖြင့် သို့သက်ပြင်းတစ်ချက်ချလိုက်ရ၏။

"ဟင်း‥ဟင်း‥ဟင်း‥ဟင်း‥"

လင်းမြင့်လှိုင်က ကျွန်တော်ဘာစဉ်းစားနေသည်ကို သိလေသဖြင့် သို့ ယဲ့ယဲ့ ပြုံးရယ်မေးလာချေတော့၏။

သို့မှ ကျွန်တော်တို့သည် တောတိုးခဲ့ကြရာမှ တာပု၏ ဝါးခုတ်ဘက်ဖြစ်သည့် ကြခတ်မြောင်သို့ ရောက်ခဲ့ကြတော့၏။

တာပု၏ တဲတွင် ကျွန်တော်တို့ ခေတ္တမျှ နားနေကြပြီးနောက်

တာပုက

"ရေတစ်မြောင်းသွားကြတာပေါ့..၊ အဲဒီမယ့် ဝါးကြောတွေ တင်းနေတာပဲ။ ဘယ်သူမှလည်း ရောက်မလာကြသေးဘူးဆိုတော့ ငါအဲဒီမယ် သွားခုတ်တာပေါ့.."

"ဟုတ်ပြီလေ.."

သို့မှ ကျွန်တော်တို့သည် တာပု၏ ယခင်ဝါးခုတ်တဲ့ပောင်းနှင့် မဝေးလွန်းမနီးလွန်းဟု ပြောရမည့် "ရေငန်" မြောင်းအတွင်း ဝင်ခဲ့ကြတော့၏။

"တာပုရာ သည်မှာ ဖြစ်ပါ့မလား။ ရေမသန့်ဘူးကွ. ရေက အရေးကြီးတယ်လေဗျာ.."

သို့ဆိုသလို ကျွန်တော်က မြောင်းတွင်းရေတို့ ပုပ်စော်နံနေသည်ကို စိတ်ပျက်စွာ ကြည့်ရင်း ပြောလိုက်၏။

"နို့သည်အောက်ပိုင်းမို့ပါ။ ဆရာလေးပိုက်ရယ်။ ငါက အထက်ကိုသွားမှာ.."

ကျွန်တော်တို့သည် ရေငန်မြောင်းအတွင်း လျှောက်ခဲ့ကြရာမှ အထက်သို့ ရောက်လာကြပြန်ခြင်းဖြစ်ချေ၏။ မြောင်းတစ်ဖက်ကမ်းသည် မြေပြန့်ဖြစ်ချေ၏။ ကျွန်းပင်နှင့် ဝါးပင်တို့အပြင် ဇင်ပွန်းပင်တို့လည်း ပေါက်လျက်ရှိချေ၏။ တစ်ပင်တိုင်ဝါးများဖြစ်ခြင်း၊ ကျွန်းပင်ကြီးများဖြစ်ခြင်း၊ ဇင်းပွန်းပင်ကြီးများဖြစ်ခြင်းကြောင့် အောက်ပေါင်းရှင်းလေ၏။

"ငါတို့ အဲဒီမြေပြန့်မယ် စခန်းချတာပေါ့"

တာပုပြောလေသည့်အတိုင်း ကျွန်တော်တို့သည် ထိုမြေပြန့်



လေးတွင် အဆင်ပြေလောက်မည့် နေရာကိုရှာ၍ တဲတစ်လုံး ထိုးလိုက်ချေတော့၏။

လူသုံးယောက် အိပ်ဆန့်သည့် တစ်ဖက်ရပ် တဲလေးဆိုတော့ တဲထိုးလိုက်ချိန်သည် မကြာလိုက်ပါချေ။

"အမိုးအတွက် ရေနွားလောက်မယ် "တောင်ထန်း" ပင်တွေ ရှိတယ်ကွ..ငါသွားချေဦးမယ်.."

တာပုက သို့ပြောပြီး သူ၏ ဝါးခုတ်ဓားမကြီးနှင့် ပလိုင်းကို စလွယ်သိုင်းလျက် ထွက်သွားလေ၏။

"ငါလေးဖားလေးလည်း ရှာခဲ့ချေဦးမယ်"

သို့လည်း ပြောသွားသေး၏။

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဆောက်ပြီး ၀ တဲကြမ်းခင်းပေါ်တွင် ကျောဆန့် လဲလျောင်းလိုက်ကြ၏။

ဝါးစို သင်းရနံ့လေးကြောင့် စိတ်ကြည်နူးမိသေးတော့၏။

သို့မှ ကျွန်တော် မျက်လုံးများ မှေးစင်းလာကာ အိပ်ပျော်သွားလေတော့သည်။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

"ကိုပိုက်..ကိုပိုက်..ထစမ်းပါဦးဗျ..ကိုပိုက်"

သို့အသံနှင့်အတူ ခန္ဓာကိုယ်ကို လှုပ်ခတ်လာသဖြင့် အိပ်ပျော်နေရာမှ နိုးလာရ၏။

"ဘာတုန်း ကိုလင်းရဲ့.."

"ဟိုမယ် တာပုဘာဖြစ်လာလဲမသိဘူး..။ ပြေးလာတယ်ဗျ"

သို့ဆိုတော့ ကျွန်တော် လှမ်းကြည့်လိုက်၏။

အောက်ပေါင်းရှင်းနေရာဖြစ်ပြီး မြေပြန့်ဖြစ်သည်ကြောင့် တာပု တစ်ယောက် ရေးကြီးသုတ်ပြာနှင့် စခန်းနေရာသို့ ဦးတည်ပြေး

လာသည်ကို တွေ့လိုက်ရသဖြင့်

"သူနောက် သားရဲကောင် လိုက်လာလို့ ဖြစ်မယ်"

သို့ဆိုလျက် ကျွန်တော်သည် သေနတ်ကို ကောက်ကိုင်လိုက်၏။ တာပုနောက်မှ ပေါ်လာမည့် အန္တရာယ်ကောင်ကိုတော့ဖြင့် မမြင်မိပါချေ။

"တာပုဘာများဖြစ်လာပါလိမ့်။ သူနောက်မယ်လည်း ဘာကောင်မှ မတွေ့ပါဘူး··"

ကျွန်တော်က ပြောလိုက်၏။

"တာပု ဘာဖြစ်လာတာလဲ·· "

အနားသို့ ကပ်လာပြီဖြစ်သည့် တာပုအား ကျွန်တော် လှမ်းမေးလိုက်၏။

တာပုသည် ကျွန်တော့်အမေးကို မဖြေနိုင်။ မောပန်းကြီးစွာဖြင့် အနားရောက်လာလေပြီးမှ···

"ဟို··ဟိုမယ်··လူတစ်ယောက်·· လူတစ်ယောက်"

ရယ်လို့သာ ထစ်ထစ်ငေါ့ငေါ့ ပြောနေလေတော့၏။သို့ကြောင့်

"လူတစ်ယောက် ဘာဖြစ်လဲဗျာ··ခင်ဗျားကို လိုက်သတ်နေလို့လား"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်ဘူး··တွေ့ခဲ့တာ"

"ဟင်"

"ဘာ"

"လူတစ်ယောက်တွေ့ခဲ့တာပဲ ဆန်းသလားဗျာ·· တာပု



ခင်ဗျား ဘာတွေဖြစ်လာတာလဲ·· ဖြည်းဖြည်း အေးအေးဆေးဆေး ပြောစမ်းပါဗျာ··"

လင်းမြင့်လှိုင်က သို့ပြောလိုက်ချေ၏။ သို့ဆိုတော့မှ

"လူတစ်ယောက် သေနေတာတွေ့လို့"

"ဘာ"

"ဘယ်လို·· ဘယ်လိုဖြစ်လို့ သေနေရတာလဲ··"

"နို့တော့မသိဘူးကွ··သူ မသေခင် အလွန်အမင်း ထိတ်လန့်သွားပုံရတယ်။ မျက်လုံးပြူးသေနေတာ။ ငါလည်း ရုတ်တရက် အဲဒီအလောင်းကောင်ကို တွေ့လိုက်ရတော့ ကြောက်သွားတာပေါ့ကွာ"

"အင်းလေ··တောထဲတောင်ထဲ ပိုးထိလို့လည်း ဖြစ်မပေါ့။ နို့မှမဟုတ်··သွားလာရင်း အားပြတ်တာကြောင့် သေဆုံးနေတာလဲ ဖြစ်မပေါ့။ သည်တော့ ကျွန်တော်တို့ တာပုတွေ့ခဲ့တယ်ဆိုတဲ့ အလောင်းကို သွားကြည့်ကြတာပေါ့··ဘာလို့သေနေလဲ သိထားဖို့ လိုတယ်"

"ငါ့အထင်တော့ သူ ထိတ်လန့်တကြားဖြစ်ပြီး သေဆုံးသွားတာဖြစ်မယ်။ သူဘာကိုများ တွေ့လိုက်လို့ပါလိမ့်။ ငါ သူ့အလောင်းကို ကြည့်နေတုန်း နောက်ဘက် ချုံပုတ်နောက်က လူညည်းသံလိုလိုလည်း ကြားရတာကြောင့် ငါကြောက်လန့်ပြီး ပြန်ပြေးလာတာ။ ဆရာလေးတို့ကို သတင်းလာပို့တာ···"

"နို့ဖြင့် ဖထီ တောင်ထန်းပင်တွေဆီ မရောက်ခဲ့ဘူးပေါ့"

"ဘယ်ရောက်ပါ့မလဲ အဲဒီအလောင်းက ဟိုရှေ့ တောင်ကြောနားလေးမယ် တွေ့ခဲ့တာ။ တောင်ထန်းမင်က အဲဒီကြောပေါ်မှာပေါက်နေတာ··"

"ဟုတ်ပြီလေ··ကျွန်တော်တို့ သေသူကို သွားကြည့်ပြီး တောင်ထန်းတွေကို ခုတ်လာရတာပေါ့··။ အမိုးအတွက် လိုတယ်။ ညကျ နှင်းကျလျှင်ခက်ရချည်ရဲ့··"

သို့ဖြင့် ကျွန်တော် လင်းမြင့်လှိုင်နှင့် တာပုတို့သည် စခန်းနေရာမှ ထွက်ခဲ့ကြပြန်တော့၏။ လမ်းပြတာပုက ရှေ့မှ သွားနေချေ၏။

သို့သွားရင်းမှ လွန်စွာမှ ကြီးလှသော ဖွတ်ကြီးတကောင်ကို တွေ့လိုက်ရသဖြင့် လင်းမြင့်လှိုင်က အံလွတ်မပေ။ သူ့လက်တွင်ရှိ သေနတ်ဖြင့် (SNAP SHOP) ပစ်လိုက်ချေတော့၏။ လင်းမြင့်လှိုင်ပေပဲ။ သားကောင်လွတ်ရိုး မရှိသလောက် မဟုတ်ပါကလား။

ဖွတ်ခေါင်းတော့ ကြေမွသွား၏။

တာပုက သူ၏ ပလိုင်းတွင် ဖွက်ကောင်သေကို ထည့်လိုက်၏။

သို့မှ ကျွန်တော်တို့ တာပုနောက် ကပ်လိုက် တောတိုးခဲ့ရာမှ မကြာလိုက်သော အချိန်ကလေးတွင် တောင်ကြော့ရှည်လေးတစ်ခုသို့ ရောက်ခဲ့ကြ၏။

"သည်ကြောစွယ်အနားမှာတွေ့တာ"

တာပုက ပြောပြီး ထိုကြောစွယ်ပေါ် တက်သွားလေသဖြင့် ကျွန်တော်တို့သည် လိုက်တက်သွားကြ၏။

ထိုတောင်ကြောစွယ်ပေါ်တွင် ချုံပုတ်ပင်နှင့် ကြိမ်အုံပင်တို့များစွာ ပေါက်ရောက်လျက်ရှိချေ၏။

"သည်ချုံပုတ်ပင် ရှေ့နားပေါ့··ဟာ"

တာပုတစ်ယောက် အာမေဋိတ်သံ ထွက်သွားခြင်းအားဖြင့် သူတစ်ခုခု လွဲချော်နေပြီဖြစ်ကြောင်း သိလိုက်လေသဖြင့်



"ဘာလဲ လမ်းမှားလာတာလား··"

သို့ ကျွန်တော်မေးလိုက်၏။

"မမှားဘူး သည်နေရာပဲ··အလောင်းဘယ်ရောက်သွားလဲ မသိဘူး"

"ဟော့"

"ဟင်"

"ဟုတ်ကောဟုတ်ရဲ့လား·· တာပု လမ်းမှားလာတာများလား·· နို့မှမဟုတ်·· အလောင်းကောင်ကို မရှိဘဲ တွေ့တယ်ထင်လာလို့လား·· တောခြောက်ခံရတာများလား··"

ကျွန်တော်က မေးလိုက်၏။

သည်တွင် တာပုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ချေပြီး

"မဟုတ်သေးပါဘူး။ သည်နေရာမှာတွေ့တာ။ ပက်လက်အနေအထားသေနေတာ။ မျက်လုံးကြီးပြူးထွက်နေတာကြောင့် ငါကြောက်လန့်ပြီး ပြန်ပြေးခဲ့တာ··"

တာပုက သို့လည်းပြော မြေပြင်သို့လည်း တစ်စုံတစ်ရာကို တွေ့လိုတွေ့ငြား ရှာဖွေနေလေ၏။

သို့မှလည်း

"ဟာ··သည်မယ် ပန်းနီနီတစ်ပွင့်ပါကလား··။ စောစောက သည်နေရာမယ် အလောင်းကောင်တွေ့တယ်။ ဟော ခုအလောင်းမတွေ့တော့ဘူး။ နို့ပေမင့် ပန်းနီနီတစ်ပွင့်တော့ တွေ့တယ်"

သို့ဆိုတော့ ကျွန်တော် လွန်မင်းစွာ စိတ်ဝင်စားခဲ့ရချေတော့၏။

"ပြဝမ်း ခေါင်ရမ်းပန်းလေးလိုပဲ··"

"အင်း ကျွန်တော် ရေအိုင်နားမယ်တွေခဲ့တဲ့ အမျိုးသမီး သုံးယောက်ကလည်း ပန်းနီနီတစ်ပွင့်ဆီ ပန်ထားကြတယ်ဗျာ··။ ခု သည်ပန်းပိုင်ရှင်ကလည်း ဘယ်သူဖြစ်မလဲ မသိဘူး··။ ဘယ်လိုလုပ် သည်ရောက်လာရတာလဲ··"

သို့ ကျွန်တော်က မေးလိုက်လေ၏။

"ဘယ်ကနေ ဘယ်လိုရောက်လာတာမဟုတ်ဘူး။ ကျိုပ်ခေါင်းပေါ်က ပြုတ်ကျခဲ့တာ··"

"ဟာ"

"ဟင်"

"အို"

သို့အသံနှင့်အတူ အသက်အားဖြင့် သုံးဆယ်ပင် မပြည့် တတ်သေးသည့် လုံးကြီးပေါက်လှ ညိုချောဟု ဆိုရချိမ့်မည့် အမျိုး သမီးတစ်ယောက်ကို တွေ့လိုက်ချေတော့၏။

အလိုလေးဗျာ··ရှည်လျားနေသော ဆံကေသာကို ကျောမှ ဖြန့်ခင်းချထားသည်မှာ ဒူးကောက်ကွေးထိဖြစ်ချေ၏။ ဝတ်ရုံနက်ကြီး ကျောတွင်လွှားထားသလားဟုပင် ထင်ရသေးတော့၏။

သူမ၏ လက်ထဲတွင်မတော့ လေးကိုင်းတစ်ချောင်းကို တွေ့ရ၏။ စလွယ်သိုင်းထားသည့် မြားဗူးတွင်းမှ မြားတံတို့ကို စေ့စေ့ ကြည့်ရင်း

"မင်းဘယ်သူလဲ အမဲလိုက်နေတာလား"

ကျွန်တော်က မေးလိုက်၏။

"အဲလိုထင်လို့လည်း ရတယ်·· ဟုတ်တာလည်း ဟုတ် · မဟုတ်ဘူးဆိုလည်း မဟုတ်ပြောလို့ရတယ်··နို့ပေမင့် ရှင်တို့နဲ့



ပင့်ပကွ မဖြစ်ချင်ဘူး·· "

သို့သူမက ထူးထူးဆန်းဆန်းပြောလာချေတော့၏။

"အင်း··နို့ဆိုလျှင်ဖြင့် မေးတာကို မှန်မှန်ဖြေစေချင်တယ်"

လင်းမြင့်လှိုင်က သို့ပြောပြီး သူမကို စိုက်ကြည့်နေလေ၏။

သူမကို ကျွန်တော်ကြည့်ရင်းစဉ်းစားမိသည်မှာ မြို့ပြတွင် သူမ ရှိပါက လှယဉ်ကျေးမယ်ဝင်ရွေးလို့ရ၏။ အရပ်အမောင်းကောင်း ၏ ခန္ဓာကိုယ်အချိုးအစားပြေပစ်လှ၏။ ဖောင်းတန်ဖောင်း မို့တန်မို့ သွယ်တန်သွယ်·· အသားလေး ညိုသည်တစ်ခုသာလျှင် အပြစ်ဆို ဖွယ်ရှိချေ၏။ အတုအယောင်မဟုတ်သော မျက်ခုံးထူထူအောက်မှ မျက်လုံးအစုံသည် သမင်မ မျက်လုံးလေးဟုပင် ထင်မှတ်လောက် ချေ၏။ မျက်တောင်လေး ပုပ်ခတ်ပုတ်ခတ် လုပ်နေသည်ကြောင့် မျက်တောင်ကော့ကြီးများကို သတိထားမိချေတော့၏။ အတုမဟုတ် သည်သေချာ၏။

အသားညိုသည်ဆိုပေမင့် သူမ၏ မျက်ဝန်းသည် ရွှန်းလဲ့ လို့နေချေ၏။ သူမထံမှ အပြုံးတစ်ခု ကျွန်တော် မျှော်လင့်မိ၏။ ယခု တည်တည်တံ့တံ့ ဆိုလေတော့။ သူမ၏ အလှကို အပြည့် အဝ မခံစားရသလို ဖြစ်မိ၏။

"မေးတာ ဖြေဦးလေ···"

လင်းမြင့်လှိုင်က သူမအား လေသံပြတ်ပြတ်ဖြင့် မေးလိုက် သည်။ သို့ သူမက ဘယ်လို သဘောပေါက် နားလည်သွားသည် မသိ။

ရွှံပြုံးလေးပြုံးလိုက်ချေပြီး -

"အမဲလိုက်နေတယ်လို့ပဲ ဖြေပါ့မယ်" လို့ ပြောလာလေ

တော့၏။

"ဘာလဲ မယုံဘူးလား"

ကျွန်တော် သူမအမဲလိုက်နေခြင်းဆိုသည်ကို မယုံကြည်လေသဖြင့် သူမအား တွေတွေကြီး ကြည့်နေလေခြင်းကြောင့် သူမအား သို့မေးလာလေတော့၏။

"ယုံတာမယုံတာထက် အရေးကြီးတာ တစ်ခု မေးချင်သေးတယ်"

"မေးလေ"

"သည်နားက အလောင်းဘယ်ရောက်သွားလဲ‥"

တာပုက သို့ ဝင်မေးလေခြင်း ဖြစ်ချေ၏။ သည်တွင် သူမက တာပုအား စိုက်ကြည့်နေရာမှ‥

"ဟား‥ဟား‥ဟား‥ဟား‥ဟား‥ဟား‥ဟား" ၍ အားပါးတရ ရယ်မောလိုက်ချေပြီး

"ရှင် ယောက်ျားကြီးတန်မဲ့ လူသေအလောင်းတွေ့တာနဲ့ တစ်ခါတည်း ထွက်ပြေးသွားတော့တာပဲ‥ ဟင်း‥ ဟင်း"

အလိုလေးဗျာ‥ သို့ဆိုတော့ တာပုတွေ့လာသည့် အလောင်းဆိုသည်မှာ တကယ်ရှိနေခြင်းပါကလား။ ပြီးတော့ သည်အလောင်းနှင့် သူမ ဘယ်လိုပတ်သက်နေပါလိမ့်။ ခု အလောင်းဘယ်ရောက်သွားပြီလဲ‥။ သူမပြောပုံအရ အလောင်းက တာပုတွေ့လိုက်ချိန်၌ သူမထိုနေရာတစ်ဝိုက်တွင် ရှိနေပေလိမ့်မည်။

"နို့ဖြင့် အလောင်းနဲ့ ဘယ်လိုပတ်သက်လဲ။ ခုအလောင်းဘယ်ရောက်သွားပြီလဲ‥၊ ဘာလို့ သည်နားမယ် သေနေရတာလဲ"

လင်းမြင့်လှိုင်က သို့ဆိုသလို မေးလေသဖြင့်



"အမလေးရှင် မေးခွန်းတွေကလည်း များလိုက်တာ။ ဟုတ်ပါပြီ‥‥ ကျုပ်ဖြေပါ့မယ်‥ ရှင့်လိုတော့ ဇယ်ဆက်သလို မမောနိုင် မပန်းနိုင် မပြောနိုင်ဘူး။ ဖြည်းဖြည်းပဲပြောမယ်‥ဟုတ်ပလား"

"ဟုတ်ပါပြီ"

"သည်အလောင်းက ကျုပ်ပိုင်တဲ့အလောင်း"

"ဗျာ"

"ဘယ်လို"

ဘုရားရေ‥ သူပိုင်အလောင်းဆိုပါကလား။ နားမလည်နိုင်ပါတော့ချေ။

"မင်းပိုင်တဲ့အလောင်းဆိုတာ မင်းဘာကိုပြောချင်တာလဲ"

ကျွန်တော်က မေးလိုက်၏။

"ဟင်း‥ဟင်း‥ရှင်းရှင်းလေးပါ။ ကျုပ်ပိုင်တဲ့ အလောင်းဆိုတာ သေတဲ့သူက ကျုပ်ရဲ့ ယောက်ျားလေ"

"ဗျာ"

"ဟင်"

"အို"

သို့ဆိုတော့လည်း ရှင်းလို့ပါကလား။ ဟင်း‥ဟင်း‥ဟုတ်တာပေါ့‥သူ့ယောက်ျားအလောင်းဆိုတော့ သူပိုင်အလောင်းပေါ့။

"ဟုတ်ပါပြီ‥ဘာလို့သေရတာလဲ‥"

"ဘာလို့ သေရတယ်ဆိုတာ ကျုပ်က ဆရာဝန်မဟုတ်တော့ မသိဘူး‥။ ကျုပ်ပြောနိုင်တာကတော့ သူဘယ်လိုသေသွားရလဲဆိုတာ သိတယ်"

"နို့ဖြင့်ပြောပါဦး"

"အသက်ရှုကြပ်တယ်။ ကြပ်တယ်ဆိုပြီး မျက်လုံးမျက်ဆန်ပြူးပြီး လဲကျသွားရာက အသက်ပါ ပါသွားတာပေါ့"

"ဟင် နို့ဖြင့် သည်အလောင်းကို ငါတွေ့တော့ မင်းဘာလို့ သည်နားမယ် မရှိတာလဲ··"

တာပုက မေးလေ၏။

"အလိုလေးနော်·· ကျုပ်က လူသေကောင်ကြီးနားက မခွာဘဲ တချိန်လုံး ထိုင်စောင့်နေရမှာလား။ ကျုပ်ကအကူအညီလေး ဘာလေး သွားမတောင်းသင့်ပေဘူးလား··"

"အော် ဟုတ်ပြီ··သူနဲ့မင်း နှစ်ယောက်တည်း ရှိတဲ့အချိန် ဆုံးသွားတာဆိုတော့ မင်းက အကူအညီသွားတောင်းရမှာပေါ့"

"ဟုတ်တာပေါ့ရှင်··နို့ကြောင့် ကျုပ်အနားဝန်းကျင်လူရှိလို ရှိငြား လိုက်ရှာနေတဲ့အချိန် ပြန်အလာ ရှင့်ကို တွေ့လိုက်တာ။ ရှင့်ကို တွေ့လိုက်တဲ့အချိန်မှာ ကျုပ်ရှင်ကိုတောင် ဒေါသထွက်သွားမိသေးတယ်"

"အလိုလေးဗျာ·· ဘာလို့လဲ"

တာပုက နားမလည်နိုင်စွာဖြင့် မေးလိုက်လေ၏။

"စဉ်းစားကြည့်လေ··ခပ်စောစောက ရောက်လာပါလား။ ကျုပ်အချိန်ကုန် အမောခံပြီး အဝေးကြီးမှာ လူသွားရှာရတာ။ ရှင်က ကျွန်မသွားမရှာခင် ရောက်လာတော့ ဘာဖြစ်မှာတုံး··"

ဘုရားရေ·· ဘယ်လိုမိန်းမပါလိမ့်··။

"အင်း··ဟုတ်ပါပြီ··လူရှာတာတွေ့လား··"

"တွေ့တာပေါ့··ကံကောင်းချင်တော့ ကျုပ်တို့ရွာက လူတွေလေ ·· နို့ဆိုတော့ သူတို့ကို အကျိုးအကြောင်းပြောပြ အလောင်းကို



ရွာပြန် သယ်သွားကြတာပေါ့"

"ဟင်· နို့ဖြင့် မင်းက ဘယ်လိုလုပ် ခုတော့ တစ်ယောက်တည်းဖြစ်နေရတာလဲ ··· အလောင်းနဲ့ တစ်ပါတည်း လိုက်မသွားဘူးလား"

လင်းမြင့်လှိုင်က သူမအား သင်္ကာမကင်းစွာဖြင့် မေးလေ၏။

"ရှင် သည်မေးခွန်းကို မေးမယ်ဆိုတာ သိပါတယ်။ ကျုပ်ကလည်း အကျိုးအကြောင်း ဆီလျော်စွာ ဖြေပေးပါမယ်"

သူမက သို့ပြောပြီး လင်းမြင့်လှိုင်အား မျက်လုံး တစ်ချက်ဝေ့ ကြည့်လိုက်ကာ ယဲ့ယဲ့ပြုံးလိုက်ချေပြီး

"ကျုပ်ယောက်ျားက ကျုပ်ကို အမှတ်တရပေးထားတဲ့ သည်ပစ္စည်းလေး ကျကျန်ခဲ့လို့ လာပြန်ရှာတာလေ။ သူပေးထားတဲ့ အမှတ်တရ ပစ္စည်းကို ကျုပ်က လက်လွတ်စပယ် ထားခဲ့လို့ ဖြစ်ပါ့မလား။ ကျုပ်အဲ့လို မလုပ်တတ်ဘူး။ သူမြတ်မြတ်နိုးနိုးပေးခဲ့တာပဲ။ ကျုပ်ကလည်း မြတ်မြတ်နိုးနိုးသိမ်းထားသင့်တာပဲ"

သို့ပြောရင်း သူမလက်တွင်းမှ ပစ္စည်းလေးကို ထိုးပြလာချေ၏။ ဘုရားရေ· ရွှေခွဲကြိုးလေး တစ်ကုံးပါကလား။ ရွှေရောင်လဲလော့ကတ်သီးလေးဖြင့် ဖြစ်ချေ၏။

ဘုရားရေ·· ဒေါ်လှ မမြင်ပေလို့ပဲ။ ဟင်း··ဟင်း·· ညာတတ် မြို့သူဖြစ်ပါလျှင် ကဗျာပင် စပ်ပြလေရော့မလား မသိပါချေ။

သို့ အတွေးကြောင့် ကျွန်တော် သူမကို သဘောကျ ကြည့်လိုက်ကာ ပြုံးမိတော့၏။

"ရှင် ကျုပ်ကို သဘောကျလို့ ပြုံးမိတာလား"

ဘုရားရေ…ကျွန်တော်သူမအပြောကြောင့် ထိတ်လန့်သွားမိ၏။

လင်းမြင့်လှိုင်ကတော့မူ ကျွန်တော့်အား ပြုံး၍ ကြည့်လာချေ၏။

တာပုက ဟားတိုက်ရယ်မောလိုက်ပြီး

"ဟား…ဟား…ဟား…ဟား… ဆရာလေးပိုက်တော့ ထိပြီကွ… ဟင်း…ဟင်း… မေးနေတယ်လေ…။ ပြောလိုက်ပါလား။ သူမကို သဘောကျလို့ ပြုံးနေတာလားတဲ့လေ…"

"တာပု မင်းပေါက်ကရစကားတွေ မပြောစမ်းနဲ့ကွာ… တကယ်တည်း…"

သို့ဆိုသလို ကျွန်တော် ရှက်ကိုးရှက်ကန်းဖြင့် တာပုကို မဲ၍ ပြောလိုက်ရချေတော့၏။

"ဟုတ်ပါပြီ…မင်းတို့ရွာ ဘယ်မလဲ"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"ရွာ…ဟုတ်လား"

"ဟုတ်တယ်လေ…မင်းတို့နေတဲ့ရွာ…ဘာရွာလဲ"

"ဟင်း…ဟင်း ရွာလို့ပဲပြောရမှာပေါ့နော် … ကျုပ်တို့နေရာက ဟိုရေ့တောင်ကြောလေးတစ်ဖက် မြေပြန့်မယ်။ ရှင်းရှင်းပြောရလျှင် တဲစုလေးပေါ့… ။ ရွာလို့တော့ မဟုတ်သေးပါဘူး။ ကျုပ်တို့နေတဲ့ နေရာလေးမယ် လူကြီးမရှိဘူး။ လူသားအချင်းချင်း ချုပ်ချယ်ထိန်းချုပ်တဲ့သူ မရှိဘူး။ အားလုံး ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ်နေကြတာပဲ…။ အားလုံးက အသက်မွေးဝမ်းကြောင်းအနေနဲ့ အမဲလိုက်ကြတယ်…။ အားလုံးအမဲလိုက်မုဆိုးတွေဆိုတော့ ကျုပ်တို့တွေ



နံ့စွဲဝဆိုသလို အသားချည်း စားနေကြရတာ ငြီးငွေ့တယ်။ နို့ကြောင့် ကျုပ်ကလည်း ကျုပ်ယောက်ျားအမဲရှာထွက်တုန်း အသီးအရွက်ရှာခူးဖို့လိုက်လာရင်း ခုလို ယောက်ျားဖြစ်သွားရတာ…"

သို့ပြောရင်း သူမအသံတွင် တုန်ခါမှု ပါလာခြင်းကို ကျွန်တော်တို့ သတိပြုမိတော့၏။

သူမရင်တွင်း မကောင်းဖြစ်ချိမ့်မည်။

"ဟုတ်ပါပြီ…ခု မင်း တဲစုကို ပြန်မယ်ပေါ့"။

"အလိုရှင် ဘယ်လိုမေးလိုက်ပါလိမ့် … ။ ယောက်ျား အလောင်းပါသွားပြီလေ…ကျုပ်လိုက်သွားရမှာပေါ့… သူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးရဦးမယ်လေ"

"ဟုတ်ပါပြီ…ကျွန်တော်ပြောချင်တာက ခင်ဗျားနဲ့ ကျွန်တော်တို့ လိုက်ခဲ့ကြမယ်"

"ဘာကိစ္စကြောင့်လဲ"

"ဘာရယ်တော့ မဟုတ်ပါဘူး။ လမ်းကြုံရင်းလို့ပဲ ပြောရမှာပေါ့… "

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် သူမက ပြုံးလိုက်ချေပြီး

"လုပ်မနေစမ်းပါနဲ့ရှင် ကျုပ်ပြောတာတွေ မယုံလို့ လိုက်ကြည့်ချင်တာပါ…ဟုတ်တယ်လား… အင်းလေ… ရပါတယ် … လိုက်ခဲ့ကြပေါ့…"

သို့ပြောရင်း သူမသည် ရှေ့ဆက်တောတိုးလျှောက်သွားချေတော့၏။

ကျွန်တော်တို့သည် ထိုမိန်းမနောက်လိုက်သွားကြချေတော့သည်။

သူမသည် နောက်မှ ကျွန်တော်တို့ လိုက်ပါလာသည်ရယ်လို့ သဘောမထားလေဘဲ နောက်သို့ လှည့်မကြည့် ခပ်သွက်သွက် လျှောက်သွားလေသဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း ထပ်ကြပ်မကွာ လိုက်ပါသွားကြတော့၏။

သူမလျှောက်ခဲ့သော ခရီး ရှည်ကြာသည်ဟု ထင်မိသဖြင့်

"ဟဲ့ • •ညည်းဟုတ်ကော ဟုတ်သေးရဲ့လား • •" သို့ ကျွန်တော်က နောက်မှနေ၍လှမ်းပြောလိုက်၏။

"ရှင်ဘာကို ဆိုလိုတာလဲ• • •"

"မင်းတို့နေတဲ့ တဲစု သွားနေတာ မဟုတ်လား။ ခရီးကြာနေပြီ• •ဟုတ်ကောဟုတ်ရဲ့လား"

သို့ဆိုတော့ သူမသည် သွားနေသော ခြေလှမ်းကို ရပ်တန့်လိုက်လေပြီး နောက်လှည့်လိုက်ကာ

"ရှင်တို့ တယ်ခက်ပါကလား။ ကျုပ်က ခေါ်လာတာမဟုတ်ဘူးလေ။ ရှင်တို့သဘောနဲ့ လိုက်လာကြတာ မဟုတ်လား။ ကျုပ်ကတော့ ကျုပ်လမ်းကျုပ်သွားတာပဲ။ လမ်းဆုံးရွာတွေ့ ဆိုသလို ကျုပ်တို့ တဲစုကို ရောက်လျှင် ခရီးဆုံးပြီပဲ• • •"

"ဟုတ်ပါပြီ နို့ဖြင့် ဘယ်လောက်ဝေးသေးလဲ"

"နို့တော့ ကျုပ်မပြောတတ်ဘူး • •။ မမှန်းတတ်ဘူး • • လိုက်ချင်လိုက် မလိုက်ချင်နေ• •ကျုပ်တဲစု ရောက်လျှင် ရောက်ပြီပေါ့• • • မတွေ့သေးလျှင် မရောက်သေးဘူးပေါ့• •နို့ပဲ ရှိတာလေ"

"ဘုရားရေ• •ဘယ်လိုမိန်းမပါလိမ့်"



ကျွန်တော် လွန်မင်းစွာ ဒေါသထွက်သွား၏။ လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

ကျွန်တော့် အကြည့်အဓိပ္ပါယ်မှာ "ဘာလို့ သူမနောက် လိုက်မှာလဲဗျာ • • ကိုယ့်လမ်းကိုယ်သွားကြတာပေါ့ " ဆိုသည့် အဓိပ္ပါယ်ပင်ဖြစ်ချေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော်မြင်သာရုံ ခေါင်းကို ယမ်းပြလာ၏။ "စိတ်ရှုပ်သည်းခံ အသာနေလိုက်စမ်းပါဦး"ဆိုသည့် သဘောပင်။ သို့ဆိုတော့ ကျွန်တော် နှုတ်ဆိတ်သွားတော့၏။

သူမရှေ့မှ ထွက်သွားပြန်၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့ လိုက်သွားပြန်၏။ ဘယ်လောက်ဝေးဝေး သွားရဦးမည် မသိဟု ကျွန်တော် စဉ်းစားနေစဉ်

"ဟင်"

ဘုရားရေ• • ကျွန်တော်တို့ ချောင်းကွေ့လေးတစ်ခုသာ သွားလိုက်ရ၏။ တဲစုလေးကို တွေ့လိုက်ရချေ၏။ ထိုတဲစုလေးသည် ချောင်းကွေ့လေးနှင့် ခပ်လှမ်းလှမ်း ချောင်းကမ်းပေါ်တွင် ဖြစ်ချေ၏။

"မင်းတို့ တဲစုရောက်ပြီပေါ့• • •"

ကျွန်တော်က မေးလိုက်၏။ သူမဘာမှ မပြော။ ထိုတဲစုရာသို့သာ ခပ်သွက်သွက်သွားလေတော့၏။

သို့မှ ကျွန်တော်တို့သည် ချောင်းကမ်းနံဘေး တောင်ကြောပေါ်မှ တဲစုလေးသို့ ရောက်သွားကြ၏။

တဲစုကလေးတွင် ကျွန်တော်တွက်မိသလောက် အိမ်ခြေအစိတ်လောက်သာ ရှိမှန်းမည်။ တဲတစ်လုံးနှင့်တစ်လုံး ပေ နှစ်ဆယ်

လောက် ကွာချိမ့်မည်။ ခြေတံရှည်ရှည်တဲလေးများ ဖြစ်လေ၏။

ထူးခြားသည်မှာ တိုင်အလုံးကို ဝါးပိုးဝါးဖြင့်သာ ပြုလုပ်ထားခြင်းဖြစ်၏။ အမိုးကို ဓနိပျောရွက်များဖြင့် မိုးထားခြင်း ဖြစ်၏။

အောက်ခြေမှ တဲသို့ ပေ ၂၀ ခန့်ရှိချိမ့်မည်။ လှေခါးကိုမူ လျှော်ကြိုးများဖြင့် တွဲ၍ ဝါးတန်းကလေးများ ၂ ပေကြား လုပ်ထားခြင်းဖြစ်၏။

ကြည့်ရသည်မှာ လှေကားအရှည်ဖြစ်နိုင်၏။ ညဆိုလျှင် အပေါ်သို့ ဆွဲတင်ထားရန် ဖြစ်ချိမ့်မည်။ တောင်ဆင်ရိုင်းရန် ကြောက်၍တော့ ဟုတ်လိမ့်မည် မထင်။ တောဆင်ရိုင်းဆိုလျှင် ဝါးပိုးဝါးကို အသာကလေး ဆွဲမွှေ့ယမ်းဖျက်ဆီးနိုင်၏။

အခြားသားရဲကောင်များကြောင့်သာ ဖြစ်ချိမ့်မည်။ ထူးဆန်းသည်မှာ တဲပေါ်တွင် လူတစ်ဦးတလေမျှ အရိပ်အယောင် မတွေ့လေခြင်းကြောင့်ဖြစ်၏။

"တဲမှာ ဘယ်သူမှ မရှိဘူးလား"

ကျွန်တော်က မေးလိုက်၏။

"မရှိဘူး"

"ဘယ်သွားကြတာလဲ"

"ယောက်ျားကို လိုက်ပို့ကြတာပေါ့"

"ဗျာ"

"ဟင်"

"ကဲ·· သူတို့ ကျုပ်ကို စောင့်နေကြလိမ့်မယ်· .လာသွားကြမယ်"

သူမက ကျွန်တော်တို့အား ထိုတဲစု နောက်ဘက်သို့ ခေါ်သွား



ပြန်၏။ တဲစုနှင့် မဝေးလောက်သောနေရာတွင် ကွင်းကဲ့သို့ မြေပြန့်တစ်ခု ရှိချေ၏။

အလိုလေးဗျာ··

ထိုမြေပြန့်တွင် လူတရပ်မကာ ထင်းပုံကြီးရှိချေ၏။ ထင်းအတုံးချောင်းများကို သပ်သပ်ရပ်ရပ် စီထားခြင်းဖြစ်၏။ သို့ ထင်းပုံကြီးပေါ်တွင် သူတစ်ယောက်၏ အလောင်းကို တွေ့ရ၏။

"တာပုမင်းတွေ့ခဲ့ဘာ အဲဒီ အလောင်းလား"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟုတ်တယ်"

ထိုအလောင်းကောင် ထင်းပုံကြီးနံဘေးတွင် လူတစ်စုကို တွေ့လိုက်ရ၏။ ယောက်ျားမိန်းမ ကလေး အစုံယ်စုံ လူသုံးဆယ်ခန့် ဖြစ်ချေ၏။

"သူတို့က တဲစုက လူတွေချည်းပဲလား"

ကျွန်တော်က မေးလိုက်၏။

"အင်း"

သူမက သို့ပြောပြီး ထင်းပုံကြီးနား ကပ်သွားလေ၏။

ထင်းပုံကြီးနံဘေးတွင်မတော့ တစ်ထွာခန့်အရှည် မုတ်ဆိတ်ဖြူဖြူရှိသည့် အသက်အားဖြင့် ၇၀ ခန့်ရှိ လူကြီးတစ်ယောက် ရှိချေ၏။

"မင်းတွေ့ခဲ့ပြီလား"

သူမက လက်တွင်းရှိ အရာဝတ္ထုတစ်ခုကို ထိုလူကြီးအား ပြလိုက်၏။ သူမကျန်ရစ်၍ ပြန်ယူခဲ့သော ရွှေကြိုးတွင် ပုလဲလော့ကတ်သီး ပါ ဆွဲကြိုးလေးဖြစ်ချေ၏။

"ပေး"

ထိုလူကြီးက တောင်းသဖြင့် သူမက ပေးလိုက်၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်က သူမနား ကပ်လျက်ရှိနေကြပေခြား ထိုလူကြီးက သူမကိုသာမြင်ဟန်တူ၏။ ကျွန်တော်တို့ နှစ်ယောက်အား မမြင်သည့်ပုံပင်။ ဘယ်လိုကြောင့်ပါလိမ့်။

ထိုလူကြီးက သူမလက်ထဲမှ ဆွဲကြိုးလေးအား အလောင်းကောင်၏ ရင်ဘတ်ပေါ်သို့ ပစ်တင်လိုက်ချေပြီး

"ကဲ··မင်း လုပ်တော့" ဆိုလျက် သူမလက်တွင်း ကညင်းဆီသုတ်ထားသည့် မီးတုတ်ကိုပေးလေ၏။

သူမက မီးရှို့လိုက်ချေပြီးဖြစ်၍ အရံသင့် အဆီဖျန်းပြီးဖြစ်သည့် ထင်းတုံးတို့ မီးဟုန်းဟုန်း တောက်သွားတော့၏။

ဘုရားရေ·· ရွှေဆွဲကြိုးကို သေသူနှင့်ရော မီးရှို့လိုက်ပါကောလား။ သူတို့ နှမြောတသပုံ မတွေ့ရပါချေ။

"ရွှေဆွဲကြိုး နှမြောစရာ"

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

အလိုလေးဗျာ·· ထင်းမီးတို့ မီးဟုန်းဟုန်းတောက် မီးညွန့်ကြားမှ အလောင်းကောင် ကွေးထလာချေ၏။ ဘုရားရေ·· သို့ ထိုင်လျက်အနေအထားမှ ညှော်နံ့များစွာဖြင့် အလောင်းကောင် မီးစွဲနေခြင်းကို တဲစုနေသူများက ဝမ်းနည်းကြေကွဲစွာ ကြည့်နေချေတော့၏။ မြင်ရသူပင် စိတ်မကောင်း။ သို့ကြောင့် ကျွန်တော်သည် ထိုနေရာမှ လှည့်ထွက်ခဲ့ချေတော့၏။ လင်းမြင့်လှိုင်ကတော့မူ သူမနံဘေးတွင် ကျန်ရစ်ခဲ့လေ၏။

"ဝေါင်း··ဝေါင်း··ဝေါင်း ···"



သို့ရှိစဉ် ဟင်းကောင်ကြီး၏ မာန်ဖီသံကို ကြားလိုက်ရ သဖြင့် ကျွန်တော် ထိတ်လန့်သွားသည်ဆိုပေမင့် လက်တွင်းမှ သေနတ်ကိုတော့မူ အရံသင့် ပစ်ခတ်နိုင်ရန်အလို့ငှာ မောင်းတင်ပြီး ဖြစ်တော့၏။

"ပြေး·· ပြေး··ပြေး··"

အလိုလေးဗျာ··ထင်းပုံနား အသုဘရှုလူတစ်စု ကစင့်ကလျားပြေးသွားကြသည်ဆိုပေမင့် သူတို့ပြေးသွားကြသည်မှာ တဲစုအိမ်များဘက်သို့သာ ဖြစ်ချေ၏။

ပြေးသွားသူတို့ကို ကျွန်တော်ကြည့်နေစဉ်

"ရှင် သေချင်လို့လား·· လာ လိုက်ခဲ့ချေ··"

သူမအနားရောက်လာကာ ကျွန်တော့်လက်ကို ဆုပ်ကိုင်သတိပေး ပြေးသွားသဖြင့် ကျွန်တော်သည် သူမပြေးသွားရာနောက် လိုက်သွားတော့၏။ လင်းမြင့်လှိုင်သည်လည်း သူမဘေးတွင်း ကပ်ပါလာသည် မဟုတ်ပါကလား။

ပြေးသွားသူတို့သည် တဲအိမ်များပေါ်သို့ လှေကားပေါ်မှ တဆင့်တက်သွားကြ၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း သူမတက်သွားသည့် တဲအိမ်ပေါ်သို့ တက်လိုက်သွားကြ၏။

"သည်တဲက ညည်းနေတာလား"

"ကျုပ်ယောက်ျားနဲ့ ကလေးနဲ့ တူတူနေကြတာ"

"နို့ဖြင့် ကလေးကော မတွေ့ပါကလား"

ကျွန်တော်က စပ်စပ်စုစုမေးလိုက်၏။

"ဟိုမယ် လာပြီ"

အလိုလေးဗျာ·· အံ့သက်အားဖြင့် ကိုးနှစ်သာရှိဦးမည့် ကလေး တစ်ယောက်ဖြစ်ချေ၏။ တဲနှင့် အတော်အလှမ်းဝေး သေး၏။

လှုပ်စိလှုပ်စိဖြင့် ပြေးလာ၏။

"မင်း အတော်အကြင်နာတရားမရှိတဲ့ မိန်းမပေပဲ"

သို့ ကျွန်တော်က ဒေါသဖြင့် ပြောလိုက်၏။

"အလိုလေးရှင် ဘာဖြစ်ရပြန်တာလဲ··ကျုပ်က အကြင်နာတရားမရှိလျှင်ဖြင့် ရှင်တို့ နှစ်ယောက်ကို တဲပေါ် ခေါ်မလာပါဘူး··"

"ဟ၊ ငါပြောတာ အဲဒီသဘောမဟုတ်ဘူး·· ဟိုမယ်မင်းကလေး ငယ်ငယ်လေး·· ဘာလို့သူကိုတော့ ဆွဲခေါ်မလာတာလဲ။ သူ့ဘာသာပြေးလာနေတာ။ မင်းသူ့တွက် မစိုးရိမ်ဘူးလား··။"

"ဟား··ဟား ··ဟား··ဟား· ဟား··ဟား··ဟား"

ကျွန်တော့်စကားကြောင့် သူမရယ်မောလိုက်ချေပြီး

"ရှင်က လည်မလိုနဲ့ အ ပါ"

"ဘာလို့လဲ"

"ရှင်တို့က ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး။ ပြောရလျှင် ကျုပ်ရဲ့ ညှော်သည်။ သည်တဲစုရဲ့ ညှော်သည်ဆိုလည်း မမှားဘူး။ ဟိုကလေးက ကျုပ်ကလေး ဟုတ်တယ်·· သေးရေရှင်ရေး ကိစ္စမယ် ကျုပ်ကလေးထက် ညှော်သည်ဖြစ်တဲ့ ရှင်တို့ကို ဂရုစိုက်တာ ကျုပ်ရဲ့ အကြင်နာ တရားပေပဲ··ဟင်း··ဟင်း"

သို့ပြောလသည့်သူမကို ကျွန်တော် အံ့ဩမိ၏။ ဘယ်လိုမိန်းမစားပါလိမ့်။ သူ့ယောကျာ်းသေပြီး ကလေးကို ပိုဂရုစိုက်ရမှာ မဟုတ်ပါကလား။ ခုတော့ သို့မဟုတ် ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရချေတော့၏။

"သူက ကလေးလေ··သူ့ကိုပါ ဂရုစိုက်သင့်တယ်"



"အင်း··ရှင့်ကို ရှင်းပြမှ နားလည်တော့မှာပဲ··"

သို့ဆိုလျက် သူမက သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်လေပြီး

"ဟင်း··"

"ကျုပ်ကလေးသေသွားလျှင် ကျုပ်နောက်ထပ် တစ်ယောက်မွေးလို့ရတယ်၊ အဲ ရှင်တို့သေသွားလျှင် ရှင်တို့ကို ကျွန်မ ပြန်မွေးပေးလို့မရဘူး။ သည်တော့ စဉ်းစားကြည့်လေ·· ရှင်တို့က ပိုအရေးကြီးတာပေါ့··၊ ဟောတွေ့လား ကျုပ်ကလေး တက်လာပြီ"

ကျွန်တော်အောက်သို့ ငုံ့ကြည့်လိုက်၏။ ထိုကလေး ကြိုးကို ဆွဲတက်လာချေ၏။

"အဆင်ပြေပါတယ်နော်··"

"အေး"

ဘုရားရေ··သားဖြစ်သူက အမေဖြစ်သူကို အပြစ်မပြောသည့်အပြင် ပြုံး၍ သို့မေးလာ၏။ အမေဖြစ်သူကလည်း ပြန်ဖြေသည်က အေး လို့သာဖြစ်ချေ၏။

အံ့ဖွယ်ကောင်းသည့် သားအမိပါကလား။ ဘယ်လိုတွေ ါလိမ့်။

သည်ကလေးတဲပေါ်ရောက်သည်နှင့် သူမက ကြိုးကို ဆွဲတင် ုိက်တော့၏။

ပတ်ဝန်းကျင်တွင်ရှိ ခြေတံရှည်တဲများပေါ်တွင် လေကားကြိုး မနေခြင်းအားဖြင့် အားလုံး တဲပေါ်ရောက်နေကြပြီဟု တွက်ရ ုိက်တော့၏။

လင်းမြင့်လှိုင်က တအံ့တဩကြည့်နေသော ကျွန်တော့်ကို

မြင်၍ ကြည့်လာချေတော့၏။

ခုတော့လည်း သူမမဟုတ်သလိုပါပဲလား။

"ရှင်တို့ သည်မှာ ညအိပ်လို့တော့မရဘူး‥"

"သိပါတယ်‥ ကျွန်တော်တို့ တော်ကြာနေ ပြန်မယ်"

"ခု ပြန်လို့တော့ မရဘူး"

"ဘာလို့လဲ"

"ကျားကောင်ရှိသေးတယ်"

"မရှိလောက်ပါဘူး"

သို့ ကျွန်တော်က ပြောလိုက်သည်ဆိုပေမင့် သူမက တဲအောက်ခြေသို့ မေးငေါ့ပြလိုက်သဖြင့် ငုံ့ကြည့်လိုက်၏။

"ဘုရားရေ‥ဟင်းကောင် အောက်ခြေတွင် ရှိနေပါကောလား။

အပေါ်သို့ မော့ကြည့်နေ၏။ အတန်ကြာတွင် အခြားတဲသို့ သွားလိုက်ပြန်၏။ အပေါ်မော့ကြည့်လာပြီး တခြားတခြားတဲများ အောက်ခြေသို့ သွားပြန်တော့၏။

နောက်ကျားကောင် ဘာဖြစ်သွားသည်မသိ၊ ရုတ်ချည်း ဆိုသလို အဝေးသို့ ပြေးသွားချေတော့၏။

"ရှင်တို့ သွားလို့ရပြီ"

"ဘုရားရေ"

"လာပါကိုပိုက်‥ကျွန်တော်တို့ သွားကြတာပေါ့"

လင်းမြင့်လှိုင်က သို့ပြောပြီး လှေခါးကို အောက်သို့ ပစ်ချလိုက်၏။ ထိုလှေကားမှ ကျွန်တော်တို့ ဆင်းသွားကြရန် ဖြစ်၏။

ဘုရားရေ‥တဲအောက်ခြေတွင် ကျားကောင်ခြေရာများပါ



ကလား။

"အန္တရာယ်မရှိတော့ပါဘူး"

သူမက တဲပေါ်မှနေ၍ လှမ်းပြောလာချေ၏။

သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုတဲစုမှ ထွက်ခဲ့ကြသည်ဆိုပေမင့် တဲစုနေရာပြန်လာရှာရန် အလို့ငှာ နေရာအနေအထားကို အသေအချာ မှတ်သားထားလိုက်ကြချေတော့သည်။

"ကိုလင်း ကျွန်တော်တို့ ဘယ်သွားမှာလဲ"

"တော်ကြာနေ တဲစုဆီပြန်သွားမယ်"

"ဗျာ"

"ဟင်"

တာပုကော ကျွန်တော်ပါ လင်းမြင့်လှိုင်ကို တအံ့တဩ ကြည့်လိုက်ကြတော့၏။

လင်းမြင့်လှိုင်က ကျွန်တော်တို့ နှစ်ယောက်အား ပြုံးပြလာချေပြီ။

"သွားစို့" ဆိုလျက် အတော်ဝေးဝေးအရောက်တွင် နောက်ကြောင်းပြန်လှည့်လေတော့၏။

"ဘာလို့များလဲ"

ကျွန်တော်က မေးလိုက်၏။

"ကျွန်တော် မသင်္ကာတာ ရှိနေလို့ပါ"

"ဗျာ‥ နို့ဖြင့် ပြောပါဦး"

"ကိုပိုက်ကို ရှင်းပြဖို့ စောပါသေးတယ်။ ပြီးတော့ သေချာသေချာ မသိရသေးဘူးလေ‥နို့ကြောင့်ပါ"

သို့ဆိုတော့ ကျွန်တော် နှုတ်ဆိတ်နေလိုက်တော့၏။

ကျွန်တော်တို့သည် ခြေတံရှည်တဲစုရှိရာသို့ ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

သို့ပေမင့် သူတို့အား မသိစေလိုသဖြင့် လူသွားလမ်းကြောင်းအတိုင်း မသွားကြဘဲ လမ်းကိုသွေဖယ်ကာ ချုံပုတ်သစ်ပင်တို့နောက်ကွယ်မှ တိုးလျှို ပုန်းကွယ် သွားကြခြင်း ဖြစ်တော့၏။

သို့ဆိုတော့ လမ်းတွင် တဲစုမှ လူတို့ဖြင့် ဆုံကြရာတွင် ကျွန်တော်တို့က ပုန်းလျှိုးကွယ်လျှိုး သွားနေကြသည်ကြောင့် သူတို့ကိုသာ ကျွန်တော်တို့က မြင်၏။ သူတို့က ကျွန်တော်တို့အား မမြင်ပါချေ။

သို့မှ ကျွန်တော်တို့သည် တဲစုနား ရောက်လာကြ၏။

တဲစုတွင် တိတ်ဆိတ်ငြိမ်သက်လို့နေချေ၏။ လူတွေမှ ရှိကြသေးရဲ့လားဟု ထင်ရ၏။

"အား‥အူး‥အူး‥ဝါး‥"

တဲစုတွင် လူမရှိဟု ထင်မိသည်ကြောင့် ထိုတဲစုသို့ သွက်လက်သော ခြေလှမ်းများဖြင့် အစပြုလိုက်သည်တွင် သို့ဆိုသလို တဲစုအတွင်းမှ ကလေးငယ်တစ်ယောက်၏ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် နောက်ပြန်ဆုတ် ပုန်းကွယ်နေလိုက်ကြ၏။

ကလေးအော်ဟစ်နေသည့်တဲပေါ်မှ လူတစ်ယောက် ကလေးကို ပွေ့ပိုက်ဆင်းလာချေ၏။

ပြီး ခပ်လှမ်းလှမ်းရှိ တဲအောက်သို့သွားကာ အပေါ်သို့ မော့ကြည့် လှမ်းအော်ခေါ်ပြလေသည်ဟု သိလိုက်ရ၏။ ကျွန်တော်တို့နှင့် ဝေးနေသည်ကြောင့်လည်းကောင်း၊ ထိုသူ၏ အသံသည် တိုညှင်း



သောကြောင့်လည်းကောင်း စကားသံပီပီသသမကြားရချေ။

ကျွန်တော်တို့သည် စိတ်ဝင်တစားကြည့်နေမိ၏။

သို့ ကလေးကို ပွေ့ချီကာ အောက်မှ အော်ပြောနေသည်ကြောင့် တဲတွင်းရှိ လူတစ်ယောက် ထွက်လာလေ၏။ အောက်မှ ကလေးနှင့်လူကိုမြင်သည်နှင့် ထိုသူသည် ကပျာကသီ လက်ကာပြကာ ကြိုးလှေခါးမှ ဆင်းလာလေတော့၏။

ထိုလူနှစ်ယောက် မျက်နှာချင်းဆိုင်ဆုံလေသည်တွင် ဘာတွေပြောနေကြသည်မသိ၊ ပြီးတော့မှ တဲပေါ်မှ ဆင်းလာသူသည် ထိုသူ၏လက်ထဲမှ ကလေးကို လှမ်းယူလိုက်ချေ၏။

ထိုလူက ကလေးကိုသို့ဆိုသလို လက်ကမ်းယူပြီးသည်နှင့် ထိုနေရာမှ ကပျာကသီ ကလေးချီလွယ် ပြေးသွားချေတော့၏။

ဘယ်လိုတွေပါလိမ့်‥။

"ကိုပိုက် စိတ်ဝင်စားနေပြီလား"

လင်းမြင့်လှိုင်က မေးလေ၏။

"အေးဗျာ‥ ဘယ်လိုလုပ်ရမလဲမသိဘူး‥။ ကလေးတော့ ဟိုလူနောက် ပါသွားလေရဲ့"

"ကျွန်တော်တို့ အဲဒီလူနောက် လိုက်သွားကြည့်ကြတာပေါ့‥"

သို့ တာပုပြောလေသည့်အတိုင်း ကျွန်တော်တို့သည် ကလေးချီပြေးသွားသူနောက်သို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်သွားကြ၏။

ထူးဆန်းသည်မှာ ကလေးငိုသံ ဆူဆူညံညံဖြစ်နေခြင်းပင်။

ထိုသူသည် ရွာလမ်းအတိုင်း ပြေးသွားရာမှ ရုတ်တရက်

ဆိုသလို တဖက်ရွာထိပ်မှ နောက်ဘက်သို့ ပြေးသွားလေသဖြင့် ကျွန်တော်တို့သည်လည်း သူ့နောက် ထပ်ကြပ်မကွာ လိုက်သွားကြချေ၏။

အလိုလေးဗျာ‥ ထိုလူသည် တောတန်းငေးအတိုင်း ပြေးသွားခြင်းပါကလား။

"ကိုလင်း သူတို့ကြည့်ရတာ ကလေးနဲ့ သူတို့နှစ်ယောက် ဘာမှ မဆိုင်ဘူးထင်တယ်ဗျာ…"

"ဘာလို့လဲ"

"ကြည့်လေ‥ ကျွန်တော်တို့ အဲဒီနားရောက်တော့ ကလေးရဲ့ ရူးရူးဝါးဝါးအော်ငိုသံကို ကြားတယ်။ သည့်နောက် လူတစ်ယောက်က လေးကို ပွေ့ချီဆင်းလာတယ်။ ပြီးတော့ တခြားတစ်ယောက်ကို ကလေးကို လက်ကမ်းပေးလိုက်တယ်ဆိုရင်ပဲ အဲဒီသူက ကလေးကို ယူပြေးသွား တာလေ။ ကလေးက ငိုနေခဲ့တာပဲ"

နို့ကြောင့် ကိုပိုက်က သူတို့နဲ့ ကလေးဘာမှ မပတ်သက် လောက်ဘူးလို့ ပြောတာပေါ့"

"မဖြစ်နိုင်လို့လား"

"ပြောလို့တော့မရဘူး။ နို့ပေမင့် ကျွန်တော်တို့လုပ်ရမှာက ကလေးခေါ်သွားတဲ့သူ့ဆီကို အမီလိုက်ရပေမှာပဲဗျာ‥"

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုကလေး ချီပိုးသွားသူ နောက် အလျင်မီ ပြေးလိုက်သွားကြချေ၏။

ထိုသူ ကျွန်တော်တို့ သူ့နောက် ခြေရာခံ လိုက်နေမှန်း သိပုံမပေါ်ချေ။



သို့မှ ထိုလူသည် ချောက်ကမ်းတစ်ဘက်ဆီသို့ ရောက်သွား ချေ၏။

"ဟာ‥သည်လူ ကလေးနဲ့ ချောက်ကမ်းပါးနား ဘာသွား ာပ်တာလဲ မသိဘူး"

ကျွန်တော်တစ်စုံတစ်ရာကိုတွေ့မိသဖြင့် ထိတ်လန့်သွားတော့ ၏။ လက်တွင်းရှိသေနတ်ကိုလည်း ထိုသူ့ထံ ထိုးချိန်လိုက်ချေ တော့၏။

"ကိုပိုက် အဲဒီလူကို ပစ်မယ်ပေါ့"

လင်းမြင့်လှိုင်က မေးလာ၏။

"ဟုတ်တယ် ‥ကျွန်တော့်အထင် သူကလေးငယ်ကို ချောက်ကမ်းပါးနားခေါ်သွားတော ပစ်ချမယ်ထင်တာ…"

"ဟား‥ဟား‥ဟား ‥ အဲလိုမဖြစ်နိုင်ပါဘူး ကိုပိုက်ရယ်။ ဟာကြည့်ကြည့် သူချောက်ကမ်းပါးအောက်ကို လှမ်းကြည့်နေတယ်။

ဟုတ်ပါ့ ထိုလူသည် ကလေးကို ပွေ့ပိုက်လျက်မှ ချောက် ကမ်းပါးအောက်ဘက်သို့ ငုံကြည့်နေချေတော့၏။

ချောက်အောက်ခြေတွင် ဘာရှိနေသည်ကိုတော့ ကျွန်တော် ကို မသိနိုင်ပါချေ။ ကျွန်တော်က ထိုသူ့နား သွားလိုက်မည် ပြုလေသည်တွင်‥

"ကိုပိုက် အသာကြည့်နေပါဦး‥သည်လူ တစ်ခုခု လုပ်မယ် ့ထင်တယ်"

"ကလေးကိုပစ်ချ နို့မဟုတ် သူပါ ကလေးနဲ့အတူ ချောက် ခုန်ဆင်းမှာများလား မသိဘူး‥"

ကျွန်တော်က ပြောလိုက်၏။

"အဲလောက်တော့ သူမိုက်မဲလိမ့်မယ် မထင်ပါဘူး"

"ဝေ•• ဝေး••ဝေး••ဟေ••ဝေး••ဝေး••ဟေ"

သို့ရှိစဉ် ကျွန်တော်တို့နောက်ဘက်မှ သို့ဆိုသလို လူတစ်ရ သို့နှယ်အော်ဟစ်လိုက်လာသံကြောင့် ကျွန်တော်တို့သည် တောတစ် ဖက်တစ်ချက်သို့ ပြေးလွှားပုန်းကွယ်နေလိုက်ကြ၏။

လုံးခြုံပြီဆိုလေမှ ချောက်ကမ်းပါးထိပ်ရှိ ကလေးနှင့်လူကို ကြည့်လိုက်၏။

"ဟူး•တော်ပါသေးရဲ့• "သည်လူ နဂိုပုံစံအတိုင်း ရှိနေသေး ၏။

"ဝေး••ဝေး••ဟေ••ဝေး••"

သို့နှယ်ပင် နောက်မှ လူတစ်စုသည်လည်း ညာသံပေး လိုက်လာချေတော့၏။

ကျွန်တော်တို့ ကြားလိုက်သလို ထိုကလေးနှင့်လူသည်လည်း ကြားလိုက်ရချေ၏။

သို့ဆိုတော့ ထိုကလေးနှင့်လူသည် နောက်ပြန်ပြေးရ ကောင်းနိုး ဘေးတစ်ဖက်တစ်ချက်သို့ ပြေးသွားရကောင်းနိုး ချင့်ချိန် နေဟန်ဖြစ်ချေတော့၏။

ပြီးတော့မှ

"ဟာ"

"အို"

"ဟာ"

ထိုကလေးနှင့်လူသည် မထင်မှတ်သော လုပ်ရပ်တစ်ခုကို



လုပ်လိုက်လေခြင်းကြောင့် ကျွန်တော်တို့သုံးယောက်စလုံး လုံးဝ ထိတ်လန့်သွားကြတော့သည်။

ထိုသူ ကလေးနှင့်အတူ ချောက်တွင်း ရုတ်ချည်း ခုန်ချ သွားလေသည်ကို။

"ဘုရား•• ဘုရား•••"

"ဝေ••ဝေ••ဝေး••ဝေး••ဟေ့••ဝေး••ဝေး••ဝေ••"

လူတစ်စုသည်လည်း တုတ်၊ ဓါး၊ လှံ၊ ပေါက်ဆိန်တို့ကို ကိုင်ဆောင်လျက် သို့ဆိုသလို ညာသံပေး ပြေးလာကြတော့၏။

ကျွန်တော်တို့ကို မမြင်စေရန် ပုန်းကွယ်နေလိုက်ကြ ရတော့၏။

ထိုလူစု ချောင်းကမ်းနားရောက်သွားသည်တွင်မတော့ ဦးဆောင်သူဟု ထင်ရသူက အားလုံးကို ထက်မြက်စွာ ငြိမ်ငြိမ်နေရန် ပြောလိုက်လေပြီး သူက ချောက်အောက်ဘက်သို့ ငုံ့ကြည့်နေချေ တော့သည်။

သူ့နောက်ပါလူတစ်စုသည်လည်း သူ့နှယ့် အောက်သို့ ငုံ့ကြည့် နေကြချေတော့၏။

"ဘယ်လိုတွေလဲ မသိဘူး••"

ကျွန်တော်တို့သည် ပုန်းကွယ်နေရာမှ သူတို့ အခြေအနေကို ကြည့်နေကြလေ၏။ အတန်ကြာတွင် ထိုလူတစုသည် ခေါင်းဆောင် ဖြစ်ဟန်တူသူ၏ ဆုံးဖြတ်ချက်ကို ရလိုက်ကြသည်ဟုထင်၏။ ထိုချောက်ကမ်းပါးအောက်သို့ ခုန်ဆင်းသွားကြချေတော့၏။

"ဘုရားရေ•• ဘယ်လိုတွေပါလိမ့်••"

လင်းမြင့်လှိုင်သည်လည်း အံ့ဩသွားကြချေ၏။ ဘာလို့

သူတို့တွေ ချောက်ကမ်းပါးအောက် ခုန်ဆင်းသွားကြတာပါလိမ့်။

ကျွန်တော်တို့သည် ခေတ္တမျှ အခြေအနေကို စောင့်ကြည့်ပြီးတော့မှ ပုန်းကွယ်ရာ ထွက်ခဲ့ကြပြီး ထိုချောက်သို့ သွားလိုက်ကြတော့၏။

"အလိုလေးဗျာ‥ဘုရားရေ‥"

ကျွန်တော်တို့ထင်ထားသည်မှာ လွန်စွာနက်ရှိုင်းသော ချောက်ကြီးဟု ထင်ထား၏။ တကယ်တော့မူ ဆယ်ပေကျော်ဆယ့်ငါးပေ ခန့်သာမြင့်ပေ၏။ အောက်ဘက်တွင် တောင်ပတ်ဆင်လမ်းလေးဖြစ်ချေ၏။ သူတို့ ထိုလမ်းပေါ်ခုန်ဆင်း ပြေးသွားကြခြင်းပါကလား။

တစ်ခုတော့ရှိသည်။ ဆင်လမ်းတစ်ဘက်တွင်မတော့ ချောက်ကြီးဖြစ်ချေ၏။

"ကိုလင်း ကျွန်တော်တို့ သူတို့နောက်လိုက်သွားကြမလား"

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"မီးသဂြိုဟ်ထားတဲ့ ထင်းပုံဆီပဲသွားမယ်"

သို့ဆိုတော့ ကျွန်တော်တို့သည် ချောင်းကမ်းမှ နောက်သို့ပြန်လှည့် တဲစုလေးရှိရာ သွားလိုက်ကြ၏။

သည်တစ်ကြိမ်တွင်မတော့ တဲစုတွင် လူတစ်ယောက်မျှရှိပုံ မရပါချေ။ တာပုက မြေပြင်တွင်ရှိ ခဲလုံးကြီးတစ်ခုကို ကောက်ယူ၍ ထိုတဲစုရှိရာသို့ လှမ်းပစ်လိုက်ချေ၏။

"ဒုတ်"

တဲတစ်လုံး၏ အိမ်တိုင်ကို ထိသွား၏။



မည်သည့်ထူးခြားမှုမျှ ဖြစ်မလာချေ၏။ သို့ဆိုတော့ တဲစုတွင် လူတစ်ယောက်မျှ ရှိပုံမပေါ်။ သို့ကြောင့် တဲစုဆီသို့ ရဲရဲဝံ့ဝံ့ ချဉ်းကပ်သွားလိုက်ကြတော့၏။

သို့မှသည် ကျွန်တော်တို့သည် ထင်းမီးပုံရှိရာသို့ သွားလိုက်ကြပြန်၏။

"အလိုလေးဗျာ‥ ထင်းမီးပုံ ပြာကျနေပါကောလား"

လင်းမြင့်လှိုင်သည် ထိုပြာပုံ ရှိရာသို့ ပြေးသွားလိုက်၏။ ပြာကျသည်မှာ ကြာသေးသည့်ပုံမပေါ်။ အပူငွေ့တို့ ရှိနေသေး၏။

လင်းမြင့်လှိုင်သည် ထိုပြာပုံကို စေ့စေ့ကြည့်နေလေ၏။ ပြာပုံတွင်း တစ်စုံတစ်ရာ ရှိနေပုံပင်‥သို့ကြောင့်…။

"ကိုလင်း အလောင်းက ပြာဖြစ်သွားပြီပေါ့…"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာလဲ ကိုပိုက်ရယ်‥ အရိုး အစအနလေးတော့ ကျန်ရတော့မပေါ့‥"

"ကိုလင်း ဘာပြောလိုက်တယ်"

"ကိုပိုက်စဉ်းစားကြည့်လေ‥လူတစ်ကိုယ်လုံး လတ်လတ်ဆတ်ဆတ်ကြီးကို မီးရှို့တာ အရိုးတော့ ကျန်ရမပေါ့‥ ခု အရိုးမရှိဘူး‥ ။

"ကိုလင်းဆိုလိုတာ သည်မီးပုံ လူသေအလောင်းကို ဝါးမြိုခဲ့တာ မဟုတ်ဘူးလို့ ဆိုလိုချင်တာလား…"

"ဟုတ်တယ်"

"ဟာကိုလင်းကလည်း ကျွန်တော်တို့မြင်တာပဲ‥လူတစ်ယောက် ထင်ပုံပေါ် ပက်လက်အနေအထားနဲ့လေ‥အဖိုးအိုက

ဆွဲကြိုးကိုတောင် အလောင်းပေါ် ပစ်တင်လိုက်သေးတယ်···။ ပြီးတော့ မီးရှို့လိုက်တယ်။ မီးအားကလည်း ကောင်းမှကောင်း··။

"နေဦးဗျ··· သည်မယ်က ဘာပါလိမ့်··"

လင်းမြင့်လှိုင်က ပြာပုံကို တုတ်ဖြင့် ထိုးဆွလိုက်ချေပြီး တစ်စုံတစ်ရာကို ဆွဲကော်ထုတ်ယူလိုက်၏။

"ဟင်"

"ဘုရားရေ"

ဆွဲကြိုးလေးပါကလား"

လင်းမြင့်လှိုင်က သေသေချာချာကြည့်လိုက်ချေပြီး

"သည်ဆွဲကြိုးက ရွှေမှမဟုတ်တာချည်။ ရွှေရည်စိမ် ဆွဲကြိုး ပေပဲ၊ စတီးဆွဲကြိုး။ ဟုတ်ပြီ··သည်ဆွဲကြိုးတောင် ပြာမကျတာ။ လူတစ်ယောက်လုံးက အစအနပျောက်သွားတယ်ဆိုတာ မဖြစ်နိုင်ပေဘူးဗျ·· တစ်ခုခုတော့ မှားနေပါပြီ··"

"နို့ဖြင့် ကိုလင်း ဘယ်လိုထင်သလဲ"

"တဲစုကို ပြန်သွားမယ်·· လူတစ်ယောက်ကိုတွေ့အောင် ရှာရမယ်။ နို့မှမဟုတ် သူတို့ပြန်အလာကို စောင့်မယ်··"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတာ · ဘာလို့သည်လိုတွေ ဖြစ်ရတယ်ဆိုတာ သိချင်တာဗျာ··"

"အင်း စိတ်ဝင်စားဖို့တော့ ကောင်းသားကလား"

"ခဏလေး ကိုလင်း ကျွန်တော် စဉ်းစားမိတာ တစ်ခု ရှိတယ်··"

"ပြောလေ"



"ကျွန်တော် မိန်းမသုံးယောက်ကို အမြဲတွေ့နေရတယ်။ သဘီ ရင်လျားနဲ့။ ပန်းနီနီပန်ထားကြတယ်။ ဆံပင်ရှည်ရှည်နဲ့ အဲ · အဲဒီအမျိုးသမီးတွေထဲက တစ်ယောက်လို့ထင်ရတဲ့ ပန်းနီနီပန်တတ် ဲ့ အမျိုးသမီးကို တွေ့လိုက်တယ်··"

"ကိုပိုက်က ဘယ်လိုထင်သလဲ"

"ကျွန်တော်သာ သူတို့ကိုမြင်တာ ကိုလင်းတို့ နှစ်ယောက်က မြင်ဘူးလေ··။ ပြီးတော့ တဲစုက အမျိုးသမီးနဲ့က သူတို့ထဲက ာစ်ယောက်ဖြစ်နိုင်တယ် ထင်တာပဲ··။ အင်း··ခုလို လူတွေ ပျောက်ချင်းမလှ ပျောက်သွားတာရယ်·· လူသေကောင်ကို မီးရှို့ ပမင့် လူသေမရှိတော့တာရယ် ··ပြီးတော့ ဟိုလူတစ်စု ချောက်ကမ်း ာခုန်ချပြေးသွားပျောက်ကွယ်သွားကြတာတွေရယ်· တကယ်တော့ ျွန်တော်တို့ကို တောက ခြောက်လှန့်နေတာများလားလို့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ျးပြလာချေပြီး···

"ဘယ်လိုဖြစ်နိုင်မှာလဲ·· ချောက်ကမ်းက ခုန်ချတယ်ဆို ာ အောက်မယ် ဆင်လမ်းနိမ့်နိမ့်လေးရှိနေတယ်လေ။ အဲဒီကနေ ပြေးဆင်းသွားကြမှာပေါ့···။ ပြီးတော့ တဲစုမှာ လူမရှိတော့ဘူး ိုပေမင့် တဲအိမ်တွေ ရှိနေတယ်လေ·· သည်မယ်ကြည့်··"

"တောက်·· တောက်··တောက်··တောက်··"

လင်းမြင့်လှိုင်က တဲအိမ်တိုင်ဝါးလုံးကို သူ၏ ခါးချိတ်ဓားဖြင့် ခါက်ပြလေ၏။

"ဝါးအစစ်တွေပါဗျ··တောခြောက်ခံရမယ်ဆိုလျှင် သည်တဲစု ာွပါ ပျောက်သွားရမပေါ့··မဟုတ်လား··"

"နို့လဲ ဟုတ်သားကလား…"

"ပြီးတော့ အဘိုးအိုမီးဖိုထဲ ပစ်ခဲ့တဲ့ ခွဲကြီးလည်းရှိနေတယ် ဗျာ…"

"သည်တော့ ကျွန်တော်တို့ ကိုလင်းပြောသလို သူတို့ တွေထဲက တစ်ယောက်ယောက်ကို စောင့်ကြမယ့်သဘောပေါ့…"

"ဟုတ်တယ်"

"နို့ဖြင့် သည်တဲတွေပေါ်ပဲ တက်နေကြရမှာလား။

"အဲလိုမဖြစ်ဘူး ဟိုခပ်လှမ်းလှမ်းတောင်ကြောပေါ်ကနေ ပုန်းကွယ် စောင့်ကြည့်ကြတာပေါ့…"

သို့ဆိုတော့ ကျွန်တော် ပတ်ဝန်းကျင်ကို ကြည့်လိုက်ချေပြီ

"မကြာခင်မှောင်တော့မှာပဲ အချိန်သိပ်မရှိတော့ဘူး။ ဘာမှ လည်း မစားရသေးဘူး…"

"သည့်တွက်မပူနဲ့ ကျွန်တော့် စားစရာရှိတယ်… လာချေဗျာ"

သို့ဖြင့် ကျွန်တော်တို့သည် တဲစုလေး၏ နောက်ဘက် တောင်ကြောပေါ်သို့ တက်လိုက်ကြချေတော့သည်။

တောင်ကြောလေးတွင် ချုံပုတ်ပင်နှင့် မျှင်ဝါးတောလေး ရှိနေ ခြင်းကြောင့် ကျွန်တော်တို့ ပုန်းကွယ်ရန် နေရာရလိုက်၏။

သို့ဖြစ်၍ ကျွန်တော်တို့သည် မျှင်ဝါးတောလေးနောက်ဘက် တွင် ခြေပစ်လက်ပစ် ထိုင်နားရင်း ပုန်းကွယ်စရာ နေရာ ရလိုက်ကြ၏။

"ရော့ချေဗျာ… ကိုပိုက်"

လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားလေး ထုတ်ပေးလာ၏။ ပြီးနောက် ဆတ်သားခြောက်ဖုတ်တစ်ချောင်းကို ထုတ်ပေးလာ၏။

"ကိုလင်း မြို့က ယူလာတာလား"



"ဟုတ်တယ်"

သို့ဆိုတော့လည်း အဟုတ်သားကလား။

"ခြင်တော့ ကိုက်လိမ့်မယ်"

ကျွန်တော်က ညည်းညူလိုက်၏။

"မပူပါနဲ့"

သို့ဆိုလျက် လင်းမြင့်လှိုင်က ခြင်ကိုက်မခံရစေရန် လိမ်းဆေး …တောင့်ကို ထုတ်ပေးလာပြန်၏။

"အဟင်း… ဟင်း… ကိုလင်းကတော့ အကုန်အပြည့်အစုံ …ပါလာတာကိုး…"

တာပုကသို့ ပြုံးရွှင်စွာ ပြောလာလေတော့သည်။

ကျွန်တော်တို့သည် ခြင်ဆေးကို လိမ်း၊ ဝီစကီသောက် …ဆတ်သားခြောက်ဖုတ်ကို တမြုံ့မြုံ့ဝါးရင်း အချိန်ဖြုန်းနေလိုက်ကြ၏။

"ငါခဏ အိပ်လိုက်ဦးမယ်"

မုဆိုးကြီးတာပုက သို့ပြောပြီး နောက်ဘက် ခပ်လှမ်းလှမ်းရှိ …စ်ပင်အောက်ခြေသို့ သွားကာ ကျောမှီအိပ်နေလိုက်ချေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝီစကီသောက်၊ ငြိမ်သက် …တင့်ကြည့်ကြတော့၏။

သို့မှ တစတစ အမှောင်ထုရောက်လာပြီးနောက် …စ်စတစ်စ အလင်းပျောက်လာတော့၏။

သို့မှအတော်ညဥ့်နက်သည်တွင် လရောင်ပေါ်ထွက်လာ၏။

သို့ဆိုတော့ တဲစုလေးကို ကျွန်တော်တို့ လရောင်အောက် …တွင် ထင်းထင်းမြင်လိုက်ကြတော့၏။ သို့မှ

ညည့်နက်သန်းခေါင်ယံအချိန်လောက်တွင် ထိုတဲစုသို့

လူတစ်စု လာနေသည်ကို မြင်လိုက်ကြရ၏။

မီးတုတ်များကိုယ်စီဖြင့် ရှိချေတော့၏။

"ကိုလင်းရေ..ဟိုမယ် လူတစ်စုဗျ..တဲစုက လူတွေလား မသိဘူး။ ဘယ်လိုကြောင့် သည်အချိန်ကျမှ ရောက်လာကြတာပါ လိမ့်.."

မီးတုတ်မီးအလင်းရောင်ကြောင့် ရောက်လာသူတို့ကို ထင်းထင်းကြီးမဟုတ်ပေမင့် ယောက်ျားမိန်းမ၊ ကလေးလူကြီး ခွဲခြား ရအောင်လောက်တော့ဖြင့် မြင်လိုက်ကြ၏။

အလိုလေးဗျာ..ဘုရားရေ..ကြည့်စမ်း.. ကျွန်တော်နှင့် လင်းမြင့်လှိုင် အမြင်မှားလေရော့လား . .။ မီးတုတ်ကိုယ်စီဖြင့် လာကြသူများသည် မိန်းမတွေချည်းဖြစ်လို့နေချေ၏။

ကျွန်တော်တို့နှင့် အတန်ငယ် အလှမ်းဝေးသဖြင့် သူတို့ ဆူဆူညံညံ ပြောဆိုလာကြသည်ဆိုပေမင့် သဲသဲကွဲကွဲတော့ဖြင့် မရှိ ပါချေ။ အသံအနိမ့်အမြင့်ကို ကြည့်ခြင်းအားဖြင့် စကား အခြေအတင် ပြောလာကြဟန် ဖြစ်ချေ၏။

"ကျုပ်တို့ သူတို့ဆီ သွားကြမှာလား"

တာပုက မေးလာ၏။

လင်းမြင့်လှိုင်က ခပ်ယဲ့ယဲ့ပြုံးလိုက်ချေပြီး ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ချေကာ -

"မိန်းမတွေချည်း ညဥ့်နက်သန်းခေါင်ရှိနေတာ သွားလို့ မသင့်တော်ဘူး.."

သို့လည်း ဟုတ်ချေ၏။



သို့ဆိုတော့ ကျွန်တော်တို့သည် နေရာဥ့်ပင် နားနေ ကြည့်နေ လိုက်ကြတော့၏။

ထိုတဲစုနေ မိန်းမတို့သည် ကိုယ်စီ ခြေတံရှည်အိမ်ပေါ်သို့ တက်သွားကြတော့၏။ တဲကိုယ်စီမှ မီးရောင်လဲ့လဲ့လေးများ ထွက်ပေါ် လာကြ၏။

"သည်တဲစုလေးက စိတ်ဝင်စားဖို့ အကောင်းသားကလား" လင်းမြင့်လှိုင်က ပြောလာလေ၏။

"မနက်ကျလျှင် ကျွန်တော်တို့ အဲဒီဘက်သွားကြတာပေါ့"

သို့မှ ကျွန်တော်တို့သည် ပင်စည်ကို ကျောကပ်နားနေ မှိန်းနေလိုက်ကြရင်းမှ အိပ်ပျော်သွားကြချေတော့၏။

"ကျလီ..ကျလီ..ကျလီ.."

"ကွစ်..ကွစ်..ကွစ်..ကွစ်.."

သို့နှယ့် ငှက်ကွက်ကောင်တို့၏ ဆူဆူညံညံအသံကြောင့် အိပ်ရာမှ နိုးလာကြတော့၏။

"မိုးစင်စင်လင်းချေပြီကော.."

စောတာပုသည် အစောကြီး နိုးနေပုံရ၏။ သူကြည့်ရသည်မှာ စောစော ရေမိုးချိုးပြီးပုံရ၏။

"ငါတို့တွေ တဲစုဘက် သွားကြမလား"

လင်းမြင့်လှိုင်က ခေါင်းဆတ်ညိတ်ပြသဖြင့် ကျွန်တော်တို့ သည် တဲစုရှိရာသို့ သွားလိုက်ကြချေတော့၏။

တဲစုသို့ မကြာလိုက်သော အချိန်ကလေးတွင် ရောက်သွား ကြ၏။

ကျွန်တော်တို့ တဲစုတို့၏ အခြေမှ အပေါ်သို့ မော့ကြည့်လိုက်

ကြ၏။

"တဲရှင်တို့‥ တဲရှင်တို့‥ တဲရှင်တို့‥"

သို့ဆိုသလို တစ်ယောက်တစ်ခွန်း ခေါ်လိုက်ကြပေငြား မည်သည့်တဲမှ လူထွက်လာခြင်းမရှိပါချေ။

"သည်မိန်းမတွေ အိပ်ပျော်နေတုန်းထင်တယ်"

မုဆိုးကြီးတာပုက မကြေမနပ် ပြောလိုက်၏။

လင်းမြင့်လှိုင်က တဲတိုင်းလိုလို လိုက်အော်ခေါ်ပေငြား မည်သည့် လူတစ်ယောက်ကိုမျှ မတွေ့လေခြင်းကြောင့် အံ့ဩနေပုံ ရချေ၏။

လင်းမြင့်လှိုင်သည် တဲအောက်ခြေမြေပြင်ကို စေ့စေ့ကြည့်နေပြန်၏။ တဲတစ်တဲပြီးတစ်တဲ အောက်ခြေသို့ ဖြစ်ချေ၏။ သို့ကြောင့်

"ကိုလင်းဘာဖြစ်လို့လဲ" ကျွန်တော်က ရူးရူးစမ်းစမ်းမေးလိုက်ချေ၏။

"ထူးဆန်းတယ် ‥ညက မိန်းမတွေကိုတွေ့ခဲ့တယ်၊ ခုတဲပေါ်မှာ သူတို့တွေ မရှိတဲ့ ပုံပေပဲ။ ဘယ်လို တွေဖြစ်ပါလိမ့်‥ ကျွန်တော် မြေပြင်ကို သေသေချာချာကြည့်တော့ လည်း ခြေရာရယ်လို့ တစ်ခုတစ်လေတောင် မတွေ့ရဘူးဗျ‥ ညက မြင်လိုက်ရတာဗျာ‥ ခုဘာလို့ လူမရှိရတော့တာပါလိမ့်"

"ငါ အပေါ်တက်ကြည့်ချေဦးမယ်"

မုဆိုးကြီးတာပုက သို့ဆိုသလို ပြောပြီး တဲတစ်လုံးပေါ်သို့ ကြိုးလှေကားဖြင့် သွက်လက်စွာ တက်သွားချေတော့၏။

သူတဲပေါ်သို့ ရောက်သွားချိန်တွင် တဲအောက်သို့ ငုံ့ကြည့်၍ ကျွန်တော်တို့အား ခေါင်းခါပြချေ၏။



"လူမရှိချေဘူးပေါ့"

သို့မှ ကျွန်တော်၊ လင်းမြင့်လှိုင်နှင့် တာပုသည် ကျန်တဲများ ကို ကိုယ်စီ တက်ကြည့်ကြပေငြား မည်သည့်လူမျှ မတွေ့ပါချေ။

"ကျွန်တော်တို့ အိပ်ရာမနိုးခင် သူတို့တွေ ထွက်သွားကြ တာလားမှ မသိတာ"

ကျွန်တော်က သို့ပြောလိုက်၏။

"မဖြစ်နိုင်ဘူး‥သူတို့ ညဥ့်နက်သန်းခေါင်မှလဲ ပြန်လာကြ သေးတယ်‥၊ ဝေလီဝေလင်းတော့ ထွက်မသွားလောက်ဘူး"

"နို့ဖြင့် ကိုလင်း ဘယ်လိုထင်လဲ"

"ထူးဆန်းတာတော့သိတယ်‥‥ ဘယ်လိုထူးဆန်းတာလဲ တော့ မသိသေးဘူး‥"

သို့ဆိုတော့ ကျွန်တော် မုဆိုးကြီးတာပုကို စေ့စေ့ ကြည့် လိုက်၏။ မုဆိုးကြီးကလဲ သူဘာမှ မပြောတတ်ဟန်ဖြင့် ခေါင်းကို ခါယမ်းပြလာချေတော့၏။

"ကိုလင်း"

သို့ဖြင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်ခေါ်လိုက်၏။

"ဆက်ပြီး ဘာလုပ်ကြမလဲ" ပေါ့‥။

"သည်နားတစ်ဝိုက် လူစုခွဲပြီး လိုက်ကြတာပေါ့"

"ဗျာ"

"ဟာင်"

လင်းမြင့်လှိုင် ဘယ်လိုစိတ်ကူးလိုက်တာပါလိမ့်။

ကျွန်တော် နားမလည်နိုင်ဖြစ်နေသည်ကို ရိပ်မိလိုက်သည့် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတဝှာ်လေးပေါ်ရုံ ပြုံးလိုက်ချေပြီး

"မနက်စာ အမဲရာရင်း လမ်းကြုံရာတဲ့ သဘောပေါ့"

"နို့ဆိုတော့"

"ကိုပိုက်က အဲဒီဘက်သွား . . ကျွန်တော်က သည်ဘက်သွားမယ် . . ဖထီးတာပုက ဟောဟိုဘက်ကိုသွားချေ . . အချိန်တစ်နာရီ ရမယ် . . ပြီးလျှင် သည်နေရာကို ပြန်လာဆုံကြတာပေါ့ . ."

"ဟုတ်ပြီလေ . ."

သို့ဖြစ်၍ ကျွန်တော်တို့သည် ကိုယ်တာဝန်ယူရာဘက်သို့ ထွက်ခဲ့ကြတော့၏။

သို့ဆိုတော့ ကျွန်တော်သည် အရှေ့ဘက်ကျချေ၏။ လင်းမြင့်လှိုင်သည် အနောက်ဘက်ဖြစ်ချေ၏။ မုဆိုးကြီးတာပုသည် တောင်ဘက်ဖြစ်ချေ၏။ မြောက်ဘက်ကတော့မူ တဲများ၏ မျက်နှာစာလမ်းဘက် ၊ မနီးမဝေးလောက်တွင် ချောင်းရှိလေသဖြင့် ချောင်းမြောင်းသွားလိုဟန်မတူသည့် လင်းမြင့်လှိုင်၏ စိတ်ကူးအရ မြောက်ဘက်ကို မည်သူမျှ မသွားကြပါချေ။ သို့မှ ကျွန်တော်သည် အရှေ့ဘက်သို့ တောတိုးလျှောက်ခဲ့ချေတော့၏။

နေထွက်စချိန်ဆိုတော့ကာ နေကို မျက်နှာမူ သွားလေသည်နယ် ဖြစ်ချေတော့၏။

ကျွန်တော်သည် နားကို စွင့်ထား၏။ မျက်လုံးကို ဖွင့်ထား၏။ ကျွန်တော်လာခဲ့သည့် အရပ်သည် အောက်ပေါင်းရှုတ်လွန်းလှချေတော့၏။ သစ်ရိုင်းပန်းစုံ ပေါက်နေသည့် နေရာဖြစ်ချေ၏။ မြေပြင်တွင် ချုံပုတ်ပင် အမျိုးမျိုးနှင့် ကြိမ်အုံပင် ဝါးရုံပင်နှင့် သစ်ပင်ကြီးများသာ ရှိချေ၏။ ထိုသစ်ပင်ကြီးတို့တွင်လည်း နွယ်တို့ တွယ်ငင်ရစ်ပတ်နေကြချေ၏။



သို့ သားကောင်ချောင်းမြောင်းတောတိုးခဲ့ရာမှ ခပ်လှမ်းလှမ်းတွင် ဂျီ (ချေ) ကောင်ကို လှမ်းတွေ့လိုက်ချေ၏။

လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်ပေမင့် ပစ်မှတ်မသေချာသေဖြင့် ဆိတ်ငြိမ်စွာ နေလိုက်ပြန်၏။

နွယ်ပင်တို့ ကြားခံနေသောကြောင့် ဖြစ်ချေ၏။

ကျွန်တော်သည် ပစ်မှတ် မသေချာသေးဘဲ မပစ်လိုပါချေ။ အနည်းငယ်မျှ စိတ်ရှည်ရှည်ထား၍ စောင့်မည်ဆိုပါလျှင် ထိုဂျီကောင် ရှေ့သို့ နည်းနည်းတိုးလာပါက လွတ်လွတ်ကျွတ်ကျွတ်ပစ်မှတ်ရပေလိမ့်မည်။

"ဟုတ်ပြီ . ဂျီကောင်တစ်လှမ်းချင်း ရှေ့တိုးလာ၏။ ကျွန်တော်မြင်ကွင်းပေါ်သို့ ဂျီကောင်၏ ဦးခေါင်းပိုင်း ပေါ်လာ၏။

ဟုတ်ပြီ . . သို့မှ ရှေ့လက်ပြင် . . အတော်ပဲ . . ။

လက်ပြင်ကို ပစ်ခတ်၍ ရချေပြီ . . သို့ကြောင့် အသက်ကို တဝကြီး ရှုလိုက်၏။ ပြီးနောက် လေကိုပြန်မထုတ် အောင့်ထားလိုက်၏။

မောင်းထိန်းခလုတ်ပေါ်မှ မေးတင်ထားသည့် လက်ညှိုးလေးကို ကွေးလိုက်မည်ဟု ဆုံးဖြတ်လိုက်ချိန်တွင်မတော့

"ဟာ"

ဂျီကောင် ဘာကြောင့်ရယ်မသိ။ ထိတ်လန့်တကြား ဖြစ်သွားပုံရချေပြီး ကဆုန်ပေါက် နောက်လှည့်ပြေးသွားချေတော့၏။

"တောက်"

ဂျီကောင်လေးအား သားရဲကောင်လာရောက် ချောင်းမြောင်းတိုက်ခိုက် လာသည်ကြောင့်ဟု ကျွန်တော်ထင်လိုက်၏။ သို့ပေမင့်

ဂိုကောင်ကို ခြောက်လန့်လိုက်သည့် သားရဲကောင်မှာ အတော်နှင့် ရောက်မလာပါချေ။

ဘယ်လိုဖြစ်တာပါလိမ့်‥နေရင်း‥ထိုင်ရင်း တကယ်တော့ ဂိုကောင်လေးကို တစ်ယောက်ယောက်က ခြောက်လှန့်ထုတ်လိုက်ခြင်းဖြစ်ပေ၏။

တရားခံကိုတော့ ကျွန်တော်မသိပါချေ။

အတန်ကြာသည့်တိုင် ထူးခြားလာခြင်းမရှိသဖြင့် ကျွန်တော် ထိုနေရာလေးမှ ထထွက်ခဲ့သည့်တွင် ‥

"ဟင်‥"

ခပ်လှမ်းလှမ်းလောက်မှ စကားသံတို့ ကြားရသဖြင့် အံ့သြသွားချေ၏။ ဘယ့်တွက်မှု မိန်းမတို့အသံဖြစ်နေခြင်းကြောင့်ပင်‥။

သို့ကြောင့် ကျွန်တော်နီးစပ်ရာ ချုံပုတ်ပင်တစ်ပင်အောက် ပုန်းကွယ်နေလိုက်ချေ၏။

"ကျွန်တော်ထင်ထားသည်မှာ တဲစုနေ အမျိုးသမီးများ ဖြစ်နိုင်၏။ သူတို့ဘယ်သွားကြသည်ကို သိလိုသဖြင့် ပုန်းကွယ်စောင့်နေကြည့်လေခြင်းဖြစ်ပေ၏။

ကျွန်တော်ပုန်းကွယ်ပြီး၍ မကြာလိုက်သော အချိန်ကလေးတွင် ရှေ့တူရှုမှ အမျိုးသမီးသုံးယောက် စကားတွတ်ထိုးလျှောက်လာသည်မြင်လိုက်သဖြင့် လုံးဝ အံ့အားသင့်သွားရချေတော့သည်။

ဟုတ်မှ ဟုတ်ပါလေစ‥ထိုအမျိုးသမီး သုံးယောက်သည် ကျွန်တော် အမြဲတမ်း တွေ့မြင်နေသည့် အမျိုးသမီး သုံးယောက်ဖြစ်နေသည့် ထဘီရင်လျား မိန်းမပျိုသုံးဦးဖြစ်ချေတော့၏။



ဆံပင်ရှည်ဖားလျားချထားကြခြင်းကြောင့် မျက်နှာပုံးလုမတတ်ဖြစ်နေသဖြင့် သူမတို့၏ မျက်နှာတို့ကို ကွက်ကွက်ကွင်းကွင်း မမြင်ရပါချေ။ လှုပ်လီလှုပ်လဲ့ လျှောက်လာကြခြင်းတော့ဖြင့် မဟုတ်။ သွက်လက်သောခြေလှမ်းတို့ဖြင့်သာဖြစ်ချေ၏။

ကျွန်တော် ပုန်းကွယ်နေသည့် နေရာတည့်တည့်လာနေကြခြင်း ဖြစ်သဖြင့်ကျွန်တော် သူမတို့အနားရောက်လာက ထွက်တွေ့မည်ဟု ဆုံးဖြတ်လိုက်၏။

သူတို့တွေ ဘယ်ရွာကလဲ‥။ ဘယ်သူတွေလဲ‥။ တောတောင်ထဲ ဘာလာလုပ်ကြတာလဲ‥။ သို့မဟုတ်‥ ကျွန်တော်တို့ ရောက်ခဲ့သည့် တဲစုကများလေလား‥မေးစမ်းရပေမည်။

သို့ဖြင့် ကျွန်တော် ချောင်းမြောင်းကြည့်နေလေ၏။ သို့ပေမင့်

"ဟာ"

သူမတို့သုံးယောက်သည် ကျွန်တော် ရှေ့ကိုက် ၁၀၀ လောက်ရောက်သည်နှင့် ဘေးသို့ပန်း၍ လျှောက်သွားတော့၏။

သို့ဖြစ်၍ ကျွန်တော်သည် ပုန်းကွယ်နေရာမှ ကပျာကသီထွက်လိုက်ချေပြီး သူမတို့နောက် ပြေးလိုက်သွားတော့၏။

ကျွန်တော်ပြေးလိုက်သွားသည်ကို သူမတို့ သိရှိပုံမပေါ်။ ေးများ မကြားကြချေ၍တော့ဖြင့် မဟုတ်။ နောက်လှည့်ကြည့်ခြင်းသည်းမရှိပါချေ။

"ဟေး"

"ဟေး"

ကျွန်တော် အတန်ကြာကြာသူမတို့နောက် လိုက်ပါအော်ခေါ်ခဲ့ပေမင့် အံ့ဖွယ်ကောင်းသည်မှာ သူမတို့ သုံးယောက်နှင့်

ကျွန်တော်၏ အကွာအဝေးသည် နဂိုအတိုင်း ကိုက် ၁၀၀ ဝန်းကျင်ကွာနေလေခြင်း ကြောင့်ပင်။ မည်သို့ဖြစ်ရတာပါလိမ့်။

ကျွန်တော် အပြေးကလေးလိုက်သွားခြင်းဖြစ်၍ သူမတို့နှင့် တဖြည်းဖြည်းနီးကပ်သွားရမည် မဟုတ်ပါကလား။

ကျွန်တော်ပြေးလိုက်သလို သူမတို့ပြေးလွှားသည်ဆိုလျှင်ဖြင့်လည်း ပြဿနာမဟုတ်။ ခုတော့ ကျွန်တော်ကပြေးလိုက်ပေမြား သူမတို့က ပုံမှန်လျှောက်နေခြင်းဖြစ်၏။

သို့ဖြစ်၍ ကျွန်တော် တကြော်ကြော်ခေါ်လိုက်လေ၏။ သူမတို့ ကြားဟန်မတူ။

"သည်လောက်တောင်ဖြစ်လာတာ"

ကျွန်တော် မကြေမနပ်ဖြစ်သွားသဖြင့် လက်တွင်းရှိသေနတ်ဖြင့် သူမတို့အား ခြောက်လှန့်ပစ်ခတ်ရန် စဉ်းစားလိုက်၏။

သို့ကြောင့် မှဆိုးဒူးထောက်ထိုင်ချကာ သူမတို့ထံ လှမ်းချိန်လိုက်၏။

ခေါင်းပေါ်မှကျော်၍ ပစ်ရလိုက်ပေရော့မည်။ သို့ ဆုံးဖြတ်လိုက်ကာ သေနတ်မောင်းထိန်းခလုတ်ကို ဆွဲလိုက်သည်တွင်မတော့

"ချောက်"

"ဟာ"

ဘယ်လိုဖြစ်ရတာပါလိမ့်• သေနတ်ကျည်မထွက်ပါကလား။ မကြေမနပ်ဖြစ်လျက် ထပ်မံတစ်ချက်ဆွဲလိုက်ပြန်၏။

"ချောက်"

"တောက်"

ကျွန်တော်ပို၍ ဒေါသထွက်သွားရချေတော့၏။ သူမတို့



ဘယ်ရောက်သွားသည်မသိပါတော့ချေ။ မျက်ခြည်ပြတ်သွားချေပြီဖြစ်တော့၏။

သို့ရှိစဉ်

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံတစ်ချက် နောက်တက်တောင်ကြောပေါ်မှ ထွက်ပေါ်လာချေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်သားကောင်တွေ့၍ ပစ်လိုက်ခြင်းဖြစ်ချိမ့်မည်။

ကျွန်တော်ရှေ့ဆက်မသွားလိုတော့ချေ။ လာလမ်းအတိုင်းပြန်ခဲ့ချေတော့၏။ အချိန်သည်လည်း တစ်နာရီပြည့်ပေရော့မည်။

ရိက္ခာအလို့ငှာ လင်းမြင့်လှိုင်ထံပါလာပေလိမ့်မည်။ လင်းမြင့်လှိုင်သည် တစ်ချက်တစ်ကောင်မဟုတ်ပါကလား။

ကျွန်တော် နောက်ကြောင်းပြန်လှည့်လာစဉ်

"ဒိန်း"

မုဆိုးကြီးတာပုသွားရာဘက်မှလည်း သေနတ်သံ တစ်ချက်ထွက်ပေါ်လာပြန်ချေတော့၏။

မည်သို့ပင်ဆိုစေ ကျွန်တော်တို့တွက် ရိက္ခာသားကောင်တစ်ကောင်တော့ဖြင့် ကျိန်းသေရလောက်ပေပြီ။

ကျွန်တော်ကတော့မူ သူတို့နှစ်ယောက်အား အမျိုးသမီးသုံးယောက်အကြောင်းကိုသာ ပြောပြနိုင်ပေရော့မည်။

ကျွန်တော်တို့၏။ စုရပ် ခြေတံရှည်တဲစုသို့ ရောက်သည်တွင်တော့• လင်းမြင့်လှိုင်ကော မုဆိုးကြီးတာပုပါ ရောက်နှင့်နေကြချေ

ပြီဖြစ်တော့သည်။

“ကိုပိုက် ဘာကောင်မှ မပစ်ခဲ့ရဘူးထင်တယ်··”

လင်းမြင့်လှိုင်က ကျွန်တော့်အားမြင်သည်နှင့် သို့ပြော လာချေ၏။

စောတာပုကမူ ကျွန်တော့်အား ပြုံးကြည့်လာချေပြီး -

“ပစ်ဖို့တော့ အခြေအနေပေးပါလိမ့်မယ်။ အကြောင်းကြောင်း ကြောင့် မပစ်လိုက်ရဘူး ဖြစ်မှာပါ··ဟုတ်တယ် မဟုတ်လား·· ဆရာလေး ···”

“ဘုရားရေ·· မုဆိုးကြီးတာပု ဘယ်လိုသိတာပါလိမ့်··”

ကျွန်တော်မုဆိုးကြီးတာပုကို စေ့စေ့ကြည့်လိုက်၏။ တစ်စုံ တစ်ရာ ပြောရန်မဟုတ်ပါချေ။ တအံ့တသြဖြင့်ကြည့်ခြင်းဖြစ်၏။

သို့ဆိုတော့ ··

“ဆရာလေးပိုက်ရယ် မအံ့သြပါနဲ့ ကျွန်တော့်နေရာကနေ ဆရာလေးပိုက်ကို ကျွန်တော် လှမ်းတွေ့ချိန်မှာ ဆရာလေး မုဆိုး ဒူးထောက်ထိုင်နေပြီး သေနတ်ကို ရှေ့ထိုးချိန်နေတာ တွေ့လိုက်တယ် သားကောင်ကိုပစ်ဖို့ပဲ မဟုတ်လား···”

သို့ပြောလေသည့် မုဆိုးကြီးတာပုကို ကျွန်တော်က အနားတိုး လိုက်လေပြီး··

“ဘယ်နားလေးမှာ တွေ့လိုက်လို့တုံး·· ”

“သစ်ပုပ်ပင်ကြီး ခပ်လှမ်းလှမ်းလောက်မယ်လေ”

“အလိုလေးဗျာ··ကျွန်တော် သူပြောသည့် သစ်ပုပ်ပင်ကြီး အခြေအောက်တွင် အမျိုးသမီး သုံးယောက်အား ခြောက်လှန့်ပစ်ရန် ရည်ရွယ်လိုက်လေခြင်းဖြစ်၏။ မုဆိုးကြီး တစ်ဖက်တောင်ကြောမှ



လှမ်းမြင်လိုက်ပုံပင်။ သို့ကြောင့်

“ဟင်·· နို့ဖြင့် ဖထီး ခင်ဗျား·· ကျွန်တော့်ရဲ့ ပစ်မှတ် သားကောင်ကိုကော တွေ့လိုက်လား”

သို့ မေးလိုက်ချေ၏။

“နို့တော့ ဘယ်မြင်ပါ့မလဲကွ”

“ဟူး···” ကျွန်တော် စိတ်ကုန်သွားတော့၏။

“ကျွန်တော့် ပစ်မှတ်က ဘာကောင်ထင်လဲ”

“ဘယ်သိပါ့မလဲ··ကို့၊ ဆတ်၊ ဝက်၊ ဝံ ပေါ့ဗျာ·· သည့်အပြင် ဘာကောင်ရှိမှာတုံး···”

မုဆိုးကြီးက သို့ပြောလေသဖြင့် ကျွန်တော်ပြုံးလိုက်ကာ

“တစ်ခုမှ မဟုတ်ဘူး·· မနုဿ သားကောင်”

“ဘာ”

“ဘယ်လို”

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်ကော မုဆိုးကြီး တာပုပါ အံ့သြသွားကြချေတော့၏။

“ဘာလဲဗျာ··· ရှင်းအောင်ပြောပါလား”

လင်းမြင့်လှိုင်က မေးလာလေ၏။ သို့ကြောင့် ကျွန်တော်သည် သူတို့ နှစ်ယောက်အား အမျိုးသမီးသုံးယောက်အား တွေ့လိုက်ပုံ၊ သူတို့ကိုလိုက် မမီ၍ ခြောက်လှန့်ပစ်ခတ်ရန် ရည်ရွယ်လိုက်ပုံတို့ကို ပြန်ပြောပြလိုက်ချေတော့သည်။

သည်တွင်

“ကိုပိုက်ကြည့်ရတာ သည်အမျိုးသမီး သုံးယောက်ကို မြင်မြင် နပုံပဲ၊ ကိုပိုက် စိတ်တွေ ခြောက်ခြားနေလို့များလား·· ဆိုလိုတာ

ကလည်း စိတ်ကထင်ပြီး ဖြစ်နေတာလားလို့ပါ…"

"ဘယ်လို ဖြစ်နိုင်မှာလဲ ကိုလင်းရယ်‥ တကယ်ပြောတာပါဗျာ‥"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့်တာပုသည် ကျွန်တော့်အား ညည်သို့စကားမျှ မပြောကြတော့ဘဲ သူတို့ပစ်ခတ်ရလာသည့် သားကောင်တို့ကို ပြလာချေတော့၏။ တာပုရလာသည်မှာ ဖွတ်ကောင်ကြီး ဖြစ်၏။

လင်းမြင့်လှိုင်ရလာသည်မှာ မျောက်ကောင်ဖြစ်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် ခြေတံရှည်တဲစုလေးရှိရာ နေရာတွင်ပင် စခန်းချလိုက်ကြ၏။ သို့ပေမင့် ထိုတဲများပေါ်သို့ တက်ရောက်ခြင်းမပြုကြချေ။ ခပ်လှမ်းလှမ်းရှိ ပျဉ်းမပင်ကြီးတစ်ပင် အောက်သို့ သွားရောက် စခန်းချလိုက်ကြခြင်း ဖြစ်ချေ၏။

ကျွန်တော်တို့သည် တဲစုအနားတွင်ရှိ ပျဉ်းမပင်ခြေတွင် ထင်းမီးပုံကိုလုပ်လိုက်ကြ၏။ လင်းမြင့်လှိုင်နှင့် တာပုရလာသည့် ဖွတ်ကောင်နှင့် မျောက်ကောင်ကို အသားဖျက်၍ တံစို့ထိုး မီးကင်လိုက်ကြ၏။

ခြေတံရှည်တဲစုမှ လူတွေ ပြန်လာနိုး စောင့်ရင်းဖြင့် ကျွန်တော်တို့သည် အသားမီးကင်စားရင်း နားနေလိုက်ကြ၏။

လင်းမြင့်လှိုင်ထုတ်ပေးလာသော ဝီစကီတပြား ကုန်သွားသည်တွင်မတော့…

"ငါ ရေသွားချိုးဦးမယ်"

သို့ဆိုလျက် မုဆိုးကြီးတာပုက ကျွန်တော်တို့ အပါးမှ ထွက်သွားလေ၏။



လင်းမြင့်လှိုင်က

"ကျွန်တော် နားနေချေဦးမယ် ‥ ‥ကိုပိုက် လိုက်ချင် လိုက်သွားလေ"

သို့ဆိုတော့ ကျွန်တော် တာပုနောက် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

"ဖထီ ခဏနေပါဦးဗျာ‥ အဲ‥ နေ‥နေ‥သွားနှင့် ကျွန်တော် အလေးအခင်းသွားပြီး လိုက်လာခဲ့မယ်"

သို့ဆိုလျက် ကျွန်တော်သည် စခန်းနေရာလေး နောက်ဖက်ရှိ ချုံပုတ်ပင်နွယ်ပင်လေးတို့ကာဆီးနေသော မြောင်လေး တစ်ခုကို ခွထိုင်လိုက်၏။

ထိုနေရာမှ မြောင်လေးအတွင်း အခင်းကြီးသွားရန် ဖြစ်ချေတော့သည်။

ကျွန်တော် အခင်းကြီးသွားရင်း ဟိုသည် အကဲခတ်ကြည့်နေလိုက်မိ၏။ ဘယ့်တွက်မှု ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ဦးက ချောင်းမြောင်းနေသည်ထင်၍ပင်။ လက်တွင်းရှိ သေနတ်ကိုလည်း နံဘေးတွင် ချထားခဲ့ရာမှ လှမ်းယူလိုက်ချေ၏။ တောတောင်တွင်းဆိုတော့ သားရဲကောင်လည်းဖြစ်နိုင်၏။ သို့ဆိုပါက မိမိမှ လက်ဦးမှု ရယူမှ ဖြစ်မှာကိုး‥။

ကျွန်တော် ကပျာကသီပင် အခင်းကြီးကို သွားလိုက်လေပြီး နေရာမှ ထရပ်လိုက်၏။

"ဟာ"

ရှေ့တူရူဆီလောက်မှ ပြေးလွှားသံကြောင့် လှမ်းကဲကြည့်လိုက်၏။ သားကောင်တော့ဖြင့် မဖြစ်နိုင်။

စေ့စေ့ကြည့်လေသည်တွင်မတော့ ထိုသည်ကား လူတစ်ယောက်ဖြစ်နေခြင်းပင်‥ ။

ဘယ်သူများပါလိမ့်‥ ဘယ့်တွက် ကျွန်တော့်အား ချောင်းမြောင်းနေရတာပါလိမ့်‥ ၊ ကျွန်တော် သင်္ကာမကင်းစိတ်မသန့်၍ ကပျာကသီ ထရပ်လိုက်နိုင်၍ ထိုသို့ ချောင်းမြောင်းနေသူသည် ပြေးထွက်သွားခြင်းဖြစ်တော့၏။

ကျွန်တော့် လက်တွင်းရှိ သေနတ်ဖြင့် ခြောက်လှန့် ပစ်ရန် စိတ်ကူးလိုက်မိသည် ဆိုပေမင့် ကျွန်တော် ထိုစိတ်ကူးကို ဖျက်လိုက်ကာ လင်းမြင့်လှိုင်ရှိရာသို့သာ ပြန်သွားလိုက်တော့၏။ စောတာပု ရေချိုးနေသည့် နေရာသို့ သွားလိုသည့် စိတ်မရှိပါတော့ချေ။

"ကိုပိုက် ရေချိုးတာ မြန်လှချည်းလား‥"

လင်းမြင့်လှိုင်က ပြောလေ၏။

သို့ဆိုတော့ ကျွန်တော် အခင်းသွားနေစဉ် ချောင်းမြောင်းနေသူတစ်ယောက်ရှိကြောင်း ပြောလိုက်လေသည်တွင်‥

"အင်း‥ခြေတံရှည်တဲ့စုက လူများလား‥‥"

လင်းမြင့်လှိုင်က ထင်မြင်ချက် ပေးလေ၏။

"မပြောတတ်ပေဘူးဗျ‥"

သို့ရှိစဉ် စောတာပု ရေချိုးရာမှ ပြန်လာချေ၏။

"ဟာ‥‥"

"ဟိုမယ်‥ဟိုမယ်‥"

လင်းမြင့်လှိုင်က တာပုကိုကြည့်ရင်း သို့ပြောလာ၏။ ရေချိုးပြန်လာသည့်တာပုစွင် လူပိုတစ်ယောက်ပါလာ၏။

ထိုလူ၏ ဟန်ပန်ကိုကြည့်ခြင်းအားဖြင့် ထိုသူသည် တာပု၏



အသိမိတ်ဆွေမဟုတ်နိုင်ချေ။ ဘယ့်တွက်မူ တာပုက ထိုသူအား လက်ပြန်ကြိုးတုပ်၍ ခေါ်လာခြင်းကြောင့် ဖြစ်ချေတော့၏။

ထိုသူသည် ကျွန်တော်တွေ့လိုက်သူများလား‥‥။

"ကိုပိုက်‥ ဘာစိုက်ကြည့်နေတာတုံး‥အဲဒီလူကို သိလို့လား‥"

သို့ လင်းမြင့်လှိုင်က မေးလာ၏။

"အင်း‥ကျွန်တော်ကို ချောင်းမြောင်းနေတဲ့သူ ဖြစ်မလားလို့ပါ"

သို့ ကျွန်တော်က လင်းမြင့်လှိုင် သိသာရန် တိုးညှင်းစွာ ပြောလိုက်သည် ဆိုပေမင့်‥ ။

"ဟုတ်ပါတယ်‥ကျွန်တော် ဆရာလေးကို လာချောင်းကြည့်မိပါတယ်‥"

အလိုလေးဗျာ‥ထိုသူကြားသွားပုံ ရ၏။ သို့ကြောင့် ထိုသို့ ပြောလာခြင်းဖြစ်ချေ၏။

"တာပု‥ခင်ဗျားက သူ့ကို‥‥"

လင်းမြင့်လှိုင်က မေးလေခြင်းဖြစ်၏။

"သူ ကျွန်တော်ရေချိုးနေတုန်း ခပ်လှမ်းလှမ်းချုံပုတ်ကနေ ချောင်းမြောင်းနေလို့ အလွတ်မပေးဘဲ အမိဖမ်းလာတာ"

"ခင်ဗျား‥ဘာလို့ လိုက်ချောင်းမြောင်းနေတာတုံး‥ဒုက္ခပေးချင်လို့လား‥"

လင်းမြင့်လှိုင်က မေးလေ၏။ သည်တွင် ထိုသူက ခေါင်းကို ခါယမ်းလိုက်ချေပြီး

"ဟာ••မဟုတ်ဘူး•• မဟုတ်ဘူး•• ဆရာလေးတို့ကို ချောင်းမြောင်းနေတယ်ဆိုတာ ဒုက္ခပေးချင်လို့ မဟုတ်ပါဘူးဗျာ•• တကယ်ပါ••ယုံစမ်းပါ•••"

"နို့ဖြင့် မှန်မှန်ပြောချေဗျာ••"

ကျွန်တော်က သို့ ခပ်မာမာ လေသံဖြင့် ပြောလိုက်လေ၏။

"ဟို••ဟို•• တဲစုက လူတွေလားလို့ ကြည့်နေတာပါ"

"ဟင်"

"ဘာ"

"ဘယ်လို"

"သည်တဲစုက လူတွေ ပြန်ရောက်မရောက်လာကြည့်တာပါ"

"ဟင်•• ခင်ဗျား သူတို့ကို လာစောင့်နေတာ ဘာကိစ္စ အရေးကြီးရှိလို့တုန်း••၊ သူတို့ မရှိကြတော့ပေမင့် ကျွန်တော်ရှိတာပဲဗျာ•• ဘာဖြစ်လဲ•• ဘာလုပ်ချင်လဲ ပြောလေဗျာ• "

"ဟို•ဟိုတက်တဲစုက အမျိုးသမီးတစ်ယောက် ဒုက္ခရောက်နေလို့ သူကလာကြည့်နိုင်းပြီး ကေသီဆိုတဲ့ အမျိုးသမီးကို ခေါ်ခိုင်းလို့ပါ••"

"ဘာ•• ဘယ်လို"

အလိုလေးဗျာ••ဟုတ်ပြီ••သူ့ကို သေချာမေးရပေမည်။ သူ့ပြောစကားအရ တဲစုတွင် ကေသီဆိုတဲ့ အမျိုးသမီးရှိနေပုံပင်။ ထိုအမျိုးသမီးနှင့် ထိုသူပြောသည့် ဒုက္ခရောက်နေသည့် အမျိုးသမီး မည်သို့ ပတ်သက်လေသည် မသိပါချေ။ မည်သို့ပင်ဆိုစေ သည်လူ



နှင့် ပတ်သက်၍ တဲစုနေ လူတို့အကြောင်း သိနိုင်ပေမည်။

"ဟုတ်ပါပြီ•ခင်ဗျား••ဘယ်ရွာကလဲ• သည်တောတောင်ထဲ ဘာလာလုပ်တာလဲ"

လင်းမြင့်လှိုင်က မေးလေ၏။

"ကျွန်တော် ရွှေညာရွာကပါ•• သည်သစ်ကွက်မယ်•• သစ်လာပေါက်ရင်း အမျိုးသမီးနဲ့ တွေ့တာ•• သူက ညွှန်းလိုက်လို့ပါ•• "

"နို့မေးရဦးမယ်••သည်ခြေတံရှည်တဲစု သည်မှာရှိနေတာ ခင်ဗျားနဂိုကတည်းက သိနေတာလား••"

သူခေါင်းကို ခါယမ်းပြလေ၏။

"နို့ဖြင့် ခင်ဗျား••ဘယ်လိုကြောင့်"

"အဲဒီအမျိုးသမီး ညွှန်းလိုက်တာ၊ ခင်ဗျားတို့ ကြည့်ရတာ တဲစုနေလူတွေနဲ့ တူပုံမပေါ်ပါဘူး။ ခင်ဗျားတို့က မြို့က ရောက်လာတဲ့ ညှိသည်မှဆိုးတွေပဲဖြစ်မယ်••နို့ကြောင့် ကျွန်တော် သည်ကရင်ကြီးကို သည်တဲစုကထင်ပြီး ချောင်းမြောင်း နောက်ယောင်ခံလိုက်ဖို့ စဉ်းစားနေတုန်း ကရင်ကြီးက ကျွန်တော်ပုန်းကွယ် ချောင်းမြောင်းနေတာကိုသိပြီး ခုလို ဖမ်းခေါ်တာခံခဲ့ရတာ•••"

"အေး•• သူက ကျွန်တော်တို့ အဖွဲ့ကပဲ•• ကျွန်တော်တို့ကလည်း ခြေတံရှည်တဲစုက လူတွေနဲ့ တွေ့ချင်နေတာ"

"သူတို့မရှိကြဘူးလား••၊ ဘယ်သွားကြလဲ"

သို့ဆိုတော့ ကျွန်တော်တို့ညာက တဲစုနေ အမျိုးသမီးတစ်စု ပြန်လာပေမင့် ယနေ့နံနက်တွင်မတော့ လုံးဝ မတွေ့မြင်ရခြင်း ပြောပြလိုက်၏။ ပြီး ယခု သူနှင့် ဆုံပုံကို ပြောပြလိုက်၏။

"ဟင် နို့ဖြင့် ဘာတွေလဲဗျ . . "

ထိုလူမစဉ်းစားတတ်အောင်ဖြစ်သွားပုံပင် . . . သို့ကြောင့်

နို့ဖြင့်လည်း ပြောပါဦး ခင်ဗျားတွေ့ခဲ့တဲ့ ဓာတ္တသည် အမျိုးသမီး

က ခုဘယ်မှာလဲ"

"ဟိုရှေ့ တောင်ကြောကလေးပေါ်မယ်"

"သူဘာဖြစ်တာလဲ"

ကျွန်တော်က မေးလိုက်၏။

"သူဒဏ်ရာ ရထားပုံပဲ . . . ကျွန်တော် သူ့ကိုစတွေ့တော့ လူသားစင်စစ် တစ်ယောက်လို့ မထင်မိဘူး . . . "

"ဘာလို့လဲ"

"သူ့ကြည့်ရတာ ဥစ္စာစောင့်လိုလို"

"ဗျာ . . . ဘယ်လို"

"တကယ်တော့ လူသားစင်စစ်ပါပဲ . . သူ့ဒဏ်ရာက ဝါးကြော ရှတာဖြစ်မှာပါ . . အတော်ကလေး ပြင်းထန်ပုံရတယ်၊ နို့ကြောင့် ကျွန်တော့်ကို အကူအညီတောင်းတာ"

"ဟုတ်ပြီလေ . . ခု ခင်ဗျားလဲ အမြင်ပဲ တဲစုမှာ ဘယ်သူမှ မရှိဘူး . . သည်တော့ သည်လိုလုပ် . . ကျွန်တော်တို့ လိုက်ခဲ့မယ် ကျွန်တော်တို့မယ် ဆေးဝါးအပြည့်အစုံပါတယ် . . "

သို့ဆိုတော့ ထိုသူကလည်း ကျွန်တော်တို့အား စေ့စေ့ ကြည့်လာချေပြီး . .

"ဟန်လိုက်လေ . . "

သို့ပြောပြီး ကျွန်တော်တို့အား ခေါ်သွားလေတော့သည်။

"ကိုလင်း . . သည်တဲစုက လူတွေကို မစောင့်တော့ဘူးလား"



လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းပြလိုက်ချေပြီး

"မသေချာဘူး . . သည်တော့ သေချာတဲ့သူဆီသွားတာ အကောင်းဆုံးပဲပေါ့"

သို့ဆိုတော့ ကျွန်တော်သဘောပေါက်လိုက်ချေပြီ ဖြစ်တော့သည်။

"ဟုတ်ပြီ . . နားလည်ပြီ"

သို့ဖြင့် ကျွန်တော်တို့သည် ထိုလူဦးဆောင်မှုဖြင့် စခန်းနေရာ လေးမှ ထွက်ခဲ့ကြတော့သည်။

တစ်မြောင် နှစ်မြောင် ဖြတ်ပြီး ချောင်းတစ်ခုအတွင်း ရောက် သွားသည်တွင်မတော့ . . .

"ဟုတ်ပြီ . . သည်ချောင်းအတိုင်း အထက်ဘက် ဆန်တက် သွားမယ်ဆိုလျှင်ဖြင့် တောင်ခြေကတုံးကို ရောက်ပြီ"

သူပြောသလိုပင် ကျွန်တော်တို့သည် မကြာလိုက်သော အချိန်ကလေးတွင် တောင်ခြေကတုံးတစ်ခုသို့ ရောက်သွားကြတော့၏။

"ဘယ်မလဲ ခင်ဗျားတွေ့ခဲ့တဲ့ အမျိုးသမီး . . "

ကျွန်တော်က မေးလိုက်လေ၏။

ထိုသူသည် မျက်လုံးမျက်ဆန်ပြူးသွားချေပြီး

"ဘုရားရေ . . ဟောဟိုက သစ်ပင်ကြီးအောက်ခြေမယ် သူ့ကို အသေအချာ ထားခဲ့တာပဲ . . . "

"နို့ဖြင့် ခင်ဗျားကို မစောင့်နိုင်လို့ သူဘာသာ ထွက်သွားပြီ" ဟု ကျွန်တော်က ပြောလိုက်၏။

"မဖြစ်နိုင်ဘူး . . သူ့ကြည့်ရတာ လမ်းလျှောက်နိုင်ပုံ မပေါ် ဘူး . . ၊ မဖြစ်နိုင်ဘူး"

"နို့ဖြင့် သားရဲကောင်နဲ့ တိုးသွားလို့များလား..."

"အဲလိုလည်း မဖြစ်နိုင်ဘူး..သည်တစ်ဝိုက် ဘာခြေရာမှ မတွေ့ဘူး. ."

အံ့သြဖို့တော့ ကောင်းချေပြီ..။

"ခင်ဗျား ကျွန်တော်တို့ကို လိမ်ညာနေတာလား"

သို့မေးလေသည့် လင်းမြင့်လှိုင်ကို ကျွန်တော်တအံ့တသြ ကြည့်မိချေ၏။

ကျွန်တော်တို့ကတော့ ဘာလို့များ ထိုသူကိုသို့ မမေးမိကြပါလိမ့်။

"ပြောလေဗျာ... ဘာလို့ ကျွန်တော်တို့ကို လိမ်ညာချင်ရတာလဲ.. "

သို့ဆိုတော့ ဝိုလှသည် လင်းမြင့်လှိုင်အား ကြောက်လန့်နေဟန် ကြည့်နေလေပြီး

"သူ..သူ ပြောခိုင်းလို့ပါဗျာ.. "

"ဘယ်သူလဲ ခင်ဗျားပြောတဲ့ ဒုက္ခရောက်နေတယ်ဆိုတဲ့ အမျိုးသမီးလား"

"ဟုတ်...ဟုတ်ပါတယ်"

"နို့ဖြင့် သူ ကျွန်တော်တို့ကို အဲလိုလာပြော ခေါ်ခိုင်းတာ သူမ ဘာအကြံအစည်ရှိလို့လဲ ခင်ဗျားသိလား.. "

"တကယ်မသိပါဘူး..ဆရာလေးတို့ရယ်..သူက ကျွန်တော်ကို ငွေပေးမယ် သူပြောသလို သွားပြော ခေါ်လာခဲ့ဆိုလို့"

"ခင်ဗျားဘယ်လောက်ရလိုက်လို့လဲ.."

"ဟို..ဟို ငွေငါးထောင်ပါ"



"အင်းလေ..သူသစ်ခုတ်တာတောင် အဲလောက် မရနိုင်တော့လည်း သူ သူမခိုင်းတာ လုပ်ပေးရတော့မပေါ့.. နားလည်ပေးလိုက်ပါ ကိုပိုက်"

လင်းမြင့်လှိုင်က သို့ပြောလာလေ၏။

သို့လည်း အဟုတ်သားကလား။ ကျွန်တော် သဘောမပေါက်သည်မှာ ဘယ့်တွက် သူမက ကျွန်တော်တို့အား ထိုနေရာလေးမှ ထွက်လာစေချင်သောစိတ်ဖြင့် ထိုသို့ ပြုမူလေခြင်း မဖြစ်နိုင်ချေ။ ကျွန်တော်တို့ မသိနိုင်တဲ့ အခြားကိစ္စတွေများ ရှိနေပေလို့လား။

"ကိုလင်း ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ"

သို့မှ ကျွန်တော်တို့ သုံးယောက်ခေါင်းချင်းဆိုင်နေသည်တွင်

"ဟာ ဟိုလူပြေးပြီ.. ပြေးပြီ"

တာပုက သို့ပြောပြီး ပြေးထွက်သွားသော ထိုသူနောက် ပြေးလိုက်မည် ပြုလေသဖြင့်

"မလိုက်နဲ့ တာပု.. သူသွားပါစေ..သူ့အမှန်တွေ ပြောသွားတာပါ"

"နို့ဖြင့် အဲဒီ အမျိုးသမီးက ဘာလို့ ကျွန်တော်တို့ကို အဲလိုလုပ်ရတာလဲ ... သူ့လည်း ကိုယ်မသိ..ကိုယ့်လည်း သူမသိ"

သို့ ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် တစ်ချက်တွေဝေသွားတော့၏။ ပြီးလေမှ -

"ဖျောက်"

လက်ဖျောက်တစ်ချက်တီးလိုက်ကာ

"ဟုတ်ပြီ..သိပြီ..လာချေဗျာ.. ခပ်မြန်မြန်.."

လင်းမြင့်လှိုင်က သို့ပြောပြီး နေရာမှ ပြေးထွက်သွားသဖြင့်

"ဟာ··ကိုလင်း ဘာလဲဗျာ··ဘာလဲ·· ဘယ်သွားမလို့ လဲ··"

သို့ကျွန်တော်က မေးလည်းမေး··လင်းမြင့်လှိုင်နောက်သို့ လည်း ထပ်ကြပ်မကွာ ပြေးလိုက်သွားချေတော့၏။

တာပုသည်လည်း ကပ်ပါလာလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ခြေတံရှည်တဲစုသို့ ပြန်ရောက် သွားကြမြန်၏။ ဘယ်လိုတွေဖြစ်နေပါလိမ့်··။ လင်းမြင့်လှိုင် ဘာကြောင့် ထိုနေရာ ပြန်သွားတာပါလိမ့်···

လင်းမြင့်လှိုင်က

"လာချေဗျာ··သည်အိမ်ပေါ် တက်ကြည့်ကြစို့·· "

သို့ပြောပြီး ကြိုးလှေခါးတန်းလန်းဖြစ်နေသည့် တဲပေါ်သို့ တက်လိုက်ချေတော့၏။

တာပုနှင့် ကျွန်တော်သည်လည်း တက်လိုက်သွားကြတော့၏။

"ဟင်"

"အို"

"ဟာ"

တဲပေါ်တွင် အမျိုးသမီးတစ်ယောက်ရှိချေ၏။ သူမသည် ကြမ်းပြင်ပေါ်တွင် တစောင်းလှဲနေချေ၏။

လင်းမြင့်လှိုင်က

အဟမ်း··အဟမ်း··အဟမ်း··ဆိုလျက် ထိုအမျိုးသမီးအနား သို့ ကပ်သွားချေ၏။

"သည်မယ် မိန်းကလေး"

လင်းမြင့်လှိုင်က သို့ခေါ်လိုက်လေပြီး··ပခုံးကို အသာကိုင်၍



လှုပ်လိုက်ချေ၏။

"အာ"

"ဟာ"

"ဟင်"

ဘုရားရေ· မျက်လုံးအပြူးသားနှင့် လျှာတန်းလန်းထွက်နေ ချေ၏။ သူမအသက်နှင့် ခန္ဓာကိုယ် တွဲလျက်ရှိနေဟန်မတူ။

"ကိုလင်း··ဘယ်လိုလုပ်မလဲ"

ကျွန်တော်က မေးလိုက်၏။ တာပုက ပါးစပ်အဟောင်းသား ဖြစ်လို့နေချေ၏။

သည်တွင် လင်းမြင့်လှိုင်က သူမကို စေ့စေ့ကြည့်လိုက်ချေ ပြီ

"သူမ အသက်မရှိတော့ဘူး·· ဘာဖြစ်လဲတော့ မသိဘူး"

"ဝေး··ဝေး··ဝေး··"

"ဟေး··ဝေး··ဝေး···ဝေး··"

"အူး··ဝေး···ဝေး···"

သို့ရှိစဉ် တဲအောက်ဘက်မှ သို့ဆိုသလို ဆူဆူညံညံအသံ တို့ကြောင့် တဲပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်ကြ၏။

"အလိုလေးဗျာ··"

"ကိုလင်း ဘယ်လိုလုပ်ကြမလဲ·· "

"ဘာဖြစ်လို့လဲ··ဘာကို စိုးရိမ်နေတာလဲ"

လင်းမြင့်လှိုင်က သို့ပြောလာရင်း သူသည်လည်း အောက်သို့ ငုံ့ကြည့်လိုက်သည်တွင်မတော့··မြင်လိုက်ရသော မြင်ကွင်းကြောင့် ဖြစ်မည်။ လင်းမြင့်လှိုင်တစ်ယောက် ခွံ့အသူတစ်ယောက်လို ဖြစ်သွား

ချေတော့သည်။

"ဘုရားရေ… ငါတို့တော့ နေရင်းထိုင်ရင်း တရားခံ ဖြစ်ရပြီ"

တာပုကလည်း သို့ ညည်းလေပြီး တဲကြမ်းပြင်ပေါ် ခြေပစ် လက်ပစ်ထိုင်ချလိုက်တော့၏။

လင်းမြင့်လှိုင်က ဘာလုပ်ရမှန်းမသိ ဖြစ်နေဟန်ပင်၊ သို့ရှိ နေကြစဉ်

"ဟေး…ဝေး…အောက်ဆင်းခဲ့ကြ…အောက်ဆင်းခဲ့ကြ… မင်းတို့ ပြေးမလွတ်ပါဘူးကွာ…"

ဘုရားရေ… အောက်တွင်ရှိ လူတွေက ကျွန်တော်တို့အား ညာသံပေး ဆူဆူညံညံလုပ်မ်းခေါ်နေကြပါကောလား…

"မင်းတို့ပြေးမလွတ်ပါဘူးကွာ…" ဆိုသည့်စကားက ဘာကို ဆိုလိုချင်တာပါလိမ့်… "

ကျွန်တော်တို့ ဆွမ်းခံရင်း ငှက်သင့်ဖြစ်ရချေပြီပဲ။

သို့ဆိုတော့ ကျွန်တော်က

"ကိုလင်း မဖြစ်ချေဘူး… သည်လူတွေကို အကျိုးအကြောင်း အမှန်ရှင်းပြလို့လည်း လက်ခံမယ့်ပုံမရချေဘူး။ နို့ဆိုတော့ ကျွန်တော့် သဘောပြောရလျှင်ဖြင့် သူတို့ကို ခြောက်လှန့်ပစ်ခတ် သည်နေရာ ကနေ ဆင်းပြေးသွားတာက အမှန်ဆုံးဖြစ်လိမ့်မယ်လို့ ထင်တယ်"

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော်အား သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်လိုက်ချေပြီး…

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ… ကိုပိုက်ရယ် ကျွန်တော်တို့ လုပ်ရမှာ…သူတို့ကို ဆင်းတွေ့မယ်… သူတို့ကို နားဝင်အောင် ပြောကြည့်မယ်"



သို့ဆိုတော့ မုဆိုးကြီးတာပုက အောက်သို့ ငုံ့ကြည့်လိုက်ချေ ပြီး

"ဆရာလင်း မဖြစ်နိုင်ဘူးထင်တယ်…သူတို့ ကြည့်ရတာ ငါတို့နဲ့ စကားပြေရာပြေကြောင်း ပြောချင်ပုံ မပေါ်ဘူး… ငါတို့ သူတို့နားရောက်တာနဲ့ သတ်ကြ ဖြတ်ကြမလားတောင် မသိဘူး။ မျက်နှာတွေကလည်း မာထန်နေကြတာချည်းပဲ… စဉ်းစားပါဦး ဆရာလင်း…"

မုဆိုးကြီးတာပုကလည်း သို့ပြောလာလေ၏။

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်ချေပြီး

"ကျွန်တော် ရှေ့က ဆင်းသွားမယ်…၊ ကိုပိုက်တို့ အခြေ အနေကြည့်ပြီး ဆင်းလာပေါ့ဗျာ… တကယ်လို့ ကျွန်တော့်ကို သူတို့က တစ်စုံတစ်ရာလုပ်လျှင်ဖြင့် ပစ်သာပစ်ကြချေတော့ဗျာ…"

လင်းမြင့်လှိုင်က သို့ပြောပြီး ကျွန်တော်တို့ သဘောတူညီမှု ကိုပင် မစောင့်လေတော့ဘဲ…ကြိုးလှေကားမှ ဆင်းသွားချေတော့၏။

ကျွန်တော်နှင့် တာပုက သေနတ်ကိုယ်စီကို အရံသင့် ပစ်ခတ်နိုင်ရန် လူအုပ်ထံ ထိုးချိန်ထားလိုက်ချေပြီး အခြေအနေကို ကြည့်နေလိုက်ကြ၏။

လင်းမြင့်လှိုင်တစ်ယောက်မြေပြင်သို့ ရောက်သွားတော့၏။

လူအုပ်တွင်း ရောက်သွားတော့၏

"ဟေး …ဝေး…ဟေ… ဝေး…ဝေး …"

"သတ်…သတ်…သတ်ပစ်လိုက်… ဘာကောင်တွေလဲကွ"

သို့အသံကြောင့် ကျွန်တော်သည် ထိုအသံရှင်ကို

လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်ထားလိုက်ချေပြီး

"အေး··ဘာကောင်တွေဆိုတာ မင်းသိချင်လို့ရတယ်၊ ငါတို့လူကို တစ်ခုခု လုပ်ကြည့်လိုက်လေ·· မင်းနလုံးသားထဲကို ကျည်တစ်တောင့် အရင်ပစ်လိုက်မယ်·· ပြီးတော့ အားလုံးကို ပစ်သတ်မယ်· ·"

သို့ ကျွန်တော်က လှမ်းအော်လိုက်ချေ၏။

တာပုကလည်း -

"အေး··ငါလည်း နေမှာမဟုတ်ဘူး··မင်းတို့ စဉ်းစားကြ ငါတို့ကညေ့သည်တွေ ဘာလို့ငါတို့ကို ဝိုင်းထားရတာလဲ·· "

သို့ဆိုတော့ ထိုလူစုတွင်းမှ အသက်အားဖြင့် ၇၀ ခန့်ရှိပြီးဖြစ်သည့် အဘိုးအိုတစ်ယောက်က ရှေ့ထွက်လာချေပြီး

"အေး·· ဘာလို့လဲပြောမယ်·· မင်းတို့တွေ ရွာသူတွေရဲ့ အိမ်ထဲဝင်ကြတယ်·· ပြီးတော့ ရွာသူတစ်ယောက်ကို စော်ကားပြီး သတ်လိုက်ကြတယ်လေ·· သည်တော့ မင်းတို့မှာ အပြစ်မရှိဘူးလား"

ဘုရားရေ··· ကျွန်တော် လုံးဝ တုန်လှုပ်သွားတော့၏။ အိမ်ပေါ်တွင်သေဆုံးနေသည့် အမျိုးသမီးသည် တစ်ဦးတစ်ယောက်၏ စော်ကားခြင်းအပြင် သတ်ဖြတ်ခြင်းခံသွားရသူပါကလား။ ကျွန်တော်တို့ ဆွမ်းခံရင်း ငှက်သင့်ဖြစ်ချေပြီ၊ တကယ်တော့ ကျွန်တော်တို့သည် လင်းမြင့်လှိုင်ခေါ်လာသဖြင့် သည်တဲအိမ်ပေါ် တက်ခဲ့ကြရာမှ ယခုလို တွေကြုံရခြင်း ဖြစ်ပေ၏။

လင်းမြင့်လှိုင်က ထိုအဘိုးအိုနားသွားကာ ဘာတွေ ပြောနေသည်မသိ၊ အဘိုးအိုကတော့မူ စိတ်ရှည်လက်ရှည် နားထောင်နေ



ပေမင့် ကျန်လူတစ်စုက လင်းမြင့်လှိုင်အား စားတော့ ဝါးတော့မတတ် ဝိုင်း၍ ပြောဆို ဆဲဆိုနေကြချေတော့၏။

လင်းမြင့်လှိုင်ကလည်း အကျိုးအကြောင်းပြောပြ တောင်းပန်နေဟန်တူချေ၏။

"ကိုလင်းကသည်လို ရှင်းနေလို့ ဖြစ်မယ်မထင်ဘူး၊ ကျွန်တော်တို့ သေနတ်နဲ့ ရှင်းမှ ရတော့မယ်ထင်တယ်··"

သို့ဆိုသလို ကျွန်တော်က ဆုံးဖြတ်လိုက်၏။ ကျွန်တော်သဘောသည် လင်းမြင့်လှိုင်အား အလျင်ဒုက္ခပေးလာနိုင်မည့် လူတစ်ယောက် နှစ်ယောက်တို့ကို လက်ဦးမှုယူ သတ်ဖြတ်လိုက်မည်ဆိုပါက ကျန်လူစုသည် ထိတ်လန့်တကြားဖြစ် ပြေးသွားကြပေလိမ့်မည်။

သို့ဆိုတော့ လင်းမြင့်လှိုင်အသက်ကယ်ဖို့အတွက် လူတစ်ယောက်နှစ်ယောက်ကိုတော့ဖြင့် သတ်ဖြတ်ရပေမည်။

"ဆရာပိုက် ခြိမ်းခြောက်ပစ်လို့ မရနိုင်ဘူးလား··"

စောတာပုက ချင့်ချင့်ချိန်ချိန်စဉ်းစား ပြောလာလေ၏။

"မဖြစ်ဘူးဗျ··ကိုလင်းနဲ့ အနီးဆုံးလူတစ်ယောက်ကိုကြည့်။ သူ့လက်ထဲမယ် ရဲဒင်းကြီးနဲ့၊ ရဲဒင်းမှာလည်း သွေးတွေ စွန်းနေပုံပဲ၊ ဘာကောင်ကို သတ်ဖြတ်ခဲ့တာလဲ မသိဘူး။ သည်လူ နို့မဟုတ် ရဲဒင်းက သွေးဆာနေတဲ့ပုံ၊ ခြိမ်းခြောက်ပစ်လိုက်တာနဲ့ အဲဒီလူက ကိုလင်းကို အရင်ဦးဆုံး ပုဆိန်နဲ့ ပေါက်သတ်မဲ့ ပုံပေပဲဗျ···"

"ပြီးတော့ သူ့နောက်ခပ်လှမ်းလှမ်းကလူ··ပြီးတော့ ကိုလင်းနောက်မယ်တစ်ယောက်၊ သူတို့ ကြည့်ရတာ ကျန်သူတွေထက်ပိုပြီး လက်ယဉ်နေပုံပဲဗျ···၊ နို့ကြောင့် သူတို့ကို လက်ဦးမှု ရယူမှုဖြစ်

မယ်··"

"နို့ဖြင့်လည်း ဆရာပိုက်ရယ် အသေတော့ မလုပ်ပါနဲ့ ပြဿနာတွေပိုကြီးနေပါလိမ့်မယ်··"

"ဖထီရယ်··ခင်ဗျားက ကျွန်တော်ကို ဘာထင်နေလို့လဲ ကျွန်တော်က သေွးဆာနေတဲ့သူ မဟုတ်ပါဘူး··၊ ဒဏ်ရာ အနာတရ လောက်ပဲ လုပ်မှာပါ·· တစ်ခုတော့ရှိတယ်"

"ပြော··ကိုပိုက်"

"ကျွန်တော်တို့ လက်ဦးမှု ရယူရမှာ သုံးယောက်တော့ အနည်းလေးရှိတယ်၊ သူတို့ထက် လက်ဦးမှုရယူ ပစ်ခတ်နိုင်မှ ဖြစ်မယ် နို့တော့မှ ကျန်သူတွေက ကြောက်လန့်ပြီး ပြေးထွက်သွားမှာ၊ နို့မဟုတ်လို့ကတော့ ကိုလင်းလည်း တစ်စစီဖြစ်ပြီး ကျွန်တော်တို့ လည်း ပြေးမလွတ်ဖြစ်ပေရော့မယ်"

"သည်တော့·· "

"သည်တော့··ကျွန်တော်က ပထမဆုံး ကိုလင်းကို ဒုက္ခ ပေးလာနိုင်တဲ့ ပုဆိန်နဲ့လူကိုပစ်မယ် · ·ပြီးတော့ နောက်ကလူ ကျန်တစ်ယောက်ကိုတော့ ဖထီတာဝန်ယူစေချင်တယ်··မလွဲအောင် ပစ်ဖို့တော့ လိုတယ်နော် ·"

သို့ဆိုတော့ တာပုက သူပစ်ရမည့်သူကို လှမ်းကြည့်လိုက်ချေ ပြီ

"ဟာ··နေဦး··ဟိုမယ်··ဟိုမယ်·· တစ်ခုခု ထူးခြားလိမ့်မယ် ကိုပိုက် အသာနေဦး··"

စောတာပုက လူအုပ်နှင့် ခပ်လှမ်းလှမ်းနေရာသို့ လှမ်းကြည့် ပြောလေသဖြင့် ကျွန်တော်သည်လည်း လှမ်းကြည့်လိုက်၏။



အမျိုးသမီးတစ်ယောက်ဖြစ်ချေ၏။

သူမသည် ထိုလူစုထံ ပြေးလာနေခြင်း ဖြစ်၏။ ထိုလူစု ကလည်း ထိုအမျိုးသမီးတစ်ယောက်ကို လှမ်းကြည့်လိုက်ကြချေ၏။

လင်းမြင့်လှိုင်နှင့် စကားပြောနေသည့် အဘိုးအိုသည်လည်း င်းမြင့်လှိုင်အပါးမှ လှစ်ခနဲ ပြေးသွားကာ အမျိုးသမီးကို စောင့်နေချေ တော့၏။

"ဟွန်း"

လတ်တလော ကျွန်တော့်ဆုံးဖြတ်ချက်ကို ဖျက်သိမ်း ဒိက်ရလေ၏။ သို့ဆိုတော့ စော်သေးသည်ဟု ဆိုရချိမ့်မည်။

သည်အမျိုးသမီးကြည့်ရသည်မှာ သည်လူစုနဲ့ ပတ်သက်ပြီး အရေးပါအရာရောက်သူ ဖြစ်နိုင်လောက်၏။

အဘိုးအိုနှင့် အမျိုးသမီးသည်မျက်နှာချင်းလှချင်းဆုံသည်နှင့် ဘားအပြန်အလှန် ခြေဟန်လက်ဟန်ဖြင့် ပြောနေကြချေ၏။

လင်းမြင့်လှိုင်ကို သူတို့ဂရုမစိုက်ကြပါချေ။ ထိုအမျိုးသမီး သော ဝိုင်းအုံကြည့်နေကြလေ၏။

အဖိုးအိုနှင့် အမျိုးသမီးနှစ်ယောက် ပြောဆိုနေရင်း င်းမြင့်လှိုင်ထံသို့ လှမ်းလှမ်းကြည့်ကြ၏။ ကျွန်တော်တို့ ယောက်ရှိသည့်တဲပေါ်သို့လည်း လှမ်းကဲကြည့်ကြ၏။

အတန်ကြာတွင် ထိုလူစုသည် ဘေးသို့ ခွဲသွားကြ၏။

အမျိုးသမီးက အဖိုးအိုနှင့်အတူ လင်းမြင့် လှိုင်နားရောက်လာ ကြ၏။ လင်းမြင့်လှိုင်နှင့် သူတို့ ဘာတွေပြောဆိုဆွေးနွေးနေကြ ည်မသိ။

အတန်ကြာတွင် လင်းမြင့်လှိုင်က အဘိုးအိုနှင့် ထိုအမျိုးသမီး

နှစ်ယောက်အား ခေါင်းဆတ်ညိတ်ပြပြီး ကျွန်တော်တို့ နှစ်ယောက်ထဲ လှမ်းကဲလက်ပြကာ ဆင်းလာကြပြန်ခေါ်လေ၏။

"ကိုလင်း ခေါ်နေပြီ သွားကြစို့"

တာပုကို ကျွန်တော်က သို့ပြောလိုက်လေပြီး ကြိုးလှေကားမှ တဆင့်ဆင်းသွားကြတော့၏။

လူများက ကျွန်တော်နှင့်တာပုကို မကြေမနပ်ကြည့်နေကြ၏။

"တာပုသတိထား ဘယ်လိုမှန်း မသိရသေးဘူး"

သို့ဆိုသလို ကျွန်တော်က တာပုကို သတိပေးလိုက်ချေ၏။

"အလိုလေးဗျာ"

ကျွန်တော် အောက်သို့ရောက်သည်တွင် သူမကို တွေ့လိုက်သည်နှင့် အံ့သြသွားရချေတော့၏။ ဘယ့်တွက်မှ သူမကို ကျွန်တော် မြင်ဖူးနေကျ မျက်နှာဖြစ်သည်ထင်၍ စေ့စေ့ကြည့်လိုက်လေ၊ ကျွန်တော် အမြဲတွေ့နေကျ ထဘီရင်လျား အမျိုးသမီးသုံးယောက် တစ်ယောက်ဖြစ်ချေတော့၏။ ကွဲပြားသည်မှာ သူမဝတ်ဆင်ထားသည်မှာ အပြာရောင် ထဘီနှင့် ကာကီရောင် အင်္ကျီလက်စ ဖြစ်ချေ၏။ ပြီးတော့ ရှည်လျားသော ဆံပင်ကို နောက်တွဲထုံးထားလေ၏။ သို့ပြား ပန်းနီနီတစ်ပွင့်နှင့် သူမ၏ မျက်နှာပေါ်က မည်သို့မျှ မေ့မရနိုင်သည့် သဏ္ဌာန်ပင် မဟုတ်ပါကလား။

"ဟင်.. မင်း.. မင်း..မင်း..."

ကျွန်တော်က သူမကို မြင်တွေ့ဖူးသည်ကြောင့် သို့ ထစ်ထစ်ငေါ့ငေါ့ မေးစမ်းလေသည်တွင်မတော့ သူမက ကျွန်တော့်အား လုံးဝမမြင်ဖူးသည့်ပုံစံပြနေသည့်ပြင် လင်းမြင့်လှိုင်ကိုသာလှ



အရေးတယူလုပ် ပြောနေလေခြင်း ဖြစ်ချေတော့သည်။

သို့ကြောင့်လည်း ကျွန်တော် မည်သို့မျှ မပြောမဆိုနိုင်။ လင်းမြင့်လှိုင်နှင့် သူမပြောဆိုနေသည်ကိုသာ အသာနားထောင်နေလိုက်ချေ၏။ မှဆိုးကြီးတာပုကတော့မူ သူမအား ငေးမောကြည့်နေချေ၏။

"နို့နေပါဦး.. သည်အပေါ်က အမျိုးသမီးနဲ့ ဘယ်လိုပတ်သက်နေတာတုံး...သူမက ဘယ်လိုဖြစ်ရတာတုံး"

သို့လင်းမြင့်လှိုင်က မေးလိုက်သည်ကို သူမ မည်သို့ ပြန်ဖြေမည်ကို သိလိုသဖြင့် အသာနားစွင့်နေလိုက်၏။

"ကျွန်မတို့ ညီအစ်မ သုံးယောက်ရှိတယ်"

အလိုလေးဗျာ...နို့ဆိုလျှင်ဖြင့် ဟုတ်ပေပြီ.. ကျွန်တော် တွေ့နေကျ ထဘီရင်လျား အမျိုးသမီး သုံးယောက်ဖြစ်ဖို့သေချာနေပြီ၊ ဘစ်ခုရှိသည်မှာ တဲပေါ်တွင် သေဆုံးနေသည့် အမျိုးသမီးကိုတော့ဖြင့် ကျွန်တော်သေသေချာချာ မကြည့်မိလေခြင်းကြောင့် ဖြစ်ချိမ့်မည်။

"သုံးယောက်ဆိုတော့ ကျန်တဲ့တစ်ယောက် ဘယ်မတုံး။ အပေါ်မှာ သေဆုံးနေတာက ညည်းတို့ညီအမ သုံးဖော်ထဲကပေါ့"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"ဟုတ်တယ်...တစ်ယောက်က ဖိုးလေးဆီမယ်"

"ဗျာ...ဘယ်လို..."

"ရှင်တို့လည်း ပြန်မေးရလိမ့်မယ်။ အပေါ်မယ် သေဆုံးနေရတာ ရှင်တို့လက်ချက်မဟုတ်ဘူးဆိုတာ သေချာပါတယ်နော်"

သူမအမေးကြောင့် ကျွန်တော်ကဝင်၍

"ဘယ်လိုဖြစ်နိုင်မှာလဲဗျာ... ကျွန်တော်တို့ကို မယုံပေ

ဘူးလား… ကျွန်တော်တို့က လူကောင်းတွေပါဗျာ‥ သည်တဲစုပေါ် တက်ကြည့်တယ်ဆိုတာလဲ ဟိုနေ့တွေကတည်းက လာလေ့လာနေကြတာပါ။ သည်လိုနေရာမယ် လူတစ်စုရှိတယ်။ ဘယ်လိုတွေလည်း သိချင်တယ်‥။ ပြီးတော့ သည်မယ် လူတစ်ယောက်သေဖူးတယ်လေ။ သူတို့က မီးသဂြိုဟ်ခဲ့တယ်။ ကျွန်တော်တို့သုံးယောက်ရှိတယ်။ ကျားကောင်လာလို့ ပြေးသွားကြတာ လူစုကွဲသွားကြတယ်။ ပြန်လာတော့ အလောင်းမတွေ့ဘူး။ ထူးဆန်းလွန်းလို့ ကျွန်တော်တို့တွေပြောရလျှင်ဖြင့် စပ်စုကြတာလောက်ပါဗျာ‥။ ပြီးတော့ နောက်တစ်ခုက သည်တဲစုမှာ အမျိုး သမီးတစ်စုတွေ့ရပြန်တယ်။ ပြီးတော့ မနက်ကျ ပျောက်သွားပြန်တယ်။ နောက်ဆုံးမတော့ စပ်စုချင်လွန်းလို့ တဲပေါ်တက်ကြည့်ရာမှာ ခင်ဗျားရဲ့ ညီမတစ်ယောက်သေနေတာကို တွေ့တယ်။ သည်အချိန်မယ် လူတစ်စု ခုလိုရောက်လာတယ်။ ကျွန်တော်တို့ သတ်တာလို့ ထင်ခံရတယ်။ ခုခင်ဗျားက ကျွန်တော်တို့ကို ခေါ်တွေ့လို့ ဆင်းလာကြတာပါဗျာ‥ယုံပါ…"

သို့ ကျွန်တော်က ဝင်ပြောလိုက်ချေ၏။

သည်တွင် သူမက နှုတ်ခမ်းလေးရွဲ့ ပြုံးလိုက်ချေပြီး‥

"ဟုတ်ပြီလေ‥ယုံလိုက်မယ်‥"

သို့ပြောပြီး တုတ်ဓားကိုင်လူတစ်စုဘက် လှည့်လိုက်ကာ

"အစ်ကိုတော်တို့ကို ကျေးဇူးတင်ပါတယ်‥ရှင်းသွား ပါပြီ‥သည်ကိစ္စ ကျွန်မ သူတို့နဲ့ ရှင်းပါမယ်…"

"နို့ဖြင့်လည်း သွားပြီ"

သို့ဆိုလျက် အဖိုးအိုက ဦးဆောင်ကာ လူတစ်စုကို



ပြန်ခေါ်သွားချေတော့၏။ ဘုရားရေ‥ ဘယ်လိုတွေပါလိမ့်‥။

ကျွန်တော်တို့ ပို၍ စိတ်ဝင်စားမိတော့၏။

"ညီမလေးကို တက်ကြည့်ကြတာပေါ့"

သို့ဆိုလျက် သူမသည် ကြိုးလှေခါးဖြင့် တဲအိမ်ပေါ်သို့ဦးဆောင်တက်သွားလေတော့သည်။

တဲအိမ်ပေါ်သို့ ရောက်သည်တွင်

"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်တာလဲ…"

ကျွန်တော်တို့ လွန်မင်းစွာ အံ့သြသွားကြသလို ဒေါသလည်းထွက်သွားရချေတော့သည်။ တယ့်တွက်ဆို ကျွန်တော်တို့ သေပြီဟု ထင်ထားသည့် တဲပေါ်မှ အမျိုးသမီးသည် အသက်ရှင်လျက်နေသောကြောင့်ပင် ။

"မကြီးရဲ့ အစီအစဉ် သိပ်ကောင်းတာပဲ"

သူမက သို့ပြောလေ၏။ ဘယ်လိုတွေပါလိမ့်။

"မင်း‥ ‥မင်း" မသေဘူးပေါ့‥ ‥ဘယ်လိုလုပ်တာလဲ‥ ‥တို့ကို ဘယ်လိုကြောင့် ခုလို လှည့်စားရတာလဲ၊ ချောက်ချချင်ရတာလဲ"

ကျွန်တော်က ဒေါသဖြင့် မေးလိုက်ချေ၏။

"အေး မင်းတို့ကြောင့် ငါတို့တွေ ရန်လိုနေတဲ့ လူတစ်စုလက်ချက်နဲ့ သေရတော့မလို့‥ ဘယ်လိုတွေလဲကွာ ငါတော့မလည်နိုင်ဘူး…"

မဆိုးကြီး တာပုကလည်း သို့ပြောလေ၏။

သည်တွင် ပန်းနီနီတစ်ပွင့် ပန်ထားသည့် အမျိုးသမီးက ကျွန်တော်နှင့် လင်းမြင့်လှိုင်အား စေ့စေ့ကြည့်လာချေပြီး…

"သည်လို မလုပ်လို့ မဖြစ်တာမို့ လုပ်လိုက်ရတာကို ခွင့်လွှတ်ဖို့ ဦးဆုံးတောင်းပန်ပါတယ်ရှင်.."

"ဟုတ်ပါဘူး..ဘာတွေ..ဘယ်လိုဖြစ်တာလဲ..သိချင်တယ် မှန်မှန်ပြောပါ.."

"တကယ်တော့ သည်တဲစုနေတဲ့ ကျွန်မတို့ အမျိုးသမီးတွေ အတွက် အခက်အခဲနဲ့ ကြုံနေရလို့ပါ..ရှင်တို့ကို တောထဲ မြင်လိုက် တော့ ကျွန်မတို့ အခက်အခဲကို ကူညီနိုင်လောက်မယ်ထင်ပြီး ခုလို လုပ်လိုက်တာပါ"

"ဟုတ်ပြီ..ထားလိုက်တော့.. အေး ငါတို့ မသိတာကို အလျှင် မေးချင်တယ်"

"မေးပါ"

"သည်တဲစု ခြေတံရှည်မယ် မင်းတို့ မိန်းမတွေချည်းနေတာ လား..ပြီးတော့ သူတို့လူစုကကော ဘယ်လိုပတ်သက်လဲ.. သူတို့နဲ့ မဆိုင်ဘူးလား..သူတို့ကကော ဘယ်ကလူတွေလဲ.. ဝိ ခုတ် သစ်ခုတ်သမားတွေတော့ မဖြစ်နိုင်ဘူး…"

လင်းမြင့်လှိုင်က မေးလိုက်၏။

"အင်း ကျွန်မ သေသေချာချာပြောပြချင်ပါတယ်.. ဖြည်း ဖြည်းပြောမှ ရှင်တို့ နားလည်နိုင်မှာပါ.. နို့ကြောင့် ရှင်တို့တွေ သည်းခံ နားထောင်စေချင်တယ်.."

"ဟုတ်ပြီလေ.. ပြောတော့"

"မဖြစ်သေးဘူး"



"ဘာလို့လဲ"

"ညီမလတ်ကို စောင့်ရဦးမယ်"

"ဗျာ"

"ဘယ်လို"

"ကျွန်မတို့ ညီအစ်မ သုံးယောက်ရှိတယ် ပြောထားတယ် လေ…"

သို့ဆိုတော့ ကျွန်တော်က သူမကို မြဲ၍ ကြည့်လိုက်ချေပြီ

"မင်းမညာချင်ပါနဲ့. ရောက်နေတာမယ် မင်းတို့ငါနဲ့ ဆုံဖူးတယ် ဟုတ်လား.. မင်းတို့တွေ ထဘီရင်လျားနဲ့ ဆိုက်တူ ဂိုက်တူ ဟုတ်လား.. ငါနဲ့ ဆုံနေတာ မင်းတို့ သုံးယောက် မဟုတ်လား"

သို့ ကျွန်တော်က မေးလိုက်သည်တွင်မတော့ သူမက ခေါင်းလေးငုံ့သွားချေပြီ

"ကျွန်မရှင်တို့ကို အမှန်အတိုင်းပြောမယ် ဆုံးဖြတ်ပြီးပြီပဲ။ ကလည်း ဘာလို့လဲဆိုတော့ ရှင်တို့ကို ယုံကြည်လို့ပေါ့.."

"အေး ကူညီမယ်ဆိုတာကလည်း .. အကြောင်းအရာပေါ် တည်ပြီး ကူညီမယ်လို့ပြောတာ.. မင်းတို့တွက်ကြောင့် သူတစ်ပါးကို ကွဲရောက်မယ့် ကိစ္စမျိုးဆိုလျှင်တော့ မကူညီနိုင်ဘူး မှတ်ပါ"

သို့ လင်းမြင့်လှိုင်က ပြောလေတော့၏။

"ဟုတ်ပါတယ် ရှင်ပြောတာ ကျွန်မ မငြင်းပါဘူး။ ဒီတုန်းက ကျွန်မတို့ သုံးယောက်ပါ"

"ငါတစ်ယောက်တည်းကိုပဲ လှည့်စားကြတာပေါ့ ..။ ကလည်း ဘာသဘောလဲ.."

သို့ ကျွန်တော်က မေးလိုက်ခြင်းသည် သူတို့နှင့် ကျွန်တော်

တွေ့တွေ့နေခြင်းကို လင်းမြင့်လှိုင်နှင့် တာပုက မယုံကြည်၍ ဖြစ်သည့်ပြင် ကျွန်တော့်အား စိတ်ကယောက်ကယက်ဖြစ်နေသူဟု ထင်နေကြသောကြောင့် ဖြစ်ချေ၏။ သို့ကြောင့်

"ကိုလင်း ကြားတယ်မဟုတ်လား… ကျွန်တော် တွေ့တွေ့နေတယ်ဆိုတာ ယုံပြီလား"

သို့ဆိုတော့ လင်းမြင့်လှိုင်က ပြုံး၍ ကြည့်လာချေပြီး

"ယုံပါပြီကိုပိုက်ရယ်…ဟင်း…ဟင်း"

"ကဲ… မင်းတို့ပြောစရာရှိ ပြောတော့…ငါတို့ နားထောင်ကြည့်မယ်"

မှဆိုးကြီးတာပုက ပြောလေ၏။

"ညီမလေးလာမှ ပြောလျှင် ပိုပြည့်စုံမှာကြောင့် ခဏလေးစောင့်လိုက်ကြပါဦး…"

"နို့ဖြင့်လည်း သည်လိုလုပ်လေ… ငါတို့ဆာပြီ… မင်းတို့လည်း စားစရာရှိပုံ မပေါ်ဘူး…ငါ စားစရာ သွားရှာချေဦးမယ်"

မှဆိုးကြီးတာပုက သို့ပြောလေ၏။

"ရှင်တို့ ဘယ်လဲ သားကောင်တွေကို သွားပစ်မှာလား…"

"ဟင် … တောထဲတောင်ထဲမယ် သားကောင်သားမစားလို့ ဘာစားရမှာတုံး…"

ကျွန်တော်က ပြောလိုက်၏။

"အလိုလေးရှင်… တောတောင်ထဲ သက်ရှိသားကောင်ချည်းရှိတာ မဟုတ်ပါဘူး…၊ အသီးအနှံအများကြီးရှိပါတယ်။ ရှာဖွေစားလို့ရပါတယ်… တကတည်း အသားစားချင်လို့ ဆင်ခြေပေးနေတာမဟုတ်လား…"



သို့ဆိုသလို သေဟန်ဆောင်နေသည့် အမျိုးသမီးက ပြောလာလေ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် သူမ၏ အကြောင်းတစ်စေ့တစ်စောင်းဆိုသလိုတော့ဖြင့် ခန့်မှန်းမိလိုက်ကြတော့၏။ ဘယ့်တွက်မူ သူတို့အသားထက် အသီးအနှံကို ပို၍ နှစ်သက်ပုံရသောကြောင့်ပင်။ သို့ကိစ္စလေးနှင့်ပင် သူမတို့ကို လူကောင်းတွေဟု သတ်မှတ်၍ ရလောက်ပေ၏။ စိတ်ဝင်စားဖို့ကောင်းသေးတော့၏။

"ဟုတ်ပြီလေ… မင်းညီမလေးဆိုတော့ သည်ကိုလာမှာပေါ့ ·ဘယ်တော့ရောက်လာမှာလဲ…"

"သူ့အဘိုးနဲ့နေခဲ့တာဆိုတော့ …ကိစ္စရှိလို့…"

"အဘိုးဆိုတာ"

ကျွန်ဂတ်က သိလို၍ မေးလိုက်၏။

"ကျွန်မတို့အဘိုးပဲ…ဟိုလူစုရဲ့ အကြီးအကဲပဲ…"

"အင်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ နို့ဖြင့် ကျွန်တော်တို့ကို ညွှန်ပြပါ။ ဘယ်နေရာလောက်မယ် သီးနှံတွေ ရနိုင်မလဲ"

လင်းမြင့်လှိုင်က မေးလေ၏။

"သည်ကနေ လှမ်းကြည့်…ဟိုမယ်တွေ့လား…စိမ်းစိမ်းတောအုပ် …အဲဒါ ငှက်ပျောတောပေပဲ… အဲဒီမယ် ငှက်ပျောတွေရှိတယ်။ မှည့်နေပြီ… ကျွန်မတို့ အဲဒီက ငှက်ပျောတွေပဲ ခူးစားကြတာများတယ်။ အခြားသီးနှံကတော့ ဟိုတစ်ကြော သည်တစ်ကြောဆိုတော့ သွားသွားရှာရတာပေါ့… တကယ်တော့ ငှက်ပျောနဲ့ဘင် ကျွန်မတို့ တဲစုလူတွေအတွက် လုံလောက်ပါတယ်"

"နို့ဖြင့် ခင်ဗျားညီမကို စောင့်ရင်း ကျွန်တော်တို့ သွားခူး

လိုက်ကြမယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်က ဆင်းသွားလေသဖြင့် ကျွန်တော်နှင့်တာပုလည်း လိုက်သွားကြမည် ပြုသည်တွင်

"နေပါဦး သေနတ်ကြီးတွေတာလို့ ယူသွားမှာစိုး•• ထားခဲ့လို့ ရပါတယ်•••"

"ဘယ်လိုဖြစ်မှာလဲ•••တောတောင်ထဲ မုဆိုးဆိုတာ သေနတ်နဲ့ ကင်းကွာလို့ မဖြစ်ဘူးလေ•• သေနတ်ဆောင်တယ်ဆိုတာ သားကောင်ကို ပစ်ဖို့ချည်းမဟုတ်ဘူး။ သားရဲကောင်တွေရဲ့ အန္တရာယ်ကို ကာကွယ်ဖို့လဲ လိုသေးတယ်လေ။

သို့ မုဆိုးကြီးတာပုက ပြောလာလေသည်တွင်မတော့ သူမတို့နှစ်ယောက်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချေပြီး

"ဟင်း••ဟင်း••ဟင်း••ဟင်း••ဟား••ဟား••ဟား••ဟား။ နို့ဖြင့် ကျွန်မတို့တွေ ဘယ်လိုလုပ်မလဲ။ သွေးထွက်သံယို ဖြစ်စေတဲ့ လက်နက်ဆိုလို့ အကျီ လုံချည်ပြဖာဖို့ အပ်ပဲရှိတယ်။ တခြား ဘာလက်နက်မှ မရှိဘူး။ သည်နားတစ်ဝိုက် သည်လိုပဲ သွားလာနေကြတာ ရှာဖွေစားနေကြ တာ"

သို့ဆိုတော့ လင်းမြင့်လှိုင်မျက်ခုံးမြင့်တက်သွားတော့၏။

"ဟုတ်ပြီ••သဘောပေါက်ပြီ"

သို့ဆိုလျှက် လင်းမြင့်လှိုင်က သူမကို စေ့စေ့ကြည့်ပြီး

"နို့ဖြင့်လည်း မင်းစကားကို ယုံလိုက်ပြီ•• သေနတ်တွေ ထားခဲ့မယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်က သေနတ်ကို ထားခဲ့မည် ပြုသည်တွင်



"အဲ•• အဲ့လိုလည်း မဟုတ်ပါဘူး။ ကျွန်မက သဘောကို ပြောပြတာပါ•• ရှင်တို့ ယူသွားလို့ရပါတယ်။ သတ္တဝါလေးတွေနဲ့တွေ့လျှင်လည်း ရှင်တို့ ပစ်ခတ်ကြလိမ့်မယ် မဟုတ်ဘူးဆိုတာ ယုံပါတယ် ယူသွားကြပါရှင်••နို့မှ ရှင်တို့တွေ ကျွန်မတို့ကို အမြင့်ရှင်းမှာ မဟုတ်လား•••။

ဘုရားရေ•သူမတို့သည် ကျွန်တော်တို့ထင်ထားသည်ထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းနေပါကောလား။

"ဘယ်လိုဖြစ်ဖြစ်လေ•••ကျွန်တော်တို့က ခင်ဗျားတို့ကို အပြည့်အဝ ယုံကြည်တယ်ဆိုတာလဲ သူ့နေရာ သူ့စကား•• သူ့သဘောပေါ့••ထားခဲ့ပါမယ်••• အလေးလည်း သက်သာတာပေါ့"

သို့ဆိုတော့ သူမသည် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်ကာ ကြေနပ်ပြုံး ပြုံးနေပြီး•••

"ခုလို ယုံကြည်မှု ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ နို့ကြောင့်လည်း ကျွန်မတို့ အခက်အခဲကို ကူညီပေးနိုင်တဲ့လူတွေလို့ တွက်လိုက်ပြီး ဖြစ်ပါတယ်••"

"အတတ်နိုင်ဆုံးတော့ ကြိုးစားကြည့်ပေးမှာပါ။ လောလောဆယ်တော့ ခင်ဗျားတို့ ဘာကိစ္စတွေ ဖြစ်နေတယ်။ ဘယ်လိုဒုက္ခတွေ ကြုံနေတယ် ဆိုတာ မသိရသေးဘူးလေ••အာမခံဖို့ စောပါသေးတယ်••"

"ဟုတ်ပါပြီရှင်••"

သို့မှ ကျွန်တော်တို့သည် သေနတ်တို့ကို ထားခဲ့ကာ ကြိုးလှေကားဖြင့် အောက်သို့ ဆင်းခဲ့ကြတော့သည်။

"ဆရာလေးတို့ သူတို့ကို ယုံလား"

အောက်သို့ ရောက်သည်တွင် မှဆိုးကြီးတာပုက သို့ပြောလာလေ၏။ မုဆိုးကြီးတာပု "သူမတို့ကို ဘယ်လိုမြင်၍ ဘယ်လိုသဘောထားနေပါလိမ့်··"

"ယုံတယ်"

လင်းမြင့်လှိုင်က သို့သာပြောလေ၏။ ပြီး ရှေ့ဆက် လျှောက်သွားလေ၏။ သို့မှ ကျွန်တော်တို့သည် ငှက်ပျောတောလေးသို့ ရောက်သွားကြတော့သည်။

အလိုလေးဗျာ ·· ထိုငှက်ပျောတောလေးသည် ကျွန်တော်တို့ တောတောင်အတွင်းမြင်နေကျ၊ ကြုံနေကျ ငှက်ပျောတောလေးနှယ် မဟုတ်ပါချေ။ သန်မာထွားကြိုင်းသော အပင်များ ဖြစ်ချေ၏။ သဘာဝပေါက်ရောက်ခြင်းဖြင့် မတူ။ စနစ်တကျ စိုက်ပျိုးထားခြင်းကဲ့သို့ ဖြစ်လေသဖြင့်

"ကိုလင်းရေ·· သည်ငှက်ပျောတောက သဘာဝပေါက်ရောက်နေတဲ့ ငှက်ပျောရိုင်းတော ဖြစ်မယ် မထင်ဘူး·· လူတွေ စနစ်တကျ စိုက်ပျိုးထားတာများလေလား··"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က အနီးတွင်ရှိ ငှက်ပျောပင်မှ ငှက်ပျောခိုင်တွင် တွေ့ရသည့် အဖီးများမှ မှည့်နေသည့် အသီးကို ဆွတ်ခူးလိုက်ချေပြီး အခွံနွှာ တစ်ကိုက်ဝါးလိုက်ချေ၏။

ကျွန်တော် လင်းမြင့်လှိုင်၏ လုပ်ရပ်ကို ငြိမ်သက်စွာ ကြည့်နေမိချေတော့၏။

လင်းမြင့်လှိုင် ဘာများပြောလာလေမည်နည်း။



လင်းမြင့်လှိုင်က ငှက်ပျောသီးကို တစ်စိမ့်စိမ့် ဝါးနေပြီးနောက်

"အင်း ငှက်ပျောရိုင်းသီးမဟုတ်ဘူးဗျ·· ကိုပိုက်ထင်ထားသလို ငှက်ပျောပင်တွေက လူတွေ စနစ်တကျစိုက်ထားတာပေပဲဗျ"

သို့ဆိုတော့ ကျွန်တော် ပြုံးမိသွားသေးတော့၏။ ထင်တော့ အထင်သားကလား။ သို့ပေမင့် ထိုငှက်ပျောတောလေးသည် ကြီးမားကျယ်ပြန့်လွန်းလှချေသေး၏။ သို့ကြောင့် ငှက်ပျောတောအတွင်း ဝင်ကြည့်လိုက်ကြ၏။

သို့ဆိုတော့··

"ဟာ ဟိုမယ် အသီးမှည့် ထွားထွားကြီးရယ်·"

သို့ဆိုလျှက် မိမိသည် သွားရှင်းလာရင် တွေ့လိုက်သော ငှက်ပျောသီး အမှည့်တစ်လုံးရှိရာသို့ ပြေးသွားချေ၏။

"ဟိုအခိုင် ကောင်းတယ်ဗျာ···"

သို့ဆိုလျှက် တာပုကလည်း ပြောရင်းဆိုရင်း ထိုအခိုင်ရှိရာသို့ ပြေးသွားလေ၏။ သည့်ပြင် လင်းမြင့်လှိုင်ကလည်း မပြောမဆို ငှက်ပျောတစ်ပင်ရှိရာသို့ စေ့စေ့ကြည့် ထွက်သွားလေတော့၏။ သို့ဆိုတော့ ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်တစ်ကွဲပြားဆီ ဖြစ်သွားကြတော့၏။

တစ်ယောက်နှင့်တစ်ယောက် မြင်နေကြရသည်ဆိုပေမင့် ငှက်ပျောပင်တို့ကြားမှ အမြင်ဖြစ်ချေ၏။ တစ်ယောက်ထံ တစ်ယောက်သွားမည်ဆိုပါလျှင် ငှက်ပျောပင်တို့ကို ကွေ့ပတ်ရှောင်ဖယ်သွားမှ ဖြစ်ပေလိမ့်မည်။

သို့မှ ကျွန်တော်သည် လွန်စွာမှ အသီးလှသည့် ငှက်ပျော

တစ်ဖီးအား တွေ့လိုက်သည်ကြောင့် ထိုနေရာသို့ အပြေးကလေး သွားလိုက်ချေ၏။

"ဟင်"

ထိုငုက်ပျောဖီးအား ခုတ်ယူလိုက်ပြီး လင်းမြင့်လှိုင်နှင့် တာပု ရှိရာသို့ သွားရောက်မည်ဟု တွက်လိုက်လေခြား သူတို့နှစ်ယောက်၏ အရိပ်အယောင်မျှပင် မတွေ့ပါတော့ချေ။

"ဝူး・・ကိုလင်း"

"ကိုလင်း・・ဝူး"

"တာပု・・ဝူး・・ဝူး・・တာပု・・・ကိုလင်း"

ဘုရားရေ・・・ နှစ်ယောက်စလုံး မတွေ့တော့ပါကလား။

လမ်းကွဲသွားသည်မှာ သေချာပေပြီဖြစ်၏။ ဘယ်လို ဖြစ်ရတာ ပါလိမ့်・・။ ငုက်ပျောတောလေးတွင်းမှထွက်လျှင် တွေ့နိုင်လေမည် တွက်လိုက်ကာ ထိုငုက်ပျောတောအတွင်းမှ ပြန်ထွက်ရန် လျှောက်ခဲ့ သည်တွင်မတော့ အံ့ဖွယ်ငုက်ပျောတော ဖြစ်သည်ကို သတိပြုမိ လိုက်ချေတော့သည်။

ထူးဆန်းလိုက်တာ ငုက်ပျောတောက ဝက်ပါများဖြစ်နေ ကောသလား။ မဖြစ်နိုင်လောက်ဘူးရယ်လို့ စိတ်မှန်းထားမှတ်ခဲ့ပေမင့် ကျွန်တော် ထိုငုက်ပျောတောအတွင်း ယောင်လည်လည် ဖြစ်နေချေ တော့၏။

"ဝူး・ ကိုလင်း・・"

"ဝူး・・ကိုလင်း・・ဝူး・・တာပု"

သို့ဆိုတော့・・ဝူး・・ဝူး・・ဝူး"

ဆိုသည်အသံကြားလိုက်ရသဖြင့် ဝမ်းသာသွားရချေတော့၏။



သို့ဖြစ်၍ ကျွန်တော်သည် သို့ ပြန်လည်အချက်ပေးသံရှိရာသို့ သွားလိုက်ချေတော့၏။

"ဝူး"

"အူး"

သို့အသံ တဖြည်းဖြည်း နီးကပ်လာချေပြီဆိုတော့ကာ လင်းမြင့်လှိုင်များလေလား・・တာပုများလေလား・・သို့တည်းမဟုတ် နှစ်ယောက်စလုံး ဖြစ်နေလေသည်လား။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ဝမ်းသာသွားရချေတော့၏။

သူတို့နှင့် ပြန်ဆုံရပေရော့မည်။

"ဝူး"

"အူး"

"ဝူး"

"ဟာ"

ဘုရားရေ・ပြန်လည် အချက်ပေးသံရှင်ကို တွေ့လိုက်သဖြင့် ကျွန်တော် လုံးဝအံ့အားသင့်သွားရပေတော့၏။

"ဘုရားရေ・・・"

ငုက်ပျောရိုင်းတစ်ပင် လဲကျနေချေ၏။ ထိုငုက်ပျောရိုင်းပင်၏ အောက်ခြေတွင်မတော့ ကြေးနီရောင်ရင့်ရင့် သတ္တဝါတစ်ကောင်ကို တွေ့လိုက်ကြရချေတော့၏။ အလိုလေးဗျာ・・သင်းခွေချပ်တစ်ကောင်ပါ ကလား။ မိမိအား ကျောပေးအနေအထားဖြင့် ခါးကို ကုန်းကုန်းပြု လျက် သူ၏ ရှည်လျားသော လျှာကြီးကို ခွဲဆန့်ထုတ်လိုက် ပြန်သွင်း လိုက်ဖြင့် ခြတောင်ပို့တွင်းရှိ ပျာပန်းခတ် သွားလာနေသည့် ခြကောင် တို့ကို ဆွဲသပ်ယူစားနေလေတော့၏။ သို့မှ

"အူး"

"အူး"

"အူး"

သို့လည်း အသံမြည်လျက်ရှိချေတော့၏။

သို့ကြောင့် ကျွန်တော်သည် ထိုသင်းခွေချပ်ကောင်အား အနီးရှိ တုတ်ပိုင်းဖြင့် ကောက်ယူရိုက်လိုက်လေမည် စဉ်းစားလိုက်ပေပြီးမှ အမျိုးသမီးတို့ကို မြင်ယောင်လာခြင်းကြောင့် ထိုအစီအစဉ်ကို ဖျက်လိုက်ရချေတော့၏။

သည့်နောက် ထိုနေရာလေးမှ လှည့်ထွက်ခဲ့ပြန်တော့၏။ ထိုနေရာလေးနှင့် မနီးမဝေးလောက်သော နေရာရောက်သည့်တွင်

"ဘုတ်"

"ဘုတ်"

"ဘုတ်·· ဖျောက်··ဒုတ်···ဘုတ်"

ကျွန်တော်အလွတ်ပေးလိုက်သော "သင်းခွေချပ်" ကောင်ကို တုတ်ဖြင့် ဒလစပ်ရိုက်နေလေခြင်း ပါကလား။ တုတ်ပိုင်းဆိုသည်မှာ ပျဉ်းကတိုးအနှစ်သား ပုံသဏ္ဍာန်မမှန်တုတ်ဖြစ်ချေတော့၏။

သို့ဆိုတော့ ကျွန်တော် ထိုလူထံ ပြန်ပြေးသွားလိုက်တော့၏။ ထိုလူက ကျွန်တော်ကို မြင်သည်နှင့် သင်းခွေချပ်ကောင်ကိုပင် မယူနိုင်တော့ဘဲ နောက်လှည့် ပြေးသွားချေတော့၏။

ကျွန်တော်အလွတ်မပေးလိုပါချေ။ ဘယ့်တွက်မူ ထိုလူအား ဖမ်းဆီး၍ သူမတို့ထံ ခေါ်သွားလို၍ ဖြစ်ချေ၏။ သို့ဆိုတော့ ထိုလူကို အမီလိုက်လေတော့၏ ထိုသူပြေးလွှားသွားသည်မှာ မြန်လွန်းလှ၏ဟု ထင်ရ၏။



မျက်ခြည်ပြတ်လုနီး ဖြစ်သွား၏။ သို့ပေမင့်လို့ ထိုသူအရေ့ ုမ်းလှမ်းမှ ပြေးသွားသည်ဆိုပေမင့် ကျွန်တော် မျက်ခြေပြတ် မခံလိုပါ ချေ။ အရှိန်အဟုန်ကိုကြည့်၍ ပြေးလိုက်မိပြန်၏။ သို့မှသည်

"ဟာ"

ရှေ့မှ ပြေးသူသည် ဘယ်လိုဖြစ်သွားသည်မသိ၊ ကျန်းမာရေး ကောင်း၍ပေပဲလား၊ ခလုတ်တိုက်၍ပေပဲလားတော့ဖြင့်မသိ၊ ထိုသူ ရှသို့ မှောက်လျက် လဲကျသွားတော့၏။

သို့မှ ထိုသူကို လဲကျအောင်လုပ်လိုက်သူကို သိလိုက်ရချေ ဘာ့၏။

"ဟင်··ကိုလင်း"

လင်းမြင့်လှိုင် ဖြစ်ချေတော့၏။ ထိုသူနှားသို့ လင်းမြင့်လှိုင် ာက်နေချေတော့၏။

"သည်လူ သင်းခွေချပ်ကောင်ကို သတ်ပြေးသွားတာ"

ကျွန်တော်က လင်းမြင့်လှိုင်ကိုပြောလိုက်၏။

"ဘာလို့ မင်းသတ္တဝါလေးတွေကို သတ်ရတာတုံး"

လင်းမြင့်လှိုင်ကလည်း ခြေဖြင့်သာ နင်းထားသည်ဆိုပေမင့် ိသူ လင်းမြင့်လှိုင်ခြေထောက်အောက်မှ မလှုပ်နိုင်ဖြစ်ချေတော့

"မင်း· မင်း·ဘာလို့ သင်းခွေချပ်ကောင်ကို ရိုက်ဖမ်းရတာလဲ ာတ်ရတာလဲ"

လင်းမြင့်လှိုင်က အားထည့်ဖိ မေးလိုက်လေသည့်တွင် ာော့

"အား"

"ဟာ"

"ဟင်"

ဘုရားရေ... ဘယ်လိုဖြစ်တာပါလိမ့် ထိုသူသည် ရုတ်ခြည်းဆိုသလို လင်းမြင့်လှိုင်နှင့်ထားသည့်ကြားမှ ထလိုက်ကာ လင်းမြင့်လှိုင်ကိုလည်း နောက်သို့ လန်ကျသွားသည့်တိုင် တွန်းထိုးလိုက်ချေပြီး ထိုနေရာလေးမှ ပြေးထွက်သွားလေတော့သည်။

"သည်ကောင် သည်အရပ်သား မဟုတ်ဘူး"

"ဘာလို့လဲ ကိုလင်း"

"ကြည့်လေ..သင်းခွေချပ်ကောင်ကို သတ်ပစ်လိုက်တယ်ဟိုအမျိုးသမီးပြောပုံအရ သည်အရပ်သားတွေ ဘယ်သူမှ သတ္တဝါကောင်လေးတွေကို မသတ်ကြဘူးတဲ့၊ ခုလိုဆိုတော့ အဲ့ဒီ့ မကောင်းပေဘူးလား"

"ဟုတ်လိမ့်မယ်၊ သည်ကောင်က တစ်နေရာက ရောက်လာတာဖြစ်နိုင်ပေမင့် သည်နေရာနဲ့ သည်လမ်းကို သိထားပုံရတယ်"

"အလိုလေးဗျာ..ဘယ်လို..ဘယ်လို..ကိုလင်း..ဘယ်လို သိနိုင်လဲ"

"ကြည့်လေ..သူ သင်းခွေချပ်ကိုသတ်တယ်။ ကိုပိုက်မြင်သွားတော့ ထွက်ပြေးသွားတယ်။ အကယ်၍ တခြားလူဆိုလျှင်ဖြင့် သင်းခွေချပ်တစ်ကောင်ကိုသတ်လိုက်ပေမင့် ဘာကြောင့် ကိုပိုက်မြင်တာနဲ့ ထွက်ပြေးသွားမှာလဲ၊ ခုလိုဆိုတော့ သူက သည်အရပ်သူ မဟုတ်လို့ပဲဖြစ်ရမယ်၊ နို့ကြောင့် သူသတ္တဝါလေးကိုနှိုးသတ်လိုက်တာ မြင်သွားတာကြောင့် ထွက်ပြေးသွားတာ ဖြစ်မယ်"

"ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း"



လင်းမြင့်လှိုင်စကားဆုံးသည်နှင့် သို့ဆိုသလို လက်ခုပ်သံကြားလိုက်ရသဖြင့် နှစ်ယောက်သား လှည့်ကြည့်လိုက်ကြ၏။ အမျိုးသမီးနှစ်ယောက်ဖြစ်ချေ၏။

"ဟင်း..ဟင်း..ဟင်း.. ရှင်တို့တွေ အရိပ်သုံးပါး နားလည်သုံးသပ်ကြသားကလား .. ရှင်ပြောသလိုပဲ .အဲဒီကောင်ကဖိုးလေးတို့ထဲက လူတစ်ယောက်ပေါ့"

"ဟင်"

"အို..ဟုတ်လား..ရှင်းပါဦး"

"ရှင်တို့ကို အကူအညီတောင်းတယ်ဆိုတာလဲ ခုလို ကိစ္စပေပဲ"

"နို့ဖြင့်လည်း ပြောချေဗျာ"

"သက်သောင့်သက်သာ နေလို့ရတဲ့နေရာမှာ ငှက်ပျောသီးစားရင်း စကားစမြည်းပြောကြတာပေါ့"

သို့ဆိုတော့ ကျွန်တော်တို့သည် သူမဦးဆောင်မှုဖြင့် ငှက်ပျောတောအတွင်းလျှောက်ခဲ့ကြ၏။

ဘုရားရေ .. သူမဦးဆောင်သွားတော့ ခဏလေးဖြင့် ငှက်ပျောတော အပြင်သို့ ရောက်သွားပါကောလား ။

ငှက်ပျောတောအလွန်လေးတွင် သစ်ပင်ကြီး တစ်ပင်ရှိလေ၏။ မည်သည့် သစ်အမျိုးအစားရယ်လို့တော့ မသိပါချေ။ အကိုင်းတို့ကားကား။ အရွက်တို့ဖားဖား။ အပင်အောက်ခြေတွင် အေးမြသောအရိပ်အာဝါသ ရှိချေ၏။

ထိုနေရာသို့ သူမရောက်သူနှင့် -

"သည်မယ် အေးအေးလူလူ နားရင်းပြောကြတာပေါ့"

သို့ကြောင့် ကျွန်တော်တို့သည် ထိုနေရာလေးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။

"သည်မယ် ရှင်တို့သေနတ်တွေ"

သို့ဆိုတော့လည်း သူမသည် နားလည်ဟန် ရှိပါကောလား။

"ဘာလို့ ကျွန်တော်တို့ပြန်အလာကို မစောင့်ဘဲ လိုက်လာကြတာလဲ"

ကျွန်တော်က မေးလိုက်၏။

"ရှင်တို့ကို ခုလို သတ္တဝါလေးတွေသတ်နေတဲ့လူနဲ့ ခုံအောင်လို့ တမင်လွှတ်လိုက်တာ။ နို့မို့ ရှင်တို့ မျက်မြင်ကိုယ်တွေဖြစ်မှာလေ"

"ဟုတ်ပါပြီ၊ သည်ငှက်ပျောတောက မဟုတ်မှလွဲ ဝက်ပါလို စိုက်ထားတာမဟုတ်လား"

သို့မေးလိုက်သည့် လင်းမြင့်လှိုင်ကို သူမတို့ နှစ်ယောက်က လေးစားအထင်ကြီးစွာ ကြည့်လိုက်ကြပြီး

"တော်လိုက်တာ ဟုတ်ပါ့ရှင် ကျွန်မတို့ ဘိုးလေးလက်ထက်ကတည်းက ငှက်ပျောကိုစိုက်စားကြတာလို့ သိရတယ်။ အလျင်ကဆို ငှက်ပျောတောအတွင်းမှာပဲ နေကြတာတဲ့၊ နောက်တော့ ငှက်ပျောက ကောင်းလွန်းတော့ မျောက်တွေအုပ်လိုက်လာကြတယ်၊ ငှက်တွေ အုပ်လိုက်လာကြတယ်၊ တောဝက်တွေလည်းလာကြတယ်၊ သည်တော့ ဆူဆူညံညံဖြစ်တော့ကာ ငှက်ပျောတောအတွင်း မနေကြတော့ပဲ ရှင်တို့ရောက်ခဲ့တဲ့ ကျွန်မတို့ ခြေတံရှည်တဲတွေကိုဆောက်ပြီး ဟိုဘက်တောင်ကြောနားမယ်နေကြတာလေ"

"အင်း၊ မေးရပါဦးမယ်၊ ခုတော့ ခြေတံရှည်အိမ်မယ်



ဘာလို့ မင်းတို့ မိန်းမတွေချည်းနေကြတာလဲ၊ ကျွန်တဲ့ ယောကျ်ားသား၊ ကလေး၊ လူအိုတွေက ဘယ်မှာနေကြတာလဲ၊ မင်းတို့နဲ့ မပတ်သက်ပေဘူးလား"

"ကျွန်မပြောမယ်၊ ရှင်တို့ ကျွန်မတို့နေထိုင်ပုံကို သိအောင် အရင်ပြောပြရလိမ့်မယ်၊ သည်ခြေတံရှည်တဲစုမယ် ကျွန်မတို့ မိန်းမတွေချည်းပဲနေကြတာ၊ ကျွန်တဲ့ ယောကျ်ားတွေက သစ်ပင်ပေါ်မယ် လင့်စင်ထိုးနေကြတာ"

"ဗျာ"

"ဟင်"

သို့ကြောင့် ကျွန်တော်တို့ ထိုလူတစ်စုကို မြေပြင်တွင် တဲထိုးနေထိုင်ခြင်း မတွေ့မိခြင်း ဖြစ်တော့၏။

သူမပြောသလို သစ်ပင်ပေါ်တွင် လင့်စင်ထိုးနေကြသည်ကို မရိပ်မိသဖြင့်လည်း သစ်ပင်တို့အပေါ် မော့မကြည့်မိခြင်းဖြစ်၏။ သူမပြောလေမှ ခပ်လှမ်းလှမ်းသစ်ပင်ကြီးတို့အပေါ် လှမ်းကာကြည့်လိုက်ကြ၏။

ဘုရားရေ၊ ဟုတ်ပါ့၊ သစ်ပင်တိုင်းလိုလို လင့်စင်ထိုးထားပုံရချေ၏။

"ဘာလို့ အဲလိုနေတာလဲဆိုတော့"

"ပြောပါဦး"

"ကျွန်မတို့ တဲစုက မိန်းမတွေချည်းဆိုတာ သူစိမ်းတွေမဟုတ်ဘူး။ အားလုံး ဆွေမျိုးသားချင်းတွေချည်းပဲ။ ပြီးတော့ ကျွန်မတို့နဲ့ဆို သာမန်လူတွေ မဟုတ်ဘူးလို့ပဲ ပြောရတော့မပေါ့"

"ဗျာ"

"ဟင်"

"ဘယ်လို"

"ဘယ်လို"

"ရှင်တို့ နားရှုပ်သွားပြီထင်ပါရဲ့ သည်လိုလေ·· ကျွန်မတို့က သည်ငှက်ပျောတောရဲ့ ယခင်ပိုင်ရှင် လူမျိုးစု ဆွေတော်မျိုးတော်တွေပဲချည်းပဲ ပြီးတော့ သည်မှာရှိတဲ့ သူစိမ်းတွေက ကျွန်မတို့ ဆွေမျိုးတဲစုနဲ့ မိုနိုရာသူတွေပဲပေါ့··"

"နို့နေပါဦး·· ဘာလို့လဲ·· မိန်းမတွေချည်း ဖြစ်နေရတာလဲ"

"ပြောရလျှင်ဖြင့် အံ့ဩစရာတော့ ကောင်းမယ်ထင်တယ်၊ ကျွန်မတို့ အစ်ကို လက်ထက်ကတည်းက အစ်ကို၊ အဖေကလွဲလို့ ကျန်တဲ့ မျိုးဆက်ကလေးတွေက မိန်းမသားချည်းပဲလေ"

"ဟာ"

"ဟင်"

ဖြစ်နိုင်ပါ့မလား။ နို့ဖြင့် မင်း··မင်းတို့ အမျိုးရင်းချာ သည်မယ် ဘယ်နှစ်ယောက်လောက်ရှိလို့လဲ"

ကျွန်တော်ကမေးလိုက်၏။

"ကျွန်မတို့ အမျိုးရင်းခြာဆိုလို ပြောရလျှင်ဖြင့် ကျွန်မတို့ ညီအစ်မသုံးယောက်ပဲ··အခြား မိန်းမတွေက အမျိုးတွေပေါ့·· ဝမ်းကွဲတွေပေါ့··"

"နို့ဖြင့် သူတို့ယောကျ်ားသား အဖေတွေကကော"



"အင်း··ယောကျ်ားသားတွေကတော့ အဲဒီတောင်ကြောဘက်မှာ နေကြတယ်။ လင့်စင်ထိုးပြီးတော့ပေါ့ အဘိုးလည်း အဲဒီမှာ နေတယ်၊ သူတို့ကို အုပ်ချုပ်တာ၊ သည်ဘက်ကျတော့ ကျွန်မတို့ ညီအစ်မသုံးယောက်က အုပ်ချုပ်တာ··"

"သူမပြောသည်မှာ ဟုတ်ကော ဟုတ်ပါရဲ့လား။ ဖြစ်နိုင်ပါ့မလား။ သို့ပေမင့် ထိုသည်က ပြဿနာရှိလှသည်တော့မဟုတ်၊ တကယ် ပြဿနာက ဘာပါလိမ့်··၊ သို့ကိုတော့ သိချင်သဖြင့် အခြားသိလိုသည်များကို မမေးကြပါတော့ချေ။ သူမတို့ တောင်းခံလာမည့် အကူအညီ အရင်းအမြစ်ကိုသာ သိချင်လှပေသည်ကြောင့်

"ဟုတ်ပြီလေ··နို့ဖြင့် ဘာလို့ မင်းတို့ ဒုက္ခတွေဖြစ်လာတာလဲ ပြောပါဦး··"

လင်းမြင့်လှိုင်က မေးလိုက်၏။

"အဲလိုပေါ့ရှင်၊ အဘိုးနဲ့နေကြတာ ဆိုပေမင့် အားလုံးက အသားမစားကြဘူး။ ဘိုးစဉ်ဘောင်ဆက်ပေါ့ ခုက ဘယ်သူက ဘယ်လို စပြီး စည်းဖောက်လိုက်တယ်ဆိုတာ မသိဘူး။ သည်တောင်ထဲက သတ္တဝါတွေကို သတ်ဖြတ် စားသောက် တာတွေ ဖြစ်လာတာ၊ နို့ကြောင့် အဘိုးက သိလျှင်တားမြစ်တယ်၊ မြင်လျှင် ပြင်းပြင်း ထန်ထန် အပြစ်ပေးတယ်။ နို့ပေမင့် အသားစားကြတဲ့လူဦးရေက ပိုမိုများလာသလို ဖြစ်ကဲ့အပြင် အသားစားခြင်း အရသာကို သိလိုက်ကြတော့ကာ သူတို့တွေက အဘိုးကို အပြစ်မြင်လာကြတယ်။ သူတို့ကို အစားကောင်း အသောက် ကောင်းရှိလျက် ပေးမစားကြဘူးလို့ ထင်ကြတယ်။ ကုန်ကုန်

ပြောရလျှင်ဖြင့် အသားစားလို့တဲ့ သူတွေများလာတယ်။ အဖိုးရဲ့ စည်းကမ်းကို ဖောက်ဖျက်ပြီး အသားစားလာကြတော့ သူတို့တွေ စိတ်တွေပါ ဖောက်ပြန်လာ တယ်။ ဆွေမျိုးမတော်တဲ့ သွေးဝေးတဲ့သူ တွေထဲက အသားစားကြူး လာကြတယ်၊ လူတစ်ချို့က ကျွန်မတို့ ခြေတံရှည်အိမ်ဘက်ကို အန္တရာယ်ပေးဖို့ လာကြတယ်"

"ဘယ်လိုများ··"

ကျွန်တော်က သူမစကားမရှင်းသဖြင့် သို့ဆိုသလို မေးလိုက်၏။

"ကျွန်မတို့ အမျိုးသမီးတွေကို သူတို့အဓမ္မ ပြုကျင့်ချင်လာကြတယ်··· မျိုးဆက်တွေ ဆက်ပွားချင်ကြတယ်၊ သည်တော့ အဘိုးက··သည်ကိစ္စကို လုံးဝ လက်မခံချင်ဘူး·· ဘာလို့လဲဆိုတော့ လူဦးရေများလာတာနဲ့ အမျှ သည်တောတောင်ထဲမှာရှိတဲ့ သီးနှံတွေကလည်း ရှားပါးစပြုလာပြီဆိုတော့ ရိက္ခာအတွက် ရေရှည် အသက်ရှင် ရပ်တည်ဖို့အတွက် လူဦးရေ တိုးပွားခြင်းကို ဟန့်တား လိုက်တာလည်း ပါတယ်လေ"

"အလိုလေးဗျာ··သီးနှံတွေ စိုက်ပျိုးလို့ ရပါတယ်"

တာပုက ပြောလေ၏။

တာပုစကားကြောင့် သူမက ရှုံ့ပြုံးလေးပြုံးလိုက်ချေပြီး

"ထင်သလောက်ဖြစ်မလာတာရယ် ··ပြီးတော့ ဆွေမျိုး သားချင်းချင်း မျိုးပွားလို့ မဖြစ်နိုင်တာရယ်ပေါ့"

"နို့ဖြင့် အဲလိုလူတွေ ဘယ်လောက်ရှိလို့တုံး"

"အဘိုးပြောတာ··သူတို့နဲ့ ခွဲထွက်သွားတာ အောင်မိုးတို့



အသားစား အုပ်စုလို့ ပြောတာပဲ"

"ဗျာ··ဘယ်လို အောင်မိုးတဲ့လား"

"ဟုတ်တယ်··ပြောရမယ်ဆိုလျှင် ဆွေမျိုးနီးစပ်တော်တယ်။ သူတစ်ယောက်ကပေါ့။ ကျန်တာတွေက သူစိမ်းတွေပါ။ သူ့နောက် လိုက်တွေပေါ့·· အစက သူတို့လည်း သစ်သီးပဲစားကြတယ်။ အောင်မိုး ဆွယ်တာကြောင့် အသားစားလာကြတယ်။ စိတ်ရိုင်းတွေ ဝင်လာကြတယ်။ ခု ဟိုတစ်ယောက်က အောင်မိုးတို့ထဲက တစ်ယောက်လေ၊ သူတို့က တောတောင်ထဲက သားကောင်လေး တွေကို သတ်ဖြတ်စားတာတင်မဟုတ်ဘူး။ သည် ငှက်ပျောတော ထဲက သားကောင်လေးတွေကိုလည်း လာရောက်သတ်ဖြတ် စားကြတာ ဆိုတော့ သည်ကိစ္စကို ကျွန်မတို့ လုံးဝ လက်ခံဖို့ မသင့်ဘူးလေ။ ဘာသို့လည်းဆိုတော့ သည်ငှက်ပျောတောကြီးထဲ လာရောက်မှီခို စားတဲ့ သတ္တဝါလေးတွေက ကျွန်မတို့ မိတ်ဆွေတွေလို့လည်း ပြော လို့ရတယ်လေ··နို့ကြောင့် ရှင်တို့ကို ကျွန်မတို့က အကူအညီ တောင်းချင်တာပါ··"

"ဟင်း··ဟင်း··ဟင်း·· မင်းပြောတာတွေ ဘယ်လို ဖြစ်နိုင်မှာလဲ·· စိတ်ကူးယဉ်လွန်းတယ် ထင်ပါရဲ့ ငါတို့က မုဆိုးတွေ လေ၊ ဘယ်လိုလုပ် အဲလို အကူအညီတောင်းဖို့ စဉ်းစားကြရတာ လဲ··ဟင်း··ဟင်း··ဟင်း··"

မုဆိုးကြီးတာပုက သူမကို သို့ပြောလိုက်လေ၏။

"အလိုလေးရှင်·· ကျွန်မဆိုလိုတဲ့အဓိပ္ပါယ်ရှင်တို့ နားမလည် ဘူး ထင်တယ်"

သူမက စိတ်ကုန် စိတ်ပျက်ဟန်ဖြင့် ပြောလေ၏။

"မင်း‥ အဲဒီလိုပဲမှတ်ပြီး သေသေချာချာ ငါတို့ကို ရှင်းအောင် ပြောပြ နိုင်ဦးမလား"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"ဟုတ်ပြီ‥ ကျွန်မအတတ်နိုင်ဆုံး ရှင်းသဘောပေါက်အောင် ပြောကြည့်ဦးမယ်"

"ပြောပါ"

"ရှင်တို့က ကျွန်မတို့နဲ့ ဘာမှ မပတ်သက်တဲ့သူစိမ်းတွေလေ၊ ခု ကျွန်မပြောနေတာက ကျွန်မတို့ မျိုးနွယ်စုနဲ့အတူရှိနေတဲ့ သူစိမ်းတွေကိုသာ ပြောတာ။ ကျွန်မတို့ မျိုးနွယ်စုနဲ့ မပတ်သက်တဲ့ သူတွေကတော့ ကျွန်မဘာပြောစရာရှိမှာတုံး‥၊ ကျွန်မတို့ ဖြစ်ချင်တာ ကျွန်မတို့ မျိုးနွယ်စုထဲက လူမဆန်ချင်ကြတဲ့ သွေးဆိုး လူတစ်ချို့ရဲ့ အန္တရာယ်ကို တားဆီးပေးဖို့ နှိမ့်မဟုတ် အပြီးရှင်းပေးဖို့ ပြောတာပါနော်"

"အော်‥ဟုတ်ပြီ‥နားလည်ပြီ"

သို့ပြောလေသူသည် လင်းမြင့်လှိုင်ဖြစ်ပေ၏။ ကျွန်တော် သိပ်မရှင်းသလိုပင်။ သို့ လင်းမြင့်လှိုင် နားလည်ပြီဆိုတော့ သူ ကျွန်တော်တို့ကို ရှင်းအောင် ပြန်ပြောပြလိမ့်မည်ဟု ထင်ပါသည်။ သို့ကြောင့် ငြိမ်နေလိုက်တော့၏။

သို့ပေမင့်လို့ ကျွန်တော်သည် သူမတို့ သုံးယောက်နှင့် ရေကန်ကြီးနားမှစ၍ ကြုံခဲ့ခြင်းကိစ္စကို သဲသဲကွဲကွဲ သိလိုသဖြင့် မေးကြည့်လို၏။

"သူတို့တွေက ကျွန်တော့်ကို ခင်ဗျားတို့သုံးယောက်နဲ့ ဆုံဆုံ



နေတဲ့ကိစ္စကို မယုံကြဘူးလေ‥ကျွန်တော်ပဲ တောခြောက်ခံနေရသလို‥လှည့်စားခံနေရသလို ထင်ကြတာ‥"

"ခစ်‥ခစ်‥ခစ်‥ခစ်‥ ခစ်‥ဟစ်‥ဟစ်‥ ဟစ်"

သို့ဆိုသလို သူမတို့ နှစ်ယောက်က သဘောအကျကြီးကြ၍ ရယ်လိုက်ကြ၏။ ကျွန်တော် မကျေမနပ်ကြည့်လိုက်၏။ ကျွန်တော့် စကားတွင် ဘာရယ်စရာ ပါသွားလို့ပါလိမ့်။

"ပြောစမ်းပါ‥ အဲဒီသုံးယောက်က ခင်ဗျားတို့ မဟုတ်ဘူးလား"

သူမတို့က ခေါင်းညိတ်ပြချေ၏။

"ဘာလို့ အဲလိုပဲ ကျွန်တော့်ကို မြင်သာအောင်ပြပြီး ပျောက် ပျောက်သွားရတာတုံး‥"

"နို့ကတော့ ကျွန်မတို့ကို စိတ်ဝင်စားအောင်လို့ပဲပေါ့‥။ စိတ်ဝင်စားမှလည်း ကျွန်မတို့ကို တွေ့အောင်ရှာကြမှာ မဟုတ်လား။ ဟော ခုလိုဆိုတော့ ကျွန်မတို့ ဆုံကြပြီလေ‥ကျွန်မတို့ လိုအပ်တဲ့ အကူအညီတောင်းလို့ရသွားပြီပေါ့‥"

"ဟွန်း"

သူမစကားကြောင့် ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်ချေပြီး

"အဲ့လိုလည်း မဟုတ်သေးဘူးဗျာ‥စောစောကတည်းက စတွေ့ကတည်းက လာရောက်ရင်းနှီးမှု ယူပြီး အကူအညီတောင်းလို့ ရတာပဲ မဟုတ်လား"

ကျွန်တော်က ပြောလိုက်၏။

"ခုတော့ ကျွန်တော့်ကို အရူးလုပ်ပြီးတော့မှဆိုတော့ ခင်ဗျားတို့လွန်တာ မဖြစ်တော့ဘူးတဲ့လား"

ကျွန်တော်က ဒေါသအရိပ်အမြွက်လေးဖြင့် ပြောလိုက်၏။ သို့ဆိုတော့ သူမတို့သည် မျက်စိပျက် မျက်နှာပျက်သွားကာ

"တောင်းပန်ပါတယ်ရှင်..ကျွန်မတို့ဘက်ကလည်း အမှန်တကယ် ကူညီနိုင်လောက်မယ့်သူကို တွေ့ချင်ပါတယ်.. ရှင်ပြောသလို တွေ့တွေ့ချင်း ချဉ်းကပ်အကူအညီတောင်းလို့ ဖြစ်ပါ့မလား။ ခုလိုဆိုတော့ ရှင့်တို့ကိုယ်တိုင်က ကျွန်မတို့ကို စိတ်ဝင်စားနေပြီလေ။ နို့ဆိုတော့ ခုလို အဆင်ပြေသွားတာပေါ့"

"အင်း..သူမပြောသည်မှာလည်း အဟုတ်ပါကလား။ တကယ်တော့လည်း ကျွန်တော်တို့သည် သူမတို့နှင့် ခြေတံရှည်တဲ့စုကို စိတ်ဝင်စားခဲ့မိချေသဖြင့် သို့လိုက်လံစုံစမ်းခဲ့ရာမှ ယခုလို သူမတို့ အမျိုးနွယ်စုအကြောင်း သိခွင့်ရခဲ့သလို သူမတို့၏ အခက်အခဲ ဒုက္ခကိုလည်း သိရပြန်လေ၏။

"ဟုတ်ပြီလေ..ကူညီမယ်..တစ်ခုတော့ မေးချင်တယ်။ မှန်မှန်ပြောသင့်တယ်"

"မေးပါရှင်..ဟော..ဟော ပြောရင်းဆိုရင် ဟိုမယ် ညီမလေးလာပြီ"

သို့ဆိုတော့ ကျွန်တော်တို့သည် သူမလှမ်းကြည့်ရာသို့ လှမ်းကာ ကြည့်လိုက်ချေ၏။

သူမတို့ အရွယ် မိန်းမပျိုတစ်ယောက်ဖြစ်ချေ၏။ သူမ၏ ဦးခေါင်းထက်တွင် ပန်းနီနီတစ်ပွင့်ပန်ထား၏။ ဆံပင်ရှည် ဖားလျား



ချထား၏။ ပွရောင်းရောင်း အဝတ်တို့ကို ဝတ်ထားပေမင့် ကျွန်တော်တွေ့နေကျ ထဘီရင်လျား အမျိုးသမီးဖြစ်ချေ၏။ သို့ သူမကို တွေ့သဖြင့် ကျွန်တော် သူမကို မေးစရာတစ်ခု သတိရလိုက်သဖြင့်

"နို့မေးရပါဦးမယ်..ခင်ဗျားတို့ ကျွန်တော်နဲ့ တွေ့ဆုံကြတဲ့အခါ လူလုံးပြတဲ့အခါ ဘာလို့ ခုလို အင်္ကျီအဝတ်အစား ပွယောင်းယောင်တွေနဲ့ မတွေ့ဘဲ ထဘီရင်လျားနဲ့ အတွေ့ခံရတာတုံး.."

"ဟစ်..ဟင်း..ဟင်း..ဟင်း .. ခစ်..ခစ်"

သို့ အမေးကို မဖြေ သို့သာ ရယ်မောလေသဖြင့်

"ဘာလဲ..ကျွန်တော့်ကို ဘယ်လိုလူစားမျိုးထင်လို့တုံး..အဲလိုပုံစံမျိုးကိုမှ စိတ်ဝင်စားတယ် ထင်လို့လား.."

ကျွန်တော် ဒေါသထွက်မိ၏။ သူတို့ ကျွန်တော့်အား သို့လူစားမျိုးထင်နေခြင်းကြောင့် သူမတို့အား စိတ်ဝင်တစားရှိရန်ပြုမူနေခြင်းကို ကျွန်တော် သိလိုက်သဖြင့် သို့ မေးလိုက်ခြင်းဖြစ်၏။

"အို..အဲ့လို မဟုတ်ပါဘူး..၊ သာမန်မိန်းကလေးကိုတွေ့တာနဲ့ ခုလို ထဘီရင်လျားပုံစံနဲ့တွေ့တာမတူဘူးလေ.."

"ဘာဗျ..ဘာပြောတယ်..ပြောလေ ကဲလေပါကလား"

သို့ကျွန်တော်က ဒေါသတကြီးပြောလိုက်ပြန်၏။

လင်းမြင့်လိုင်နှင့် မဆိုးကြီးတာပုက ကျွန်တော့်အား ပြုံးစေ့စေ့ကြည့်နေကြတော့၏။ သို့ကြောင့်လည်း ကျွန်တော် ဒေါသထွက်မိခြင်းပင်။

"ပြောလေ..ဘာလို့ အဲလို လုပ်ရတာလဲ"

"အင်း.. ရှင်းပြပါ့မယ်.. သာမန်မိန်းမပျိုဟန်ပြတာထက်

တလျှင် ခုလို ပုံစံလေးတွေနဲ့ ထွက်ပြမယ် ဆိုလျှင်ဖြင့် ရှင်က ကျွန်မတို့ကို ဥစ္စာစောင့်တွေလို့ ထင်ကောင်းထင်နိုင်တယ်။ နို့မို့ မဟုတ် နာနာဘာဝတွေလို့ ထင်နိုင်တယ်လေ။ အဲလိုက ပိုစိတ်ဝင်စားဖို့ မကောင်းပေဘူးလား‥"

သို့ဆိုတော့လည်း လက်ခံစရာပင် မဟုတ်ပါကလား။ လင်းမြင့်လှိုင်တို့က ကျွန်တော့်အား ကြောင်နေသည်။ တောလှည့်စား ပြုစားခံနေရသည်ဟု ထင်ကြ၏။ ကျွန်တော်ကိုယ်တိုင်ကလည်း ဝေခွဲ မရသေးခင်က လူသားစင်စစ်မှ ဟုတ်ပါလေစ၊ ဥစ္စာစောင့်များလားဟု ထင်မိ၏။ သို့ထင်ရခြင်းသည်လည်း ကျွန်တော် တစ်ချိန်က တော တောင်ထဲတွင် ခုလို ထဘီရင်လျားဆံပင်ဖားလျား ပန်းနီနီပန်ထားသည့် ဥစ္စာစောင့်မလေးများနှင့် ဆုံခဲ့လေသည်ကြောင့် မဟုတ်ပါကလား။

ထိုကိစ္စကို လင်းမြင့်လှိုင်လည်း သိခဲ့သည်ဆိုတော့ သူတို့သည်လည်း ဟုတ်နိုးနိုး ဒွိဟဖြစ်ခဲ့သည်ပဲ။ ခုတော့ ရှင်းသွား ချေတော့၏။

"ဟုတ်ပြီလေ‥သဘောပေါက်ပြီ‥ ကဲ‥စားသောက်ပြီး လျှင်ဖြင့် ဘာဆက်လုပ်ကြမလဲ"

မုဆိုးကြီးတာပုက နေရာမှ ထရပ်ပြောလေ၏။

"ရှင်တို့ကို အကူအညီတောင်းပြီးပြီလေ‥ ဘာလုပ်ကြမလဲ ဆိုတာတော့ ရှင်တို့ ဆုံးဖြတ်ရမှာပဲ‥"

သို့ဆိုတော့ လင်းမြင့်လှိုင်က ထိုအမျိုးသမီးကို ပြုံးစေ့စေ့ မျက်နှာပေးဖြင့် ကြည့်လိုက်လေပြီး

"သူတို့ဆိုတာ ဘယ်သူတွေလဲ‥‥ သိမှပေါ့‥ သူတို့



ဘယ်မှာနေကြလဲ‥ ပြောနိုင်မှာပေါ့‥"

"သူတို့ ဘယ်သူဆိုတာ ပြောနိုင်ပါတယ်‥ပြီးတော့ သူတို့ ဘယ်မှာရှိနိုင်တယ်ဆိုတာ လမ်းပြနိုင်ပါတယ်"

"ဟုတ်ပြီ‥ပြောတော့"

"အောင်မိုး‥အောင်မိုး‥ပယောဂဆရာလိုလို‥ ဆရာကြီး လိုလို‥ သူကစပြီး စည်းဖောက်တာ‥ နို့အပြင် တခြားလူတွေကို စည်းရုံးတယ်‥ ခုတော့ သူတို့လူတစ်စု စုမိသွားတာပဲ‥ အသားစား ကြလို့ထင်တယ်‥ ရက်စက်ကြမ်းကြုတ်တယ်‥ သားမယား ပြုကျင့်ကြတယ်‥ လူရမ်းကားတစ်စု ဖြစ်နေတယ်‥"

"ဟုတ်ပြီ ‥အောင်မိုးကိုထားပါတော့ ‥သူတို့ ဘယ်မှာနေကြတာလဲ‥ မင်းတို့ အဘိုးနေတဲ့ သစ်ပင်တွေပေါ်မှာ လား‥"

လင်းမြင့်လှိုင်က သို့မေးလိုက်ပြန်၏။

"နို့ကြောင့် ခက်နေတာပေါ့"

သူမက စိတ်ပျက်စွာဆိုလေ၏။

"ဘာခက်ခဲနေတာတုံး‥"

"အော်‥သူတို့က အောင်မိုးတစ်ယောက်ကလွဲလို့ ကျန်တဲ့ စည်းပျက်တဲ့သူတွေက အဘိုးတို့နဲ့ စုပြီးနေကြတာလေ‥ ပြီးတော့ နို့ကြောင့် နီးရက် လုပ်ကြတော့ကာ ဘယ်သူ ဘယ်ဝါဆိုတာ ခွဲပြဖို့က ခက်နေတာပေါ့‥၊ နို့ကြောင့် ညီမလေးကို အဘိုးဆီလွှတ်ပြီး စုံစမ်းခိုင်းရတာပေါ့၊ အဘိုးတို့ အခုသည်ဝန်းကျင်မှာ မဟုတ်ဘူး ပြောင်းသွားကြပြီ ဘာလို့လဲဆိုတော့ ကျွန်မတို့နဲ့ နီးနီးနေကြလို့ မဖြစ်

တော့လို့ပဲ"

"ဟုတ်ပြီ‥သိပြီ‥"

သို့ဆိုတော့ လင်းမြင့်လှိုင်က အဖိုးထံမှ ပြန်လာသည့် မိန်းမပျို ကို ကြည့်လိုက်ချေပြီး

"မင်းဘာတွေ သိလာလဲ‥ပြောလို့ရမလား"

သို့ဆိုတော့ သူမက ထိုအမျိုးသမီးကို ငေးကြောင်ကြည့်နေ ချေတော့၏။

သူ၏အစ်မဖြစ်သူ သဘောထားကို တောင်းခံခြင်း ဖြစ်သည်ကို ကျွန်တော်သိလိုက်၏။

"ညီမလေးသိတာတွေ ပြောပြလိုက်ပါ။ သူတို့က မမတို့ ကူညီမဲ့ သူတွေပဲ‥"

သို့ဆိုတော့ ထိုအမျိုးသမီးလေးက လင်းမြင့်လှိုင်ကို ပြုံး လိုက်ချေပြီး

"အဘိုးတို့ဆီက နှစ်ယောက်လောက်ကိုတော့ ကျွန် သိလိုက်တယ်၊ စည်းဖောက်တဲ့ လူတွေလေ"

"ဘာလို့ နှစ်ယောက်ပဲ သိတာလဲ"

လင်းမြင့်လှိုင်က တည့်တည့်ကြည့် မေးလိုက်၏။

"ဟင်း‥ဟင်း‥ ဘာလို့လဲဆိုတော့ အဲဒီနှစ်ယောက် ကျွန်မကို အမွေပြုကျင့်ဖို့ ကြိုးစားလို့ပဲ‥"

"ဟင်‥ညီမလေး‥ ဘာ‥ ဘာ‥ ပြောတယ်။ တော အဲဒီနှစ်ယောက် မမကို ပြောစမ်း‥ဘယ်သူလဲ‥မမလက်နဲ့ သူတို့ အမှုန့်ချေလိုက်မယ်‥"



အစ်မကြီးဖြစ်သူက ဒေါသတကြီးဖြစ် ပြောလာလေတော့၏။

"မလိုပါဘူး‥ အဘိုးက သူတို့ကို အထာခတ်လိုက်ပါပြီ"

"ဟေ‥ဟုတ်လား‥ ညည်းအဘိုးက အဲလို လုပ်ဝံ့တယ် လား‥ အဘိုးက လူအိုကြီးဖြစ်ခဲ့တာကြာပြီပဲ‥ ဇရာပိုင်းလဲ ရောက်နေပြီပဲ၊ ဘယ်လိုလုပ် ဒီလို ရှုတ်ထွေးတဲ့ ကိစ္စထဲမယ် ပါနေရပြန်တာလဲ"

"မမရယ်‥ အဘိုးက သမီးကို အရမ်းချစ်တာလေ‥ နို့ကြောင့် အဲဒီနှစ်ကောင်လုံးကို ချည်နှောင်ထားတယ်။ (၇) ရက်လောက် အစာမကျွေးဘဲ ထားလိုက်တယ်"

"သူတို့ကို ညည်းအဘိုးက ဘယ်မှာ ချုပ်နှောင်ထားတာလဲ"

လင်းမြင့်လှိုင်အမေးကြောင့် ညီမဖြစ်သူ မျက်စိမျက်နှာ ပျက်သွားရပြန်ချေ၏။ သူမ၏ အစ်မကို လှမ်းကြည့်လိုက်ပြန်၏။

သူမအစ်မက သူမ၏ အကြည့်အဓိပ္ပါယ်ကို သိလိုက်ဟန် ပင်၊ မေးငေါ့ပြလိုက်၏။ ဆိုလိုသည်က ပြောပြလိုက်ပါဆိုသည့် သဘော။ သို့ဆိုတော့‥‥

"တောင်ထန်းသုံးပင်ဆိုင် တောင်ကြောမယ်"

"ဟင်"

ကျွန်တော် အံ့သြမိတော့၏။ တောင်ထန်းသုံးပင်ဆိုင် တောင်ကြောကို ကျွန်တော်နှင့် လင်းမြင့်လှိုင် ကောင်းကောင်း သိပေ၏။ လွန်စွာမှ အဆိပ်ရှိသော သတ္တဝါများ တွားသွားကောင်တို့ ပေါများသည် မဟုတ်ပါကလား။ သို့ကြောင့်လည်း ထိုနေရာတဝိုက် သစ်ပင်ကြီးတို့ ရှိပေကြား မည်သူမျှအရဲစွန့် သွားရောက် အလုပ်လုပ်ကိုင်

ကြခြင်းမရှိပါချေ။

လင်းမြင့်လှိုင်က သူမကို စူးစူးရဲရဲ ကြည့်လိုက်ချေပြီး

"ညည်းအဘိုးက သူတို့ကို ရာဇဝတ်သားများလို သဘောထား သေဒဏ်ပေးလိုက်သလို ဖြစ်နေတာပေါ့"

"ရှင်"

"မရှင်နဲ့ . . . အဲဒီမယ် အဆိပ်ရှိသတ္တဝါချည်းပဲ၊ သူ ဘယ်လိုလုပ် အဲဒီမယ် ကြာကြာချုပ်နှောင်ခံနိုင်မှာတုံး.. အဆိပ် ရှိ သတ္တဝါကောင်တွေရဲ့ သတ်ဖြတ်ခြင်းကို ခံရတော့မပေါ့"

"ဟုတ်ပြီလေ..ကျွန်တော်တို့ အဲဒီ တောင်ထန်းသုံးပင်ဆိုင် တောင်ကြောကို သွားကြတာပေါ့ . .သူတို့ကိုလည်း ကယ်သင် ကယ်ကြတာပေါ့. ."

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် သူမတို့ သုံးယောက်စလုံးတအံ့တသြဖြစ်သွားချေ၏။ သူတို့ အထင် သို့ အန္တရာယ်များသော နေရာသို့ သွားရောက်စုံစမ်းလိမ့်မည်မဟုတ်ဟု ထင်ထားပုံပင်။

"ဟုတ်ပြီလေ. ကျွန်မတို့လည်း လိုက်ခဲ့ပေးပါ့မယ်"

အစ်မကြီးဖြစ်သူက ပြောလာလေ၏။

သည်တွင် လင်းမြင့်လှိုင်က သူမကို ကြည့်လိုက်ချေပြီး

"ရပါတယ်. .ခင်ဗျားတို့တွက် အန္တရာယ်များပါတယ်. နေခဲ့ကြပေါ့. သည်ခြေတံရှည်တဲစုလေးမှာ စောင့်နေပါ. မကြာခင် အမြန်နဲ့အတူ ကျွန်တော်တို့သုံးယောက် ခင်ဗျားတို့ဆီ ရောက်လာ ပါမယ်. . စိတ်ချနေရစ်ပါ"



"နို့ဆိုတော့ နေရစ်ခဲ့ရတော့မပေါ့"

သို့မှ ကျွန်တော်တို့သုံးယောက်သည် တောင်ထန်းသုံးပွင့်ဆိုင် တောင်ကြောသို့ ထွက်ခဲ့ကြတော့၏။

"ရှင်တို့ လမ်းကြောတည့်တာပဲ၊ အဘိုးတို့ဆီ ဝင်သွားကြ ပါကလား. ."

သူမက လှမ်းအော်ပြောလေ၏။

"ဟုတ်ပြီလေ. .အဘိုးတို့နေရာလည်း ပြောချဉ်းပေါ့"

"ပုဂံချောင်းဖျားမယ်"

သို့ဆိုတော့ လင်းမြင့်လှိုင် တာပုကို ကြည့်လိုက်ချေပြီး

"ပုဂံချောင်းဆိုတာ ဘယ်နားလောက်ရှိမလဲ"

သို့ဆိုတော့ စောတာပုက

"ကျွန်တော်တို့ ရေနွားက တွေ့တဲ့ ကြုတ်မြောင်ကို စုန်ဆင်း မယ်ဆိုလျှင်ဖြင့် ဥက္ကံချောင်းမကြီးရောက်သွားမယ်။ အဲဒီဥက္ကံ ချောင်းမကြီးအထက် နည်းနည်းသွားလျှင်ဖြင့် ပုဂံချောင်းဝပေါ့. ."

"ဟော. .နို့ဖြင့် မဝေးပါကလား"

ကျွန်တော်တို့သည် တာပုပြောသလို မြောင်လေးကို စုန်၍ ဆင်းလိုက်ကြ၏။ မကြာလိုက်သော အချိန်လေးတွင် ဥက္ကံချောင်းကို လျှောက်ခဲ့ကြ၏။ ရေအနည်းငယ်တော့ဖြင့် စီးဆင်းနေခြင်း ရှိပေ၏။

ကျွန်တော်တို့ ဥက္ကံချောင်းအတိုင်း အထက်သို့ အနည်းငယ် မျှ ရောက်လာခဲ့သည့်တွင် ပုဂံချောင်းသို့ ရောက်ခဲ့ကြတော့၏။

အလိုလေးဗျာ. .ဟုတ်ပါ့ ပုဂံချောင်းဝတစ်ဖက်တစ်ချက် တောင်ကြောပေါ်ရှိ သစ်ပင်ကြီးတို့ အပေါ်တွင် လင့်စင်များ ရှိကြချေ၏။

လူတွေကိုတော့ မတွေ့ရချေ။ သို့ပေမင့် မျောက်ကောင်တစ်ကောင်တစ်လေတော့ဖြင့် တွေ့ရ၏။

"သူတို့တွေ လုပ်ငန်းခွင် ဝင်နေကြတာ ဖြစ်မပေါ့"

"ဟုတ်ပြီ ကျွန်တော်တို့ လင့်စင်နားသွားကြတာပေါ့"

လင်းမြင့်လှိုင်က ဆိုလာသဖြင့်

"ဟင်း‥ဟင်း‥ခြေတံရှည်အိမ်မှာတုန်းကလို အပေါ်တက်ကြည့်လို့ မဖြစ်ဘူးထင်တယ်"

သို့ ကျွန်တော်က သတိပေးလိုက်၏။ ဘယ်တွက်မှ ခြေတံရှည်အိမ်တွင် လူတွေမရှိလောက်ဘူးထင်၍ တက်ကြည့်ရာတွင် လူသေယောင်ဆောင်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ကြရာမှ ပြဿနာတက်ခဲ့ရ၏။ ခုတော့ သူတို့၏ တောင်းဆိုမှုကို လိုက်လျောခဲ့ရတော့သည်။

"ကျွန်တော်သိပါတယ် ကိုပိုက်‥ နို့ပေမင့်"

လင်းမြင့်လှိုင်က သို့ပြောပြီး လင့်စင်တစ်ခုရှိသည့်သစ်ပင်အောက်သို့ သွားလိုက်တော့၏။

"ကျွန်တော်သည်လင့်စင်ပေါ် တက်ကြည့်ချေဦးမယ်‥ ကိုပိုက်တို့ အောက်ကနေ စောင့်ပြီး အခြေအနေကြည့်နေပါ။ ထူးလျှင် ငှက်သံပြု အချက်ပေးချေဗျာ‥"

လင်းမြင့်လှိုင်က သို့ပြောလာသဖြင့်

"ကိုလင်း ဘာထူးလို့တုံး‥"

သို့ဆိုတော့ လင်းမြင့်လှိုင်က မြေပြင်သို့ မေးငေါ့ပြလေ၏။

"ဟင်"



"စားကြွင်းစာကျန်တွေပါကလား‥‥"

သို့ကြောင့် ကျွန်တော် သဘောပေါက်လိုက်ချေပြီ ဖြစ်၏။

သည်တွင် လင့်စင်ပေါ်တွင် သားစားသူ နေထိုင်ခြင်းဖြစ်မည်။ သို့ကြောင့် လင်းမြင့်လှိုင်က ထိုသူ့ကို တွေ့လိုခြင်း ဖြစ်မည်။

သို့မှ လင်းမြင့်လှိုင်သည် ထိုလင့်စင်ပေါ်သို့ ဖက်တွယ်တက်သွားလေ၏။ လင့်စင်တစ်ခုနှင့်တစ်ခု အတော် အလှမ်းဝေးသဖြင့် ကျွန်တော်တို့သုံးယောက် ထိုလင့်စင်အောက်ခြေအနီးတွင် ရှိနေသည်ကို အခြားလင့်စင်ပေါ်မှ လူများရှိပါကလည်း သတိထားမိမည် မဟုတ်ပါချေ။

ဘယ်တွက့်မူ လင်စင်သစ်ပင်တို့အောက်ခြေတွင် ချုံပုတ်နွယ်ပင်တို့ ရှိနေသောကြောင့်ပင်။

လင့်စင်ပေါ်ရောက်သွားတော့မှ အခြားတွင်ရှိသော လင့်စင်ပေါ်ရှိလူများနှင့် တွေ့နိုင်လိမ့်မည်ဖြစ်ချေ၏။

"တာပုရေ‥ဘေးဘီ သေချာကြည့်ထားနော်‥ ကျွန်တော်လည်း သေချာစွာ ကြည့်နေရတယ် ‥‥ ကိုလင်းဆီက အချက်ပေးလေမှ တက်လိုက်သွားသင့် လိုက်သွားကြတာပေါ့‥"

အတန်ကြာတွင်

လင်းမြင့်လှိုင်တစ်ယောက် ပြန်ဆင်းလာချေ၏။

"ကိုလင်း ဘာထူးလဲ"

"ထူးတယ်"

"ပြောပါဦး"

"လင့်စင်ပေါ်မယ်‥ သားကောင်သား အခြောက်တွေ တွေ့တယ်။ ကျွန်တော့်အထင် ဂျီသားတွေဖြစ်မယ်‥ နို့ဆိုတော့

သည့်လင့်စင် ပေါ်ကလူက သားစားအုပ်စုထဲက ဖြစ်မယ်"

"ဟုတ်ပြီကိုလင်း ဘာလုပ်မယ်စိတ်ကူးလဲ"

"ကျွန်တော်တွေ့ချင်တာတော့ အဘိုးအိုပဲ ··သူနဲ့ စကားနည်းနည်းပြောမှ ဖြစ်မယ်"

"နို့ဖြင့်"

"အဘိုးအိုရဲ့ လင့်စင်ကို လိုက်ရှာကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် အဘိုးအို လင့်စင်ရှိရာသို့ ရှာဖွေရန် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့သည် လင့်စင်ရှိသစ်ပင်တို့ အောက်ခြေရောက်ပေမင့် မည်သည့် အရိပ်အယောင်မျှ မတွေ့လေခြင်းကြောင့် အဘိုးအိုအား မည်သို့ ရှာဖွေရမည်ကို မသိဖြစ်ကြရ၏။

"ဘယ်လို ဆက်လုပ်ကြမလဲ···"

"အင်း··တစ်နေလည်း ကုန်တော့မယ်ဆိုတော့··သူတို့တွေ ပြန်လာလောက်ပါတယ်··ခုတော့ ဘယ်သွားနေကြလဲ မသိဘူး"

"နို့ဖြင့် ကျွန်တော်တို့ ရှေ့ခပ်လှမ်းလှမ်း သစ်ပင်ကြီး အောက်ခြေကနေ စောင့်ကြတာပေါ့··"

ကျွန်တော်က ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးတွင် လင့်စင် မရှိသောကြောင့် အကြံပြုလိုက်ခြင်းဖြစ်၏

"ကောင်းတယ်"

သို့ဖြစ်၍ကျွန်တော်တို့ သစ်ပင်ကြီးရှိရာသို့ ခပ်သွက်သွက် သွားလိုက်ကြ၏။

"ကျွန်တော်တို့သည် အပင်အောက်ခြေကနေ လင့်စင်ပေါ်



ပေါ်နေသူတစ်ယောက်ကို စောင့်တာပေါ့··တစ်ယောက်ယောက် တွေ့လေမှ အဘိုးအို လင့်စင်ကို မေးလို့ရမယ် ထင်တာပဲ··"

သို့ လင်းမြင့်လှိုင်စီစဉ်သလို ကျွန်တော်တို့သည် ထိုသစ်ပင်ကြီးအောက်ခြေတွင် ပုန်းကွယ်နေကြရာမှ မကြာလိုက်သော အချိန်ကလေးတွင် ခပ်လှမ်းလှမ်းတွင်ရှိ လင့်စင်သစ်တစ်ပင်ရှိရာသို့ လူတစ်ယောက် ငှက်ပျောတစ်ခိုင်ထမ်းပြီး ပြန်လာလေသည်ကို တွေ့သဖြင့် ဝမ်းသာမိသေး၏။

ထိုသူကို ကျွန်တော်တို့ သွားရောက်တွေ့ဆုံကြရန် ကျွန်တော် ပြောလိုက်သည်တွင်

"အဲလိုလည်း မဖြစ်သေးဘူး ··ကိုပိုက်ရဲ့ သည်လူကို ကျွန်တော်အလျင်သွားတွေဦးမယ်··၊ အခြေအနေကြည့်ရဦးမယ် လေဗျာ··"

သို့လည်း ဟုတ်ပေသားကလား··။ သို့ကြောင့်

လင်းမြင့်လှိုင်တစ်ယောက်တည်း ထိုသူရှိရာသို့ သွားလိုက်တော့၏။ လင်မြင့်လှိုင်၏ ခြေသံကြားသဖြင့် ထိုသူသည် လင့်စင်ပေါ်တက်မည်ဟန် ပြင်လေပြီးမှ လင်းမြင့်လှိုင်ကို စောင့်နေရှာတော့၏။

ထိုသူနှင့် လင်းမြင့်လှိုင် ဘာတွေပြောနေကြသည်ကိုတော့ဖြင့် မသိပါချေ။ အတန်ကြာတွင် လင်းမြင့်လှိုင် ထိုနေရာမှ ထွက်ခဲ့ချေ၏။ ထိုသူက လင့်စင်ပေါ်မတက်သေးဘဲ လင်းမြင့်လှိုင်ကို ငေးကြည့်နေသေး၏။

လင်းမြင့်လှိုင်ကလည်း ပါးနပ်သူ ဖြစ်၏။ ထိုသူကြည့်နေမှန်းသိ၍ ကျွန်တော်တို့ရှိရာသို့ တည့်တည့် လျှောက်မလာတော့ဘဲ

**တစ်ဖက် ချုံပုတ်နွယ်ပင်ဘေးသို့** လျှောက်သွားလေ၏။

လင်းမြင့်လှိုင်တစ်ယောက် ချုံပုတ်ပင်တို့ နောက်ကွယ် ရောက်သွားလေမှ ထိုလူသည် သူတက်မည်ဟု ရည်ရွယ်ထားသည့် သစ်ပင်ပေါ် မတက်လေတော့ပဲ ကျွန်တော်တို့စတွေ့ခဲ့သည့် သားစား သူနေသည့် လင့်စင်ရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်သွား သည်ကို တွေ့လိုက်ရချေ၏။

"ဘယ်လို သဘောပါလိမ့်"

ကျွန်တော်တို့သည် ထိုလူထွက်သွားရာဘက်သို့ ကြည့်နေကြ ရာမှ

"ကိုပိုက်တို့ ဘာကြည့်နေတာလဲ . . " လင်းမြင့်လှိုင် ရောက်လာမေးလေ၏။

သို့ဆိုတော့ ကျွန်တော်က အခြေအနေအမှန်ကို ပြောပြ လိုက်၏။

"နို့ဆိုလျှင်ဖြင့် ကျွန်တော်တို့ ထင်ထားတဲ့သားစား လူစုတဲကတစ်ယောက်၊ နို့မှ မဟုတ် ကျွန်တော်မြင်လိုက်တဲ့ လင့်စင်မှာနေတဲ့ သားစားလူဖြစ်မယ်ဗျ . . "

လင်းမြင့်လှိုင်က သို့ပြောလာလေ၏။

ကျွန်တော်တို့ကြည့်နေစဉ်မှာပင် ထိုလူသည် အဆိုပါ လင့်စင် ပေါ်သို့ ဖက်တွယ်တက်သွားချေတော့၏။

"နို့ဖြင့် ကိုလင်း သူ့ကိုမေးကြည့်သေးလား"

"ဘာကိုလဲကိုပိုက်"

"အဘိုးအိုရှိနိုင်တဲ့ လင့်စင်လေ"



"မေးတယ်"

"ဘာပြောလဲ"

"အဘိုးအိုလင့်စင် ဘယ်နားလဲ။ ကျွန်တော်မေးတော့ သူ ကျွန်တော့်ကို တအံ့တဩ ကြည့်နေတယ်။ ပြီးတော့ . . ."

"အဘိုးအိုနဲ့ သိလားလို့ မေးတယ်"

"သည်တော့ ကျွန်တော်က အဘိုးအိုနဲ့တော့ မသိဘူး။ သူ့မြေးမလေးသုံးယောက်နဲ့တော့ သိတယ်လို့ ပြောလိုက်တယ်"

"သည်တော့ . . ."

"သည်တော့ သူ့မျက်စိမျက်နှာပျက်သွားတယ် . . နို့ပေမင့် အဘိုးအို ဘယ်မှာရှိတယ်ဆိုတာကိုတော့ ပြောတယ် . ."

"ဟုတ်ပြီ . . ဟုတ်ပြီ . . ဘယ်မှာတဲ့လဲ . . ဘယ်သစ်ပင် တဲ့လဲ . ."

"အဘိုးအို သည်မယ် မရှိဘူးတဲ့"

"ဗျာ"

"မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ဟင် . . အဘိုးအိုက သည်လင့်စင်အုပ်စုမှာ အုပ်ချုပ်ပြီး နေတာလေ။ ဟိုအမျိုးသမီးသုံးယောက်က အသေအချာပြော လိုက်တာပဲ . . . သူတို့ အဘိုးဆိုပဲ . . ."

"ဟုတ်တယ် . . မှန်တယ် . . သည်မှာနေတာပဲ . . ၊ နို့ပေမင့် ခုတော့ အဘိုးအိုက သစ္စာဖောက်နှစ်ယောက်ကို ဖမ်းချုပ်ထားတဲ့ သုံးပွင့်ဆိုင်ထန်းပင်တောင်ကြားကို ထွက်သွားတယ်တဲ့ . "

"ဗျာ"

"ဟင်"

"ဟုတ်ပြီ··နို့ဖြင့် ကျွန်တော်တို့ အဘိုးအိုနောက် လိုက်သွားကြမှာပေါ့··ခုပဲပေါ့···"

သို့ ကျွန်တော်ကမေးလိုက်၏။ လင်းမြင့်လှိုင်က ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ချေပြီး

"မလိုတော့ဘူး··ဟိုလူနောက်ပဲ လိုက်သွားတော့မယ်"

လင်းမြင့်လှိုင်က သို့ပြောပြီး ထိုလူ ထွက်သွားသည့် လင့်စင်သစ်ပင်ရှိရာသို့ သွားလေတော့၏။

"ကိုလင်းမယ် အစီအစဉ်ရှိနေတာလား"

သူ့နောက်မှ ကပ်လိုက်သွားရင်း ကျွန်တော်က မေးလိုက်ချေ၏။ သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ညိတ်လိုက်ချေပြီး

"ရှိတယ်···နို့ပေမင့် ဘာတစ်ခွန်းမှ ပြောမှာ မဟုတ်ဘူး။ ကိုပိုက် ကျွန်တော်ကို လောလောဆယ် နားလည်ပေးထားပါ·"

"ဟုတ်ပါပြီကိုလင်း··"

သို့မှ ကျွန်တော်တို့သည် လင့်စင်အောက်သို့ ရောက်သွားကြ၏။

လင်းမြင့်လှိုင်က သူ၏ သေနတ်ဖြင့် လင့်စင်ပေါ်သို့ ထိုးချိန်လိုက်သဖြင့်

"ဟင်···ကိုလင်း ဘာလုပ်မလို့လဲ···"

"ကိုပိုက်··အသာကြည့်နေပါ·· အင်း ကိုပိုက်အပေါ်ကလူကို လှမ်းခေါ်ချေဗျာ··"

"အင်းလေ··ဟုတ်ပြီ··"

"နို့ပေမင့် သည်လိုအော်ဗျ··"



လင်းမြင့်လှိုင်က ပြောလေသည်ကြောင့် ကျွန်တော်သည် လင့်စင်ပေါ်သို့ လှမ်းမော့ကြည့်ရင်း

"အပေါ်မှာ လူရှိပါသလားခင်ဗျာ·· ကျွန်တော်ခရီးသွားပါ။ လမ်းမှားလာလို့··· အပေါ်မှာလူရှိလျှင် တက်လာခဲ့ပါရစေ···"

သို့ အော်လိုက်ချေတော့၏။

"အပေါ်မှာ လူရှိပါသလားခင်ဗျာ··တက်ခဲ့ပါရစေ"

ကျွန်တော်က ထိုလူထွက်အလာကို မျှော်ရင်း သို့ဆိုသလို အော်လိုက်ပြန်၏။ မည်သို့မျှ ထူးခြားမှု မရှိပါချေ။

"အပေါ်မယ် တကယ်ပဲ လူမရှိပေဘူးလား မသိဘူး··"

ကျွန်တော်ကပြောလိုက်၏။

"အလိုလေးဗျာ··ကိုပိုက်တို့လဲ တွေ့လိုက်တာပဲ··ငှက်ပျောခိုင်ထမ်းလာတဲ့လူက အဲဒီ အပင်ပေါ် တက်သွားတာလေဗျာ·· မေ့နေပြီလား···"

"အို···ဘုရားရေ···ဟုတ်ပါရဲ့··"

သည်လူ ကျွန်တော်တို့၏ လုပ်ရပ်အစီအစဉ်ကို လင့်စင်ပေါ်မှ မြင်သိနေသဖြင့် သို့ ငြိမ်သက်နေခြင်းများလေလား။

"သိသိကြီးနဲ့ဗျာ·· " ကျွန်တော်က ပြောလိုက်ပေမင့်

"ဆရာလေးတို့ကို ပြောရလျှင် ကျွန်တော်တို့ တောခြောက်ခံနေကြရတာများလားမှ မသိတာချည်း··"

သို့ပြောလာသည့် စောတာပုကို ကျွန်တော်က စေ့စေ့ကြည့်လိုက်ချေပြီး -

"ဘယ်လိုဖြစ်နိုင်မှာတုံး တာပုရယ် ငါတို့ အားလုံးတွေ့လိုက်ကြတာပဲ·· တာပုပြောသလို မဖြစ်နိုင်ပါဘူး···"

"အပေါ်မှာ လူရှိပါသလားခင်ဗျာ . . ကျွန်တော် တက်လာပါရစေ"

သို့ ကျွန်တော်က ထပ်အော်လိုက်ပြန်၏။

"အင်း သည်လူတွေ ကျွန်တော်တို့ကို တစ်ပတ်ရိုက်ချင်ပြီ ထင်တယ်"

"ကိုလင်းဘာပြောချင်တာလဲ"

"အော်သည်လူ ကျွန်တော်တို့ သူ့ရှိမှန်းသိတာကို အကြောင် ရိုက်ပြီး မရှိဘူးလို့ ထင်၊ ပြန်လှည့်သွားကြအောင်လို့ ပုန်းကွယ်နေတာ ဗျ . . ."

"နို့ဖြင့် ဘယ်လိုအော်အော် သူထွက်လာမှာ မဟုတ်ဘူး။ သူပုန်းနေတာ"

"သိနေမှ~တော့ ကျွန်တော်တို့ တက်သွားကြတာပေါ့"

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

"အဲ့လိုမဖြစ်ချေဘူးဗျ . . နေပါစေ သူထွက်လာအောင် ကျွန်တော် လုပ်တတ်ပါတယ် . ."

လင်းမြင့်လှိုင်က သို့ပြောပြီး သူ၏ ဝင်ချက်စတာရိုင်ဖယ်ကို ထိုလင့်စင်ပေါ်သို့ လှမ်းထိုးချိန်လိုက်ချေပြီး

"ဒိုန်း"

စိတ်မြန်လက်မြန်ရှိပါကောလား။

သို့ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ သစ်စကို ကျည်ဆံထိမှန်သွားသဖြင့် သစ်သားစအချို့ ပဲ့ကျလာချေ၏။

"ဟေ့ဟေ့ . . ဟေ့လူတွေ ဘာလုပ်တာလဲ အပေါ်မှာ လူရှိတယ်ဗျ . ."



သို့အသံနှင့်အတူ လင့်စင်ပေါ်မှ လူတစ်ယောက် ထွက်လာလေ၏။

လင်းမြင့်လှိုင်ကိုမြင်လိုက်သည်နှင့် ထိုသူ မျက်စိမျက်နှာ ပျက်သွားချေတော့၏။

"ဘာကိစ္စရှိလို့လဲ . . "

ထိုသူကလှမ်းမေးလာပြန်၏။

"ဟုတ်ပြီ . . ငါတို့ ဘာမှ ကိစ္စမရှိဘူးဆိုပေမင့် မင်းဆီကို သက်သက်လာပြီး နားချင်တယ် . ."

လင်းမြင့်လှိုင်က ပြောလည်းပြော သူ၏ သေနတ်ပြောင်းကို လည်း သူ့ရင်ဝကို ထိုးချိန်ထားလေသည်မှ ဖယ်ရှားခြင်း ပြုလိုက်ချေ၏။

"ကျုပ်လဲ ခုပဲ ဆင်းလာမလို့"

"ဘာလဲ ငါတို့ကို လက်မခံချင်တဲ့သဘောလား။ အပေါ်မှာ ဘာတွေများ လျှို့ဝှက်ချက်တွေ ရှိနေလို့လည်း"

လင်းမြင့်လှိုင်က သို့ ထိုသူ့ကိုမေးလိုက်၏။ သို့ပေမင့် ထိုသူက ဣန္ဒြေမပျက်ပင်။

"ကျုပ် သွားစရာရှိတယ် . . . နို့ကြောင့် ဆင်းလာခဲ့မယ် . ."

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုသူ့ကို အောက်မှ စောင့် နေလိုက်ကြတော့၏။

ထိုသူ အပင်အောက်ရောက်သည်တွင် လင်းမြင့်လှိုင်အား ကြည့်လိုက်ချေပြီး

"အော်သိပြီ . . ကျုပ်ကို အဘိုးအို လင့်စင်မေးတဲ့သူပဲ။ ကျုပ်ထင်တာ တစ်ယောက်ထဲပေါ့ . ခုတော့ အဖော်နှစ်ယောက်ပါလာ သကိုး . . ဟင်း . . ဟင်း . . ဘာကိစ္စများ ပြောစရာရှိပါသလဲ . .

လူမှုရေးအရတော့ ခင်ဗျားတို့ကို အလျှော့ပေးလိုက်မယ် . . . ပြောစေချင်တာ"

သို့ဆိုတော့ လင်းမြင့်လှိုင်က ထိုသူကို စေ့စေ့ ကြည့်လိုက်ချေပြီး . . .

"ငါတို့အဖိုးအိုနဲ့ တွေ့ချင်တယ်ဆိုတာ ဘာကြောင့်လဲ မင်းရိပ်မိမှာပေါ့ . ." လို့ ပြောလိုက်၏။

ထိုသူက တစ်ချက်ပြုံးပြလာချေပြီး

"သိတယ် . . အဘိုးအိုကို လာရှာတယ် . . . သူ့မြေးမလေး သုံးယောက်နဲ့ ပတ်သက်တယ်ဆိုကတည်းက ခင်ဗျားတို့ ကျွန်တော်တို့ဆီလာတာ ကောင်းသောလာခြင်းတော့ မဟုတ်ဘူးဆိုတာ သိပါတယ် . ."

"အင်း . . ဟုတ်နိုင်ပါတယ် . . ကဲ မှန်မှန်ပြောပြစေချင်တယ်"

"ဘာလဲ"

"အဘိုးအိုတကယ်ပဲ ထန်းသုံးပွင့်ဆိုင်တောင်ထန်းပင်တောင်ကြောကို သွားတာလား . . ."

"ဟုတ်တယ် . . "

"အဲဒီ့မယ် . . လူဆိုး လူရမ်းကား နှစ်ယောက် ချုပ်ထားတယ်ဆို . . ."

သို့ လင်းမြင့်လှိုင်က မေးလေသည်တွင် ထိုသူက လင်းမြင့်လှိုင်အား စားမတတ်၊ ဝါးမတတ် ကြည့်လိုက်ချေပြီး

"ဘာပြောတယ်ဗျ . . ဘာလို့ သူတို့ကို လူရမ်းကား လူဆိုးလို့ ပြောရတာတုန်း . ."

သို့ ပြန်မေးလာချေ၏။



"ဟင်း . . . ဟင်း . . သတ်မှတ်စည်းကမ်းတွေ ဖောက်ပြီး အသားစားကြတယ်။ ပြီးတော့ မျိုးနွယ်တူချင်း မေထုန်မှီဝဲဖို့ ကြံနေကြတယ် ဆိုတာ လူဆိုးလူရမ်းကားမဟုတ်ဘူးလား . . ."

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ထိုသူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချေပြီး . . .

"ဟား . . ဟား . . ဟား . . ဟား . . ဟား . . ဟား . . ရယ်ရတယ်ဗျာ . . ကျုပ်မေးမယ် . . ခင်ဗျားတို့ကော သည်တောသည်တောင်က သားကောင်တွေကို ပစ်ခတ်ကြတယ်ဆိုတာ စားဖို့ပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီဖြင့်ဘာလို့ ဟိုနှစ်ယောက်ကို အသားစားတာနဲ့ လူရမ်းကားလို့ပြောရတာလဲ . . ."

သို့လည်း အဟုတ်သားကလား . . သားကောင်တွေ သတ်ဖြတ် စားတာနဲ့ လူဆိုး လူရမ်းကားပြော၍ ရမည်မဟုတ်။ သို့ပေမင့်

"နို့ ဒါထားပါ . . . ဘာလို့ လူမျိုးနွယ်တူချင်း မေထုံမှီဝဲချင်ရတာတုံး . ."

ကျွန်တော်က ကြားဝင်ပြောလိုက်၏။

"အလိုလေးဗျာ . . သဘာဝတရားလေ . . မိန်းမနဲ့ယောကျ်ား အထီးနဲ့ အမ မိတ်လိုက်ကြတယ်၊ ဆက်ဆံကြတယ်၊ အာဝါဟ ဝိဝါဟ ပြုကြတယ်ဆိုတာ သဘာဝလေ ဘာဆန်းလို့လဲ . . "

"ဆန်းတယ်"

လင်းမြင့်လှိုင်က ခပ်မာမာပြောလိုက်၏။

"ဘာဆန်းလဲ…ကဲ ပြော"

"ဆန်းတာမှ သိပ်ဆန်း ဘာလို့ အရင်းနှီးဆုံးမျိုးနွယ်ချင်း ဆက်ဆံချင် ကြတာလဲ‥"

"ဘာ‥ ဘယ်လို‥ဘယ်လို ပြောတယ်၊ ရှင်းအောင် ပြောစမ်းပါ"

"ဟုတ်ပြီ မင်းပြောသလို ယောက်ျားနဲ့ မိန်းမ အထီးနဲ့ အမ ဆက်ဆံကြတယ်ဆိုတာ သဘာဝပဲ၊ မျိုးဆက်ပြန့်ပွားဖို့ လုပ်ကြတာပဲ‥ အရင်းနှီးဆုံး မိသားစု တည်ဆောက်ကြတာပဲ၊ မှန်ပါတယ်၊ နို့ဒါက သူစိမ်းတွေလေ‥သူစိမ်းတွေ မိတ်ဖက်ပြု မိသားစုဘဝ တည်ဆောက်ကြတာ သဘာဝ၊ နို့ပေမင့် မင်းတို့က အရင်းနှီးဆုံး မိသားစုတွေက သဘာဝကို ဆန့်ကျင်ဆက်ဆံချင်ကြတာလေ‥ မိုက်ရိုင်းတာပေါ့‥နို့ကြောင့် လူဆိုး လူရမ်းကားလို့ ပြောတာ"

လင်းမြင့်လှိုင်က သို့ပြောလိုက်ချေ၏။

သည်တွင် ထိုသူက လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့အား ယဲ့ယဲ့ပြုံးကြည့်လာချေပြီး

"ခင်ဗျားတို့ပြောသလို လုံးဝမဟုတ်ဘူး။ လူမျိုးချင်းဆက်ဆံတယ် ဘာဖြစ်လဲ‥မျိုးဆက်ပြန့်တာပေါ့‥နို့မှလည်း တဲစုကနေ အိမ်စုလေးဖြစ်လာမယ်‥။ အိမ်စုလေးကနေ ရွာသိမ်ရွာငယ် ဖြစ်လာမယ်၊ ရွာသိမ်ရွာငယ်ကနေ ရွာကြီးဖြစ်လာမယ်၊ တစ်စတစ်စ လုပ်ငန်းတွေ တိုးပွားလာမယ်။ လူတွေ ပွားလာမယ်၊ နို့ဆိုတော့ မြို့ကြီးတစ်မြို့ ဖြစ်မလာနိုင်ဘူးလား။ ခင်ဗျားတို့ ပညာတတ် တွေဖြစ်လျက် ဘာလို့ ဘယ်လို တွေးတွေးနေကြတာတုံး…"



သို့ဆိုတော့ လင်းမြင့်လှိုင်သည် ထိုသူကို စေ့စေ့ ကြည့်လိုက်ချေပြီး‥

"ကျွန်တော်ထင်တာက သည်လူပြောပုံအရ ကျွန်တော်တို့ သူတို့ကို အမြင်စောင်းပြီးပြောနေမိတာလားမသိဘူး… သေသေချာချာ မေးကြည့်လေမှဗျ‥" သို့ တီးတိုးပြောလာလေပြီး ထိုလူ့ဘက်ပြန်လှည့်ကာ

"ဟုတ်ပြီ ငါသိချင်တာ တစ်ခုမေးမယ်"

"မေးစမ်းပါ"

"ခင်ဗျားနဲ့ ဟိုအမျိုးသမီးသုံးယောက်နဲ့ သွေးမျိုးသားချင်းတွေ မဟုတ်ဘူးလား…"

"ဘုရားရေ‥ ဘယ်လိုဖြစ်နိုင်မှာလဲ‥သူတို့သုံးယောက်က အဘိုးအိုရဲ့ မြေးတွေလေ‥ကျွန်တော်တို့က လူမျိုးစုသာတူတယ်၊ သွေးမျိုးမတော်ကြပါဘူးဗျာ‥ပြီးတော့ အဘိုးအို ဒထ်ပေးထားတဲ့ သူနှစ်ယောက်ကလည်း သူတို့နဲ့ သွေးမျိုးမတော်ပါဘူးဗျာ‥ပြီးတော့ သူတို့ ဆက်ဆံကြတဲ့ အမျိုးသမီးတွေကလည်း အရင်းနှီးဆုံး သွေးမျိုး မဟုတ်ပါဘူးဗျာ၊ သူစိမ်းတွေပါ‥"

"ကိုပိုက်ရေ‥ ကျွန်တော်တို့တော့ သည်လူနဲ့ သေသေချာချာ စကားပြောမှဖြစ်တော့မယ် ထင်ပါရဲ့"

သို့ လင်းမြင့်လှိုင်က ပြောလာလေ၏။

"ကောင်းပြီ…သဘောပေါက်ပြီ‥ငါတို့ အမှန် ပြောရလျှင် အမျိုးသမီးတွေနဲ့ပဲ တွေ့ခဲ့တာ။ အဖိုးအိုဆိုတာလဲ ခုမှတွေ့ဖို့လာကြတာ‥ စောစောက မင်းပြောတဲ့ စကားတွေက ငါတို့ကို စဉ်းစားစေတယ်။ နို့ကြောင့် ငါတို့ သိချင်တာတွေကို သေသေချာချာ

ရှင်းပြနိုင်မလား။ ပြောပြနိုင်မလား"

"ကျုပ် အချိန်မပေးနိုင်ဘူး..ကျုပ် အစ်ကိုကြီးကို လိုက်ရှာရဦးမယ်..ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလို့ လိုက်စပ်စု ပတ်သက်ချင်ကြတာလဲ ...ကျုပ်အစ်ကိုပျောက်နေတာကြာပြီ သူ့ကို လိုက်ရှာမှဖြစ်မယ်"

"နို့ဖြင့်လည်း ငါတို့ ကူညီသင့် ကူညီပါ့မယ်၊ ပြောပါ..ဘယ်သူလဲ"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် ထိုသူက လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်နေလေ၏။ မယုံရဲ၍ ကြည့်နေပုံပင်၊ သို့ကြောင့်

"ငါတို့ကို ယုံစမ်းပါကွာ..မင်းကို လိုက်ကူရှာပေးပါ့မယ်"

သည်တွင် သူက-

"ကျွန်တော်အစ်ကိုကြီးဆိုတာ အောင်မိုးပေါ့"

"ဟေ"

"ဟင်"

"ဘာ အောင်မိုး..ဟုတ်လား.."

ကျွန်တော်တို့က သူ့အား သို့မေးလိုက်သဖြင့် -

"ခင်ဗျားတို့ ကျုပ်အစ်ကိုအောင်မိုးကို သိတယ်လား"

သို့ဆိုတော့ ကျွန်တော်တို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေပြီးမှ ထိုသူကို ကြည့်လိုက်ကာ

"အမျိုးသမီးသုံးယောက်ပြောလို့ သိတာပါ..၊ နို့ မင်းအစ်ကို အောင်မိုးက ထွက်ပြေးပုန်းရှောင်နေတယ်ဆိုတာ ဘာဖြစ်လို့လဲ .."



"ဘယ်သူပြောလဲ ထွက်ပြေးနေတယ်ဆိုတာ၊ ဘာကိစ္စနဲ့ ထွက်ပြေးရမှာလဲ.."

ထိုသူက ကျွန်တော်တို့အား မကြေမနပ်ပြောလာလေ၏။

"သိဘူးလေ..လူရမ်းကား..ရိုးသားတဲ့ လူမျိုးနွယ်ကို ဖျက်ဆီးသူ၊ ပြီးတော့ အရင်းနှီးဆုံးဆွေမျိုးသားချင်းမေထုံပြုဖို့ နှိုးဆော်တဲ့သူဆိုတော့ အဘိုးအိုက အပြစ်ဒဏ်ပေးမှာကြောက်ပြီး ထွက်ပြေးသွားတာတဲ့..သည်တဲစုရဲ့ အဓိကရန်သူက အောင်မိုးကို ပြောတာ မဟုတ်ဘူးလား.."

လင်းမြင့်လှိုင်က မေးလိုက်ချေ၏။

"အင်း..၊ သည်ကိစ္စတွေ ပြောရခက်တယ်.. ဘယ်လို စပြောရမှန်းမသိဘူး.."

သို့ဆိုသလို ထိုလူက စိတ်ပျက်လေသံဖြင့် ပြောလာလေ၏။

"နို့ဖြင့်လည်း အချိန်ယူ စဉ်းစားကြတာပေါ့ ...ငါတို့ပွင့်ပွင့်လင်းလင်း ပြောရလျှင်တော့ ငါတို့ အနေနဲ့ကလည်း သားစားတဲ့သူတွေပဲ၊ လူဆိုးမဟုတ်ပါဘူး။ ပြီးတော့ ယောက်ျားရယ် မိန်းမရယ် ဆက်ဆံကြတာလဲ မဆန်းပါဘူး။ နို့ပေမင့် သူတို့ပြောတော့ အရင်းနှီးဆုံး ဆွေမျိုးသားချင်းချင်း မေထုံပြုချင်တဲ့ ဆန္ဒကတော့ မိုက်ရိုင်းလွန်းပါတယ်။ လူမဟုတ်တော့ဘူး။ တိရိစ္ဆာန် ဖြစ်သွားပြီလေ..နို့ကြောင့်ပါ"

"အင်း...နို့ဖြင့်လည်း ခင်ဗျားတို့ကို ကျုပ်ပြောပါ့မယ်၊ လောလောဆယ် ကျုပ်ဝမ်းမီးငြိမ်းဖို့ ရှိတယ်လေ။ ခင်ဗျားတို့ကော ဘယ်လို စီစဉ်ထားသလဲ..."

သို့ဆိုတော့ လင်းမြင့်လှိုင်က

"ဟုတ်ပြီလေ• ငါတို့က ညေသည်ပဲ•• ခု ခင်ဗျား ဘယ်လိုဖြစ်ချင်သလဲ•• ပြော"

သို့ဆိုတော့ ထိုသူက ကျွန်တော်တို့လက်ထဲမှ သေနတ်ကို ကြည့်ပြီး•••

"ခင်ဗျား ဘယ်တော့ သည်က ပြန်ကြမှာလဲ•• " မေးလေ၏။

"အလိုလေးလေး ••• မင်းကလည်း လက်မခံထားချင်ဘူးလား။ ငါတို့ မင်းအကိုကို လိုက်ရှာပေးမယ်လေ•• မင်းတို့ အကြောင်း ပြောပြ"

သို့ဆိုတော့ ထိုသူမျက်နှာ ရွှင်လန်းသွားပြီး

"ဟုတ်ပြီ••သိပြီ••သည်လိုလုပ်•• ကျုပ် လင့်စင်ပေါ်မယ် စားစရာတွေရှိတယ်••ကျုပ်မှာ ရှိတာကျွေးမယ်•• ပြီးလျှင်ဖြင့် အားလုံး ပြောပြမယ်"

"ဟင်း••ဟင်း••ဟင်း••"

သို့ဆိုတော့ လင်းမြင့်လှိုင်က ထိုသူ့အား ရင်းနှီးစွာ ရယ်ပြုံး ပုခုံးပုတ်လိုက်ချေပြီး

"သိပ်ကောင်းတယ်•• "

သို့ဖြင့် ကျွန်တော်တို့သည် ထိုသစ်ပင်ပေါ်ရှိ လင့်စင်ပေါ်သို့ တက်သွားကြချေတော့သည်။ ထိုလင့်စင်ပေါ်တွင် ခေတ္တမျှ နားနေရင်း သူက ကျွန်တော်တို့အား အသားဟင်းလျာဖြင့် ညေခံလေ၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ၎င်းနှင့်အတူ ဝီစကီတစ်ပြား သောက်လိုက်ကြ၏။ မဆိုးကြီးတာပုကတော့မှ အရက်သောက်တတ်



လေသူမဟုတ်သဖြင့် သူ၏ ခါးပုံစအတွင်းမှ ယာပြီးကွမ်းကို ထုတ်၍ ဝါးနေလိုက်ချေတော့၏။

သို့မှသည်

× × × × ×

"ကိုကြီးအောင်မိုး ဘယ်သွားမလို့တုံး•• လက်ထဲမလဲ မြားကိုင်းကြီးနဲ့ပါလား••"

ဒုတိယညီဖြစ်သူ အောင်တိုးက အောင်မိုး လင့်စင်ပေါ်မှ ဆင်းသွားလေသည်တွင် သို့ဆိုသလို မြားကိုင်းကိုင် ဆင်းသွား သဖြင့် မေးလေ၏။ တတိယနှင့် စတုတ္ထညီနှစ်ယောက်ကတော့မှ အိပ်နေလျက် ရှိကြပေ၏။ အသက်အားဖြင့် အောင်မိုးနှင့် အောင်တိုးသည် တစ်နှစ်ကြီး တစ်နှစ်ငယ်၊ အောင်တိုးနှင့် တတိယညီဖြစ်သည့် အောင်စိုးတို့သည် (၂) နှစ်ကွာလေပြီး အောင်စိုးနှင့် စတုတ္ထညီဖြစ်သည့် အောင်ဖြိုးသည်ကား (၄) နှစ်ခန့် ကွာသွားချေ၏။ သို့ဆိုတော့ အစ်ကိုကြီးအောင်မိုးနှင့် ညီအငယ်ဆုံးအောင်ဖြိုးသည် အသက်အားဖြင့် (၇) နှစ်ခန့် ကွာသွားလေ၏။

အောင်မိုးတို့တွင် အဖေအမေ မရှိကြပါချေ။ ပြီးခဲ့သော သုံးနှစ်လောက်က ကန့်ကျူးနီချောင်းတွင် သစ်ဖောင်လိုက်ရင်း ဖခင်ဖြစ်သူက သစ်ဖောင်ပျက်၊ ရေနစ်သေဆုံးခဲ့၏။ မိခင်ဖြစ်သူက ရေဆင့်နောက်ဆင့်ဆိုသလို သူမ၏ လင်သားစိတ်ဖြင့် နာမကျန်းဖြစ် (ငှက်ဖျား) ဒဏ်ဖြင့် သေဆုံးသွားလေ၏။ သို့ဆိုတော့ အစ်ကိုကြီးဖြစ်သည့် အောင်မိုးက ညီငယ်သုံးယောက်ဖြစ်သည့် အောင်တိုး၊ အောင်စိုး၊ အောင်ဖြိုးတို့အား ရှာဖွေ ကျွေးနေရချေ၏။

"အောင်မိုး" နှင့် "အောင်တိုး" က ရေခပ်ထင်းခွေ အစာရှာ

လှုပ်ထား အောင်စိုးနှင့် အောင်ဖြိုးက ထိုအချိန်က အသက် (၆) နှစ် (၁၀) နှစ် ကလေးများဆိုတော့ အကိုကြီး အကိုလတ်တို့ ရှာဖွေကျွေး ခဲ့သည်ကို ထိုင်စားခဲ့ကြရသူများ ဖြစ်ချေ၏။

သို့မှသည် သုံးနှစ်တာ အချိန်ကျော်လွန်ခဲ့ကြသည်တွင် မတော့··"

"မင်းတို့သိတဲ့အတိုင်းကွာ သစ်ဥသစ်ဖုတွေက ရှာဖွေရ ခက်ခဲလာပြီ··အေး ငါတို့ရဲ့ ဘုံစနစ်သုံးကြတဲ့ ငှက်ပျောတောက အခဆင်ပြေသေးတယ်ဆိုပေမင့် တစ်နေ့လာလည်း ငှက်ပျော တစ်နေ့လာလည်း ငှက်ပျော ငါတို့လည်း မျောက်ဖြစ်နေပြီ·· နေတာလည်း သစ်ပင်ပေါ်မှာ ငါတို့ တဲစုရဲ့ စည်းကမ်းချက်ကလည်း လင့်စင်ပေါ် ယောကျ်ားတွေ နေရပြီး တဲပေါ်မတော့ အမျိုးသမီးတွေသာ နေကြရ တယ်။ အရေးအကြောင်းဆို ငါတို့ ယောကျ်ားတွေက အမျိုးသမီးတွေ ကို ကာကွယ်ကြရတယ်···"

"နို့ကတော့ အကိုကြီးရယ် ရှေးဘိုးစဉ်ဘောင်ဆက်ကတည်း က ကျွန်တော်တို့လူမျိုးစုရဲ့ အစဉ်အလာလေ··ကိုကြီးရဲ့· သည်လိုပဲ ကြီးပြင်းခဲ့ကြရတယ် မဟုတ်လား··"

"ဟုတ်တော့ ဟုတ်တာပေါ့··ငါ့အနေနဲ့ ပြုပြင် ပြောင်းလဲ သင့်ပြီထင်တယ်···"

"အစ်ကိုကြီး ဘာကို ဆိုလိုချင်တာတုံး··"

"ငါတလောက သစ်သီးရှာခူးရင်း တောမုဆိုးတစ်ယောက် တွေ့တယ်၊ သူက သည်တောတောင်ထဲရှိတဲ့ တိရိစ္ဆာန်လေးတွေကို လိုက်ပြီး သတ်စားတယ်။ ငါနဲ့ တွေ့တော့ ငါက မစားသင့်ကြောင်း သတ္တဝါလေးတွေအပေါ် ကြင်နာသနားသင့်ကြောင်း ပြောပြတော့ သူက ရယ်တယ်ကွ··"

"အော်··အစ်ကိုကြီးက မုဆိုးကို တရားသွားဟောတာကိုး · ရယ်တာပေါ့···"

"ဟ·· သူပြောတာလဲ ဟုတ်သလိုလိုပဲကွ···"

"သူက ဘာပြောလို့တုံး··"

"ငါကပြောတယ်··စားစရာတွေ ရှိပါတယ်ဗျာ·· သစ်သီး သစ်ဥတွေ အသီးအနှံတွေ စားစရာပါပေါ့··"

"အဲတော့ သူက ဘာပြန်ပြောလဲ သိလား··"

"ကိုကြီးပြောမှ သိမပေါ့···"

"မင်းတို့က အယူသီးကြတာကိုးကွတဲ့ · ခု မင်းတို့ပဲ ကြည့်လေ··သစ်သီးသစ်ဥ လိုက်ရှာတာ တစ်နေကုန်နေပြီး မျောက် ဥလေး တစ်လုံးလား ရတယ် · ၊ ပြီးတော့ ကြက်ခြမ်းသီးလေး သုံးလေးလုံး··· မင်းတို့ ဘယ်လို သွားစားမလဲ·· ဘယ်လို အာဟာရ ဖြစ်မလဲ··· အဲလိုပြောလာတော့··"

"အင်း··ဟုတ်တယ်··ကျွန်တော်တို့ တဲစုလူတွေအားလုံးက သစ်သီးသစ်ဥတွေစားခဲ့ကြတာ·· မကောင်းသလိုပဲဗျာ··ပြီးတော့ ရှားပါးသွားပြီ၊ ခု ရိက္ခာအရှာထွက်လာတာတောင် ခရီးအတော်ဝေးဝေး သာရှာလေမှ ရတာလေ··ကြာလျှင် ခက်ရချည်ရဲ့လို့ အစ်ကိုကြီးက အဲလို ပြောလိုက်တယ်လေ··"

သည်တော့ အဲဒီမုဆိုးက ရယ်မောလိုက်ပြီး

"အား··လူရယ်လို့ဖြစ်လာလာ တိရစ္ဆာန်ရယ်လို့ ဖြစ်လာလာ အသက်ရှင်နေထိုင်ဖို့က အစာအဟာရလိုတယ်··အစာအာဟာရ

ရှိဘဲနဲ့ ဘယ်လို အသက်ရှင်နေနိုင်မှာလဲ•• အစာအဟာရမရှိဘဲနဲ့ ဘယ်လို ကျန်းမာသန်စွမ်းအောင်နေနိုင်မှာလဲတဲ့•• သူပြောတာ ဟုတ်တယ်လေ••"

"သည်မယ် သစ်သီးသစ်ဖုတွေကမှ စားစရာမဟုတ်ပါဘူး။ အသားတွေလည်းပေါပါတယ်•• ရှာစားတတ်ဖို့ပဲလိုတာပါလို့ ပြောလာသတဲ့လေ။ သည်တော့ အစ်ကိုကြီးက ကျွန်တော်တို့ လူမျိုးစုက အသားမစား ကြဘူး။ ဘာလို့လည်းဆိုတော့ သူ့အသက်ကို မသတ်ချင်တာရယ်၊ ကိုယ်ချင်းစာနာတာရယ်ကြောင့်လို့ပေါ့လို့ ပြောလိုက်တယ်••"

"သည်တော့ မုဆိုးက ဘာပြောလဲ သိလား•••"

"အစ်ကိုကြီးပြောလေ••"

"ငါလည်း သည်တောတောင်နားက ရွာလေးမှာ နေတာပါကွာ••ငါတို့မလဲ ဘာအလုပ်အကိုင်မှ မရှိဘူး။ သည်တော သည်တောင်ကို မှီခိုစားနေရတယ်ဆိုတော့ ငါတို့ရဲ့ ဟင်းအိုးကြီးက သည်တောသည်တောင်လေကွာ••ငါ့မျိုးရိုးက မုဆိုးတွေ•• ယာသမား လယ်သမားတွေ မဟုတ်ဘူး။ ငါလယ်မလုပ်တတ်ဘူး။ ငါတို့ ဘိုးစဉ်ဘောင်ဆက် တတ်တာက အမဲလိုက်ပညာ၊ နို့ဆိုတော့ ငါတို့ သည်တော သည်တောင်မှာရှိတဲ့ သတ္တဝါတွေကို သတ်ဖြတ်စားရတော့တာပေါ့•• အေး မင်းတို့လိုပဲ သစ်သီးသစ်ဖုလဲ စားကြတာပေါ့။ အေးတစ်ခုတော့ရှိတယ် မြို့ပြက ငါနဲ့ ကြုံတဲ့ အပျော်တမ်းမုဆိုးကြီးက ပြောဖူးတယ်။ သတ္တဝါဆိုတာ လူသားတွေရဲ့ အစာတဲ့•• သဘာဝက ဖန်တီးထားတာတဲ့••။ အေး တစ်ခုတော့ရှိတယ်။ မျိုးတူချင်းတော့ မစားကောင်းဘူးတဲ့•• လူသတ္တဝါက တိရစ္ဆာန်အချို့ကို စားလို့ရတယ်။



မင်းကိုရှင်းအောင်ပြောမယ်ကွာ ပင်လယ်နားနေတဲ့သူတွေက ရေသတ္တဝါတွေကို အဓိကထားစားကြတယ်။ တောင်တောင်ထဲ နေတဲ့သူတွေက တောတောင်ကိုမှီပြီး တောရိုင်းတိရစ္ဆာန်တွေကို အားပြုစားကြတယ်။ ဒါ သဘာဝပဲတဲ့••၊ တစ်ခုတော့ရှိတာပေါ့ကွာ•• ငါလဲသိတာပေါ့•• တိရစ္ဆာန်လဲ သတ္တဝါလေ••• သတ္တဝါချင်း စာနာရမယ်၊ ငါသိတာပေါ့•• နို့ပေမင့် အူမတောင့်မှ သီလစောင့်မယ် ဆိုတာလေ••ပြီးတော့ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုတာလေ ကဲ ငါပြောတာ မဟုတ်လောက်ဘူးလား•• တစ်ခုတော့ရှိတာပေါ့။ သဘာဝဆိုပေမင့် အသိတရားလေးတော့ ရှိတာ ပိုကောင်းတာပေါ့ တဲ့••"

"ဘာလဲ အစ်ကိုကြီး အသိတရားလေးဆိုတာ••"

"အေး••ငါလဲ မုဆိုးကို မေးလိုက်တယ်••"

"သည်တော့ ဘာပြန်ပြောလဲ••"

"ဆိုပါတော့တဲ့•• မုဆိုးဆိုတော့ သူ့အသက် သတ်ရတော့မယ်လေ••• အဲဒီအခါသတ္တဝါတွေကို ဝမ်းရေးအတွက် သတ်ဖြတ်ရပေမင့် တောတောင်ထဲမှာ သူ့ကို တမင်သေစေချင်တဲ့ စိတ်နဲ့ သတ်ဖြတ်တာ မဖြစ်စေရဘူးတဲ့•• ဖြစ်နိုင်လျှင် ပုံ့သကူ သားပေါ့ကွာ၊ ပထမပေါ့••ပုံ့သကူသားဆိုတာ ကိုယ်မသတ်ရဘဲ သေဆုံးပြီးတဲ့ သတ္တဝါရဲ့အသားပေါ့•• အဲဒါမှမရလျှင်ဖြင့် သက်တမ်း စေ့လို့ သေရတော့မဲ့ သားကောင်တွေကို တောင်ပိုင်တောပိုင်တွေ ဆီက တောင်းခံပြီး စားသတဲ့လေ••၊ အဲလိုမှ မစားလျှင် ငါတို့ ဘယ်လိုလုပ် ဝမ်းဝမလဲ••ဘယ်လိုလုပ် အသက်ရှင် နေနိုင်မလဲ•

ဝစ်းဝမှ ကျွန်းမာသန်စွမ်းမယ်၊ ကျန်းမာသန်စွမ်းမှ အသက်ရှင်နေနိုင်မယ်လေ…မဟုတ်လားတဲ့…"

"အင်း အဲလို မုဆိုးပြောတာလည်း ဟုတ်တယ်… အစ်ကိုကြီး…နော်… အစ်ကိုကြီးက သတ္တဝါလေးတွေကို သတ်ဖြတ်စားတော့ မပေါ့…"

"ရှူး တိုးတိုးပြောပါကွ… မကြီးမငယ် မလတ်တို့သိလျှင်ဖြင့် သူ့အဖိုးနဲ့ တိုင်ပြောလို့ ငါတို့ သည်တဲစုကနေ ထွက်သွားရလိမ့်မယ်… ငါတို့ တောတောင်ထဲ နေတယ်ဆိုတာ စည်းစည်းလုံးလုံး နေမှရတာလေ…။ လူတွေ စုစည်းနေတော့မှ သားရဲကောင်တွေရဲ့ အန္တရာယ်က လုံခြုံတာပေါ့…သည်တဲစုက နှင်ထုတ်ခံရလို့ အခြားတစ်နေရာမယ် သွားနေကြလျှင်ဖြင့် ငါတို့ကို သားရဲကောင်တွေက နှိပ်ထက်ကလူ လုပ်လာတော့မှာပေါ့…"

"ဟုတ်ပြီ…နားလည်ပြီ အစ်ကိုကြီး နို့မေးပါရစေ… အဲဒီလေးကိုင်းကြီးက အစ်ကိုကြီး ဘယ်ကရတာလဲ…"

"အဲဒီမုဆိုးပဲ ငါ့ကို လုပ်ပေးတာ…ပြီးတော့ သင်ပေးတယ်။ ငါအင်မတန် အလုပ်ဖြစ်နေပြီလေ။ ညီလေးတို့ကို အစ်ကိုကြီး အမဲလိုက်ရာကျွေးမယ်…"

သို့ဆိုသလို အောင်မိုးသည် ထိုလူမျိုးစုတွင် ပထမဦးဆုံး အသားစားလေသူ သားသတ်မုဆိုးဖြစ်လာချေတော့၏။

အောင်မိုးတစ်ယောက် သို့ကိစ္စကို ခိုးကြောင်ခိုးဝှက်ဖြင့် လုပ်ခဲ့သည်မှာ နှစ်တွေ ကြာခဲ့လေပြီ ဖြစ်ပေမင့် တစ်နေ့…

ဂျီတစ်ကောင်ကို တွေ့လေ၏။ ထိုဂျီလေးကို သူပစ်ရန်။ မပစ်ရန်း စဉ်းစားနေမိ၏။



ဘယ့်တွက်မူ ထိုဂျီလေးတွင် ဇီးရှိနေသောကြောင့်ပင်။

"အောင်မိုး မင်းသစ္စာရှိဖို့တော့လိုတယ်…၊ တနာတတ်ဖို့လိုတယ်၊ မုဆိုးစည်းဆိုတာ ထားရလိမ့်မယ်…၊ ဆိုပါဆို့ကွာ ဇီးရှိတဲ့ သတ္တဝါတွေကို မသတ်ဖြတ်ရဘူး…"

သို့ သူ့ဆရာမုဆိုးက ပြောဖူး၏။ သို့ဆိုတော့ ယခု သူသည် ဂျီမလေးကို လုံးဝပစ်၍ ရလိမ့်မည်မဟုတ်…။

သို့ပေမင့်လို့ သူကနေ့ တစ်နေ့လုံးပင်မဟုတ်… ဘာဖြစ်သည်မသိ… သည့်အရင်သုံးလေးရက်ကတည်းက သားကောင်မတွေ့၍ မပစ်ရ သည်မှာ ယနေ့ထိဖြစ်ချေ၏။ သည်ကနေ့တွင်လည်း နေကုန်လေပြီ၊ ဖြစ်ချင်တော့ အိမ်တွင် ကျန်ရစ်ခဲ့သည့် အငယ်ဆုံးညီလေး အောင်ဖြိုး တစ်ယောက် နေထိုင်မကောင်းဖြစ်နေ၏။ အာဟာရပြေတ်သည်လည်း ပါသည်ပေါ့… သူတို့နေနိုင်ပေမင့် ညီလေးက နေနိုင်မည်မဟုတ်၊ မနက်ကလည်း သူ့အား ပြောလိုက်လေ၏။

"အစ်ကိုကြီး သည်ကနေ့ သားကောင်ရအောင်ရှာခဲ့ပါဗျာ၊ ကျွန်တော် အစာမစားရတာ သုံးလေးရက်လောက်ရှိပြီ၊ နောက်ဆုံး အစ်ကိုကြီးရယ် သစ်ဥသစ်ဖုတော့ ရအောင်ရှာခဲ့ပါဗျာ… ညီလေး မှာလိုက်တယ်"

သို့မှာ၏။ သာမန်အချိန်မျိုးဆို ပြဿနာမရှိ။ ယခုတော့ ညီလေးက နေထိုင်မကောင်းလည်းဖြစ်နေသည့်ကြောင့် အာဟာရအလို့ငှာ အသားလေးချက်ပြုတ်ကျွေးချင်မိ၏။ ဘကယ်တော့ မနက်ကသူ ငှက်ပျောတောထဲဝင်ခဲ့၏။ ငှက်ပျောသီး အမှည့်တစ်ဖီးရခဲ့၏။

သို့ပေမင့် ဂျိုကောင်လေးကိုမြင်တော့ သူလက်မလွှတ်ချင် ချေ။ မှဆိုးစည်းဆိုတာသူသိပေမင့် သူ၏ ကတိသစ္စာကိုတစ်ခါဖျက် လိုက်ဖို့ သူဝန်မလေးဖြစ်ခဲ့ရ၏။ တကယ်တော့ သူ သားစားကြူးသူ ဖြစ်နေမှန်းမသိချေ။ အသားလေးစားမှ ခံတွင်းတွေ့လေပြီပဲ••။

"တစ်ခါတလေပဲကွာ••သူ့ဆရာမှဆိုးသိတာမှတ်လို့" သို့ သူဆုံးဖြတ်လိုက်ပြီး ထိုဂီးနှင့်ဂျိုလေးကို ပစ်ခတ်လိုက်ချေ၏။

မကြီးတို့ ညီအမတွေ သစ်သီးသစ်ဖု အရှာထွက်စဉ် သူ ဂျိုလေးပစ်ခတ်လိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံသွားလေတော့ ၏။

"ရှင်••ရက်စက်တယ်••အဘိုးနဲ့ ပြောရလိမ့်မယ်"

"မကြီးရယ်•ကြည့်စမ်းပါဦး•အောင်မိုးက မိုက်ရိုင်းလိုက်တာ။ ညီမလေးတို့ မျိုးနွယ်စုမယ် ဘယ်သူမှ အသားမစားကြဘူး•• သူကတော့အသားစားတဲ့အပြင် သတ္တဝါလေးတွေကိုလည်း မညှာမတာ သတ်ဖြတ်နေတာပါကလား။ ခုလည်းကြည့်လေ•သူတစ် ချက်တည်းနဲ့ အသက်နှစ်ချောင်းကို သတ်လိုက်တာပဲ••"

သို့ဆိုသလို မကြီးတို့ညီအမတွေက သူ့အား ရှုံ့ချကြချေ၏ အပြစ်ဆိုကြလေ၏။

သူသိလိုက်ပေပြီ••သူမှဆိုးစည်းဖောက်လိုက်ခြင်းကြောင့် ဖြစ်မည်။ သူကတိသစ္စာကို ဖျက်လိုက်ခြင်းကြောင့် ဖြစ်မည်။

သူနောင်တရ လွန်မင်းစွာ နောက်ကျသွားချေ၏။

သူ့အား တဲစုလူကြီးဟုဆိုရမည့် မကြီးတို့အဘိုးက ပြစ်တင် ရှုံ့ချ၏။ အများက သူ့အား ကဲ့ရဲ့ ကြ၏။ နှာခေါင်းရှုံ့ကြလေ၏။



သို့ဆိုတော့ အောင်မိုးသည်သာလျှင်မဟုတ်၊ ညီမှားလည်း သူတို့လူမျိုးစု၏ အပယ်ခံဘဝရောက်သွားရလေ၏။

"ငါမှားဘာကွာ••ငါ စည်းဖောက်လိုက်တာ"

သို့တော့ သူသိ၏။ နောင်တရ၏။ သို့ပေမင့် သူအသားစား ခြင်းကို မစွန့်လွှတ်တော့ချေ။

သူမှဆိုးစည်းမပေါက်ဖို့တော့ သတိထားလေတော့၏။

သို့မှစ၍ သူတို့တဲစုမှ လူများသည် သူတို့ ညီအစ်ကိုတွေ သားစားခြင်းကို သိသွားကြလေ၏။ သို့ဆိုတော့••

အချို့က သူတို့အား ဆည်းကပ်လာကြ၏။ သွေးတိုးစမ်း စားချင်ကြ၏။

"ဟုတ်ပြီ•အများ၏ကို ကွဲလျှင် သူတို့ညီအစ်မတွေလည်း ကွဲဖြစ်ရမည်ဟုတွက်ကာ အောင်မိုးသည် အသားစားလို၍ ဆည်းကပ် လာကြသူတို့အား လက်ခံစည်းရုံးရေးပြုလေ၏။

သို့မှ တစ်စတစ်စ သားစားလူများ များလာ၏။ သည်တော့ အုပ်စု နှစ်စု ကွဲသလိုဖြစ်လာတော့၏။

သည်တွင် အဖိုးက ပြင်းထန်စွာ အမိန့်ချလိုက်၏။

သားစားသူနှစ်ယောက်အား သူ၏ညီအောင်ဖြိုးနှင့် အောင်မိုး တို့အား အသားစားနေစဉ် လက်ပူးလက်ကြပ်ဖမ်းကာ ပြစ်ဒဏ်ခတ် လိုက်ချေတော့၏။

တောင်ထန်းသုံးပွင်ဆိုင်တောင်ကြောတွင် ချုပ်နှောင်းထား လိုက်ချေ၏။ ဖြစ်ချင်တော့ အစ်ကိုကြီးဖြစ်သူ အောင်မိုးတစ်ယောက် သူ့ညီ နှစ်ယောက်အားအဘိုးအိုတို့ မဖမ်းဆီးမီ နှစ်ရက်လောက်က

တောထဲအပဲသွားပစ်ရာ ပြန်မလာတော့ချေ။ ဘယ်ရောက်နေသည် မသိ ဘာဖြစ်နေသည်မသိပါချေ...။

× × × × ×

လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့သည် အောင်တိုး ပြောပြသည့် သူတို့ ညီအစ်ကိုလေးယောက် ပြဿနာကို သိလိုက်ကြတော့၏။

ဘယ်သူမှန်လို့ ဘယ်သူမှားသည်ဆိုရပါမှ မကြီးတို့ပြောသလို သူ့ရပ်သူ့ဒေသ သူ့စည်းကမ်းအရတော့ ဟုတ်ပေ၏။

သူ့စိမ်းတွေဆိုလျှင်ဖြင့် ပြောဖွယ်ရာမရှိ၊ ပြီးတော့ တစ်ခုရှိသေး၏။

"ကျွန်တော် သည်တဲစုမှာရှိတဲ့ မိန်းကလေးတစ်ဦးနဲ့ ချစ်ကြိုးသွယ်မိတယ်ဗျာ..သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမယ် ဆိုပြန်တော့ မကြီးတို့က ခွင့်မပြုဘူး"

"ဘာလဲ မင်းတို့နဲ့ အဲဒီ မိန်းကလေးတွေ ဆွေမျိုးတော်စပ်လို့လား..."

"သူစိမ်းတွေပါဗျာ.."

"နို့ဖြင့် မကြီးနဲ့ အဲဒီမိန်းကလေးတွေ ဆွေမျိုးရင်းချာတွေလား.."

"အဲလိုလည်း မဟုတ်ဘူး"

"နို့ဖြင့်ဘာလို့ ခွင့်မပြုတာလဲ.."

"သည်တဲစုရဲ့ စည်းကမ်းပဲတဲ့လေ..သည်မိန်းကလေးက အခြားတစ်နေရာက ယောကျ်ားသားနဲ့ ယူမယ်ဆိုရတယ်တဲ့.ပြီးတော့ ကျွန်တော်က အခြားတစ်နေရာက မိန်းကလေးနဲ့ယူမယ်ဆိုရတယ်



တဲ့.."

"ဟ နို့ဖြင့် ဘာလို့လဲကွာ..သူစိမ်းတွေပဲဥစ္စာ"

ကျွန်တော်မခံချင်၍ သို့မေးလိုက်၏။

"သည်တဲစုမှာနေတဲ့သူတွေက ရပ်ဆွေရပ်မျိုးလို့ ခေါ်လို့ ရတယ်တဲ့.. ရွာနားမြက် ရွာနွားမစားကောင်းဘူးတဲ့"

"အလိုလေးဗျာ.."

"အလိုလေးမဗျာနဲ့..ကိုပိုက်ရယ်..ဟဲ..ဟဲ.. သူ့အရပ် သူ့စကား..သူ့စည်းကမ်းလေ.."

"နို့ဆိုတော့ ကျွန်တော်တို့ အသားစားတဲ့သူတွေက ပုန်းလျှိုး ကွယ်လျှိုးနေကြရတာပေါ့ဗျာ.. သည်တော့ အစ်ကိုကြီးကလည်း ပျောက်နေကြဆိုတော့ ပိုပြီး ဆင်ခြင်နေကြရတယ်ပေါ့.."

အောင်တိုးပြောသည်ကို သိကြရလေခြင်းကြောင့် ကျွန်တော်သည်လည်း မည်သို့ ဆုံးဖြတ်ရမည်ကိုမသိလေသဖြင့် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်ချေ၏။

"ဘယ့်တွက်မှ မကြီးတို့တွေက ကျွန်တော်တို့ကိုအကူအညီ တောင်းခဲ့သည်မဟုတ်ပါကလား.."

သူတို့ပြောတော့တစ်မျိုး. ။

အောင်တိုးပြောတော့တစ်မျိုး.. ။

ဘယ်သူမှန်၍ ဘယ်သူမှားသည်ပြောရခက်ချေပြီ။

သည့်တော့...

သည်တဲစုကလူများကို ဖျက်ဆီးနေသည့် အောင်မိုးဆိုသူအား သူတို့က လိုအပ်နေ၏။ အောင်မိုးကို ဖမ်းမိလျှင် ပြဿနာ

ပြေလည်သွားနိုင်သည်ဟု ဆို၏။ ယော ခုတော့ အောင်တိုးကလည်း ပျောက်လာ၏။

"အစ်ကိုကြီးအောင်မိုးပျောက်နေတယ်။ အစ်ကိုကြီးကို ရှာပေးစေချင်တယ်။ အစ်ကိုကြီးနဲ့ သူပြန်ဆုံလေမှ အောင်ဖြိုးနှင့် အောင်စိုးတို့ကိစ္စ ရှင်းနိုင်မယ်" ဟု ဆိုလာပြန်၏။

"ကိုလင်း ဘယ်လိုလုပ်မယ် စိတ်ကူးလဲ..."

ကျွန်တော့်အမေးစကားကြောင့် လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံပြုံးလိုက်ချေပြီး

"အောင်မိုးကို အလျင်ရှာမယ်"

"မကြီးတို့ကို အပ်မလို့လား.. အောင်တိုးတို့ကို ပြန်ရှာပေးမှာလား.."

ကျွန်တော်က မေးလိုက်၏။

"ဘယ်သူ့လက်မှ မအပ်ဘူး.. အောင်မိုးကိုရှာပြီး သူ့ကို ကျွန်တော်မေးချင်တာရှိတယ်..၊ သူနဲ့ စကားပြောပြီးလျှင်ဖြင့် သူ့ကို မကြီးတို့လက်အပ်သင့်လား။ အောင်တိုးတို့ လက်အပ်မလားဆိုတာကို ဆုံးဖြတ်ရမှာပေါ့.."

လင်းမြင့်လှိုင်က သို့ပြောပြီး ဝီစကီပုလင်းပြားကို ထုတ်လိုက်ချေတော့သည်။

"ကျွန်တော်တို့တွေ သည်မယ် တစ်ညအိပ်ပြီး နက်ဖြန်ဆို အောင်မိုးကို လိုက်ရှာမယ်.."

သို့ လင်းမြင့်လှိုင် ပြောသလိုပင် ကျွန်တော်တို့သည် အောင်တိုးတို့လင့်စင်ပေါ်တွင် အိပ်လိုက်ကြပြီး နောက်နေ့ နံနက်စောစောတွင် ထိုသစ်ပင်ပေါ်မှ ဆင်းကာ ခရီးထွက်ခဲ့ကြတော့၏။



သို့ဆိုတော့ ကျွန်တော်တို့ဦးဆုံးသွားရမည့်နေရာကို သတ်မှတ်လိုက်ကြတော့၏။

တောင်ထန်းပင်သုံးပွင့်ဆိုင်တောင်ကြောသို့ ဖြစ်ချေ၏။

သို့ဆိုလေတော့ လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် မုဆိုးကြီးဘာပုတို့သည် တောင်ထန်းပင် သုံးပွင့်ဆိုင် တောင်ကြောသို့ သွားလမ်းမသိလေခြင်းကြောင့် ဝါးခုတ်သမားတစ်ယောက်ကို လမ်းပြအဖြစ် အခကြေးငွေပေး၍ ခေါ်သွားရချေတော့၏။

ထိုဝါးခုတ်သမားလေးသည် လဟာမငယ်ရွာသား မောင်နိုင်ဖြစ်ချေတော့၏။

"မင်း သည်လမ်း သည်ခရီး ကောင်းကောင်းသိတာ ဟုတ်ပါတယ်နော်..."

မုဆိုးကြီးဘာပုက မေးလိုက်၏။

သည်တွင် မောင်နိုင်က မုဆိုးကြီးအား စေ့စေ့ကြည့်လိုက်ချေပြီး...

"ကျွန်တော် ဥက္ကံသားပါဗျာ.. သည်တောသည်တောင် ကျွန်တော်မရောက်ဖူးတဲ့ နေရာရယ်လို့ မရှိဘူး..ဘာလဲ ဖထီးက မယုံလို့လား.."

"မယုံလို့တော့ မဟုတ်ဘူးကွ..ငါတို့က အချိန်ကိုလုပြီး အလုပ်လုပ်ကြရမှာလေ..နို့ကြောင့် မလိုအပ်ဘဲ အချိန်တွေ အလဟဿ မဖြုန်းချင်လို့ပဲ.."

"ဘာကိုဆိုလိုချင်တာလဲ..."

"သည်လိုကွာ..တကယ်လို့ လမ်းကောင်းကောင်းမမှတ်ခဲ့သော်..လမ်းတွေမှားပြီး အချိန်တွေ အလဟဿဖြစ်သွားမှဖြင့်"

သို့ကျွန်တော်က ဝင်ပြောလိုက်၏။

သည်တွင် မောင်နိုင်က

"ကောင်းပြီ· ·လောင်းကြေးထပ်လို့ရတယ်· · ·"

"ဘာ· ·ဘယ်လို· · "

ကျွန်တော်တို့ သွားနေရာကျဲလမ်းကနေ ထန်းသုံးပင် ဆိုင်တောင်ကြောကို သွားမယ်ဆိုလျှင် လမ်းရိုးအတိုင်း သွားလျှင်ဖြင့် သုံးရက် လောက်အချိန်ပေးရလိမ့်မယ်· · မယုံလျှင် ရေစာကြောမယ် ဝါးခုတ် သစ်ခုတ်သမားတွေ့လျှင်ဖြင့် မေးကြည့်ကြချေ။ အကယ်၍ ကျွန်တော် ပြောသလို သုံးရက်ကြာမယ်သိလျှင်ဖြင့် ကျွန်တော်က တစ်ညအိပ် ခရီးနဲ့ အရောက်သွားတဲ့ လမ်းကနေ ခေါ်သွားမယ်ဆိုလျှင် ခုသဘောတူထားတဲ့ အခကြေးငွေနဲ့ နှစ်ဆပေးမလား· · ·"

သို့ဆိုတော့ ကျွန်တော်လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

မုဆိုးကြီး တာပုကလည်း မောင်နိုင့်ကို စေ့စေ့ကြည့်နေလေ၏။ လင်းမြင့်လှိုင်ကမူ မောင်နိုင်အား သူ့ဝသီအတိုင်း သွားတက်လေးပေါ်၍ ပြုံးလိုက်ချေပြီး· · ·

"ကောင်းပြီလေ· · မင်းဖြစ်စေချင်သလို ဖြစ်ရမယ် · · အေး မင်းပြောတဲ့အတိုင်း ဖြစ်မလာလျှင်ကောကွာ· · ·"

သို့ ပြောလိုက်ပြီး ခပ်စိမ်းစိမ်းကြည့်လိုက်၏။

သည်တွင် မောင်နိုင်က

ရွှံပြုံးလေး ပြုံးလိုက်ချေပြီး

"ကျွန်တော်ပြောတဲ့အတိုင်း တစ်ညအိပ်နဲ့ မရောက်လျှင်ဖြင့် လမ်းရိုးလမ်းစဉ်အတိုင်း သုံးရက်လောက်ကြာမှ ရောက်သွားလျှင်ဖြင့်လည်း ခင်ဗျားတို့ပေးမယ့် လမ်းပြအဖြစ် အခကြေးငွေ ပိုက်ဆံ



မယူဘူးဗျာ· ·ဟုတ်ပြီလား· · ·"

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"

သို့ဆိုတော့ လင်းမြင့်လှိုင်သည် မောင်နိုင်နှင့် သဘောတူ အထိမ်းအမှတ်အဖြစ် လက်ဝါးချင်း သုံးကြိမ် ရိုက်လိုက်ချေတော့၏။

ပြီး ကျွန်တော်နှင့် လက်ဝါးချင်းရိုက်၏။ ပြီး မုဆိုးကြီး တာပုနှင့် ရိုက်လိုက်ကြတော့၏။

သို့မှ ကျွန်တော်တို့သည် မောင်နိုင်၏ ဦးဆောင်မှုဖြင့် တောတိုးခဲ့ကြချေတော့သည်။

သူပြောသလို လမ်းတွင် ဝါးခုတ်သမားတစ်စုနှင့် တွေ့လေ၏။ ကျွန်တော်က သူတို့အား တောင်ထန်းပင်သုံးပွင့်ဆိုင်တောင်ကြောသို့ ခရီးလမ်းအကွာအဝေးမေးလိုက်၏။

မုဆိုးကြီးတာပုကလည်း နောက်တစ်နေ့ရာတွင် တွေ့သည် ဝါးခုတ်သမားတို့ကို မေးလေ၏။

အားလုံး၏ ပြောဆိုချက်သည် မောင်နိုင်ပြောသလိုပင်။ သုံးရက်ခရီးရယ်လို့သာ ပြောကြလေသဖြင့် မောင်နိုင်တစ်ယောက် ကျွန်တော်တို့အား ပြုံးစေ့စေ့မျက်နှာပေးဖြင့် ကြည့်လာချေတော့၏။

သို့ဆိုတော့· · မောင်နိုင်ကို ယုံလိုက်ရတော့မည်နှယ်ပင်။

"ဟုတ်ပြီလေ · · မင်းစကားအတိုင်း ဖြစ်လာလျှင်ဖြင့် နှစ်ဆမကဘူးကွာ၊ ဘောက်ဆူးထပ်ပေးဦးမယ်· · ·"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

သို့ဆိုတော့

"တစ်ခုရှိတယ်.." ပြောလာသဖြင့်

"ပြောလေ..တစ်ခု.. ဘာတစ်ခုလဲ.."

"ခရီးလမ်းကြမ်းတယ်... သားရဲကောင်ပေါတယ်.. ဖြစ်ပါ့မလား.."

သို့ မေးလေ၏။

ကျွန်တော်က သူ့အားပြုံးပြလိုက်ပြီး လက်တွင်းမှ သေနတ်ကို ပုတ်ပြလိုက်၏။

"သွားစရာလမ်းရှိလျှင် ကြမ်းချင်သလောက် ကြမ်းစမ်းပါစေ" လို့ ပြောလိုက်၏။

"သည်လမ်းခရီးကို သိကြတဲ့သူတွေရှိပေမင့် အသွားအလာ သိပ်မရှိကြတော့လေ... အရင်ကြမ်းတယ်ဆိုတဲ့ခရီးက ခုပိုပြီးတော့ ကြမ်းနိုင်တယ်.."

"နို့က ပြဿနာမဟုတ်ဘူး..မင်းသာ လမ်းမမှားဖို့ဘဲ လိုတယ်"

လင်းမြင့်လှိုင်က ပြောလေတော့၏။

"သည့်တွက်တော့ စိတ်ချစမ်းပါဗျာ..သည်မယ် သည်ခရီးကို ကျွန်တော် အရင်က မကြာခဏသွားဖူးတယ်..မျက်စိမှိတ်သွားလို့ တောင်ရတယ်လို့ပြောလျှင်ရတယ်..."

"ကောင်းပြီ..ယုံလိုက်မယ်.."

သို့မှ ကျွန်တော်တို့သည် မောင်နိုင်၏ နောက်မှ ထပ်ကြပ် မကွာလိုက်ခဲ့ကြတော့၏။

"ဆရာပိုက် သူ့ကို ယုံရပါ့မလား .."

မှဆိုးကြီးတာပုက သို့ ကပ်၍ မေးလာချေ၏။



"သူက ဘာလုပ်လို့ရမှာတုံးဗျာ..."

သို့မှ ကျွန်တော်တို့သည် တောတိုးခဲ့ကြသည်ဆိုသည်ထက် တောင်ကြောများကို ခါးလယ်မှဖြတ်၍ တွယ်ဆင်းရခြင်းများက ပိုချေ၏။

သို့ဆင်းကြရာတွင်လည်း များသောအားဖြင့် မတ်စောက်သည့် ပြင် ဂဝံမြေများလည်း ဖြစ်လေခြင်းကြောင့် ချော်ကျခြင်းများကြောင့် လက်များ ခြေထောက်များ ပွန်းပဲ့ရပြန်သေး၏။

"မင်းငါတို့ကို တမင်သေကြောင်းကြံဖို့ ခေါ်လာတာများလား ကွာ.."

မုဆိုးကြီးဖထီတာပုက မောင်နိုင်ကို သို့ ပြောချေတော့၏။ ဘယ့် တွက်မူ ဝဖိုင့်သော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်ခြင်း၊ သူသာလျှင် ချော်ကျရ ပေါင်းများခြင်းကြောင့် ရလိုက်သည့် ဒဏ်ရာဒဏ်ချက် များခြင်းကြောင့် ဖြစ်ချေတော့၏။

"ဖြတ်လမ်းပါဆိုမှ သည်လောက်တော့ရှိမှာပါ..နို့တောင်မှ ကံကောင်းတယ်မှတ်..ကံမကောင်းလို့ကတော့ နာရှည်ကောင်တွေနဲ့ တွေ့နိုင်တယ်.."

"ဘာလဲကွ..နာရှည်ကောင်ဆိုတာ"

ကျွန်တော်က မေးလိုက်၏။

"တောဆင်ရိုင်းတွေကိုပြောတာ.."

"ဘာဖြစ်လဲကွာ..ဒါနဲ့ ခြောက်လှန့်ထုတ်လို့ ရတာပဲ.."

ကျွန်တော်က သေနတ်ကို မြှောက်ပြပြောလိုက်၏။

"နို့ကြောင့်လည်း ကျွန်တော် သည်လမ်းကခေါ်လာခဲ့တာ ပေါ့ဗျာ.. ဟဲ..ဟဲ.."

**သို့မှ** ကျွန်တော်တို့သည် မြောင်းကြပ်တစ်ခုတွင်း ရောက်ခဲ့ကြ၏။

မြောင်းကြပ်အတိုင်း စုန်၍ ဆင်းခဲ့ရာမှ…

"ဟာ"

မြောင်းကြပ်အတွင်း စုန်ဆင်းလျှောက်ခဲ့ရာတွင် ကျွန်တော်က ရှေ့ဆုံးမှဖြစ်လေခြင်းကြောင့် ကျွန်တော်တို့၏ သွားလမ်းရှေ့တွင် ဝံကောင်နက်ကြီးတစ်ကောင် ကုန်းကုန်းကွကွဖြင့် လာနေသည်ကို ရုတ်တရက်တွေ့လိုက်သည်ကြောင့် ကျွန်တော်ဘာလုပ်ရမှန်းမသိ ဖြစ်သွားတော့၏။

ကျွန်တော်တွင် သေနတ်ရှိသော်လည်း စလွယ်သိုင်း၍ လျှောက်လာမိခြင်းကြောင့် ထိတ်လန့်သွားမိချေ၏။

ဝံကောင်ကြီးကလည်း သူ့အတွေးနှင့်သူ ကုန်းကုန်းကွကွ လာနေခြင်းဖြစ်ကာ…ကျွန်တော်နှင့် ထိတ်တိုက်တွေ့လေသည်တွင် သူသည်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားပေခြား တောရိုင်းတိရစ္ဆာန်ကောင်ဖြစ်ခြင်းကြောင့် သူ့ရှေ့တွင်ရှိနေသည့် သူ့အားလက်ဦးမှု ရယူလိုသည့်သဘောဖြင့်

"ဂါး…ဂရား…ဝေါင်း…ဂရား…"

"ဘုရား…ဘုရား…"

ရုတ်ခြည်း မတ်ရပ်လျက်သို့ အာခေါင်သံကြီးဖြင့် အော်ဟစ်လိုက်ချေပြီး ကျွန်တော်အား တိုက်ခိုက်ရန် ပြေးလာချေတော့၏။

သို့ပေမင့်…

"ဒိန်း"

"ဘုတ်"



ဟူး…တော်ပါသေးရဲ့ ။ ထိုဝံကောင်ကြီး ကျွန်တော်နှင့် လက်တစ်ကမ်းအလိုတွင် သေနတ်သံတစ်ချက်ထွက်လာသလို ဝံနက်ကြီးသည်လည်း မြေပြင်သို့ ခွေကျသွားချေတော့၏။

"ဟာ…ဆရာလေးက တော်တယ်ဗျာ…"

မောင်နိုင်က လင်းမြင့်လှိုင်ကို ချီးကျူးလိုက်ချေ၏။

"ကျေးဇူးကိုလင်း…ကျွန်တော်ရဲ့ ပေါ့လျော့မှုပေပဲဗျာ"

ကျွန်တော်က လင်းမြင့်လှိုင်ကို ကျေးဇူးတင်ကြောင်း သို့ ပြောပြီး ဝန်ခံလိုက်ချေတော့၏။

ဝံကောင်ကြီးသည် အနီးကပ်တိုက်ခိုက်ခံလိုက်ရခြင်းကြောင့် နေရာမှာပင် ပွဲချင်းပြီးသေဆုံးသွားရလေခြင်းဖြစ်တော့၏။

"အင်း…ကျွန်တော်တို့တွက် ရိက္ခာလေးရတာပေါ့ဗျာ…"

မောင်နိုင်ကသို့ပြောလေပြီး ဝံကောင်သေကြီးကို မုဆိုးကြီးဘာပု၏ အကူအညီဖြင့် မြောင်ဝဆီ ဆွဲယူသွားကြပြီးလျှင် မြောင်ဝထိပ်ချောင်းတွင်း ရောက်သည်တွင်

"ကျွန်တော်တို့ နားနေရင်း သည်ကောင်ကြီးကို အသားဖျက်ပြီးတော့ ကင်စားပြီးလေမှ ခရီးဆက်မယ်ဗျာ…"

သို့ မောင်နိုင်၏ အစီအစဉ်ကို လက်ခံလိုက်ကြ၏။ ဘယ့်တွက်မှု ကျွန်တော်တို့သည်လည်း ဆာလောင်နေပြီဖြစ်သည် ကြောင့်ပင်…

သို့ဖြင့် မကြာလိုက်သောအချိန်တွင် ဝံကောင်အသား အချို့ကို မီးကင်လိုက်ပြီးဖြစ်တော့၏။

မောင်နိုင်က ရှေ့ခရီးအတွက် ဝံကောင်သားတို့ကို ဖက်ရွက်ဖြင့် ထုပ်နေလေသဖြင့်

"အလေးခံသယ်မနေပါနဲ့ကွာ‥ သည်ဝံကောင်သားကလည်း အလုံးသိပ်ကောင်းတာမဟုတ်ဘူး‥ပွစိစိရယ်‥သည်မယ် တစ်ထိုင်ပဲ စားကြတာပေါ့‥ပြီးလျှင် ခရီးဆက်ကြမယ်"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် မောင်နိုင် တစ်ယောက် သူထုပ်ပိုးနေသည့် ဝံကောင်သားတို့ကို ပစ်ထားလိုက်ချေ တော့၏။

"ဒါတို့ သည်ချောင်းကို ဆန်ရမလား‥စုန်ရမလား‥"

မှဆိုးကြီးတာပုက ခရီးစထွက်ရန် တာစူနေသည့် မောင်နိုင် ကို မေးလိုက်၏။

"သည်လောက်လမ်းခရီးချောမွေ့နေမှတော့ ဘာလို့ ဖြတ်လမ်းလို့ ခေါ်ရမှာလဲဗျာ‥ စိတ်ကူးမယဉ်စမ်းပါနဲ့‥"

"ဟင်း‥ဟင်း‥ဟင်း‥ဟင်း‥"

မောင်နိုင်၏ စကားကြောင့် မှဆိုးကြီးတာပုတစ်ယောက် မကြေမနပ်ဖြစ်သွားပုံကိုကြည့်ပြီး ကျွန်တော်သဘောကျမိလေ၏။ တကယ်တော့ မှဆိုးကြီးကလည်း သူ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးဖြင့် ခရီးကြမ်းနှင်လာခဲ့ရခြင်းကြောင့် စိတ်ဓာတ်ကျနေပုံပင်‥။

"နို့ဖြင့် မင်းပြောပုံအရ ရှေ့ကတောင်ကြောကို ဖက်တွယ် တက်ရဦးမပေါ့‥"

သို့လည်း မောင်နိုင်ကို မေးလိုက်ချေ၏။

"ဟင်း‥ဟင်း‥ ဘာလဲ မလိုက်နိုင်တော့ဘူးလား‥"

"မင်းကွာ နို့ဖြင့်လည်း နားနားနေနေသွားပါကလား‥"

"ဘယ်လို‥ဘယ်လို‥ မဖြစ်နိုင်တာများ‥ ခင်ဗျားပြော



သလို နားနားနေနေသွားလျှင်ဖြင့် ကျွန်တော် ရှုံးပြီးပေါ့‥"

"ဟော‥ မင်းဘာကို ပြောတာတုံး‥"

မှဆိုးကြီးက မေးလေ၏။

"ကျွန်တော် တောင်ထန်းသုံးပွင့်ဆိုင် တောင်ကြောကို တညအိပ်နဲ့ ရောက်ရမယ်လို့ ပြောထားတာလေ ဖထီးပြောသလို နားနားနေနေ သွားမယ်ဆိုလျှင်ဖြင့် ဘယ်လို တစ်ညအိပ်နဲ့ ရောက်နိုင်မှာတုန်း‥၊ နို့ဆိုတော့ ကျွန်တော် ရှုံးပြီပေါ့‥"

"ဟင်း"

သို့ဆိုတော့ မှဆိုးကြီးတာပုတစ်ယောက် ရှေ့တွင် တွယ်ကပ် တက်ရမည့် တောင်ကြောကြီးကို စိတ်ပျက်စွာကြည့်၍ သက်ပြင်းကို တစ်ချက်ချလိုက်ချေတော့၏။

မောင်နိုင်ကတော့မူ လှည့်၍ပင် မကြည့်လေတဲ့ ရှေ့တောင် ကမ်းပေါ်လမ်းရှာ တွယ်တက်သွားလေသဖြင့် ကျွန်တော်တို့သည်လည်း သူနောက်လမ်းကြောအတိုင်း တွယ်ကပ်တက်လိုက်ကြ၏။

တောင်ကမ်းသည်မတ်စောက်သော်လည်း နိမ့်သည်ကြောင့် တော်သေးပေ၏။ ထိုတောင်ကြောပေါ်သို့ ရောက်သည်တွင် တောင်ကြောအတိုင်း အနည်းငယ်မှ လျှောက်လိုက်ပြီးသည်တွင် တောင်ကြောစွယ်တစ်ခုသို့ ဆင်းလိုက်ကြတော့၏။

ထိုတောင်ကြောစွယ်တွင် ကျွန်းပင်ကြီးများသာ ပေါက်ရောက် နေခြင်းကြောင့် အောက်ပေါင်းရှင်းလေ၏။ သို့ဆိုတော့ ကျွန်တော်တို့ သည်လည်း ထိုတောင်ကြောစွယ်ကို လျှောက်လာခဲ့ကြရာမှ မြောင်ကြီး တစ်ခုသို့ ရောက်သွားကြပြန်၏။ ထိုမြောင်တစ်ဖက်တွင်မတော့ မြေပြန့်ဖြစ်ခြင်း အောက်ပေါင်းရှင်းခြင်းကြောင့် မှဆိုးကြီးတာပု မျက်နှာ

ရှင်သန်သွားလေတော့၏။ ဘယ့်တွက်မှု သက်သောင့်သက်သာ ခရီးဆက်ရမည်ဖြစ်ခြင်းကြောင့်ပင်။ သို့ပေမင့် ထိုသည်က မုဆိုးကြီးတာပုဖြစ်လိုသည့်ဆန္ဒသာ ဖြစ်၏။ တကယ်တော့ ကျွန်တော်တို့သည် မောင်နိုင်၏ ဦးဆောင်မှုဖြင့် ထိုမြောင်အတိုင်း စုန်ဆင်းခဲ့ကြရပြန်၏။

ကျောက်မြောင်ဖြစ်ခြင်း၊ ရေစီးအနည်းငယ်ရှိခြင်းတို့ကြောင့် ကျောက်တုံး ကျောက်ခဲများပေါ်တွင်ရှိ ရေညှိများကြောင့် ချော်မလဲရန် မနည်းထိန်းလျှောက်ခဲ့ကြသည်

"ဟာ"

"ဘန်း"

"အား"

မုဆိုးကြီးတာပုတစ်ယောက် ချော်လဲသွားချေတော့၏။ အတော်နှင့် မထနိုင်ချေ။

"ဘာဖြစ်သွားတာလဲ ဖထီ"

မုဆိုးကြီးနှင့် အနီးဆုံးသူသည် ကျွန်တော်ဖြစ်နေခြင်းကြောင့် တာပုကို ဖေးဖေးမမ ဆွဲထူလိုက်ရ၏။

"သည်ကောင်ပြောသလို တစ်ညအိပ်နဲ့ တောင်ထန်းသုံးပွင်ဆိုင် တောင်ကြောကို ရောက်မသွားလို့ကတော့ သေပြီသာမှတ်..."

တာပုက သို့ကြိမ်းဝါးလေတော့၏။

"ကျွန်တော်တို့ သည်မြောင်အတိုင်း ဆန်တက်သွားရမယ်။ မဝေးလောက်တဲ့ နေရာမယ် ကျောက်ခုတင် သုံးခုရှိတယ်..၊ အဲဒီ့ကျောက်ခုတင်အပေါ်ကို ရောက်သွားပြီဆိုလို့ကတော့ ကျွန်တော်တို့ ညအိပ်စခန်းချမယ့်နေရာရောက်ပြီဆိုတော့ ခရီး သုံးပုံ နှစ်ပုံ



ရောက်ပြီလေ.."

"ဟေ"

"ဟင်"

"မင်းတကယ်ပြောတာလား"

"တကယ်ပြောတာပါဗျာ..၊ နို့ကြောင့် အားတင်းထားကြစမ်းပါဗျာ.."

"သည်မယ် မောင်နိုင် မင်းပြောရမှာ စောတာပုတစ်ယောက်တည်းပါကွာ..ငါတို့က လမ်းမသိလို့ နို့မဟုတ်လို့ကတော့ မင်းတောင် ငါတို့နောက်ကလိုက်ရဦးမယ်"

သို့ ကျွန်တော်က ပြောလိုက်ချေ၏။ သို့ဆိုတော့ မောင်နိုင်တစ်ယောက် ငြိမ်သွားချေတော့၏။

သို့မှသည် ကျွန်တော်တို့သည် ကျောက်ခုတင်တစ်ခုသို့ ရောက်လာကြ၏။ ထိုကျောက်ခုတင်သည် အမြင့် ၁၀ ပေခန့်သာရှိ၏။ ရေစီးကျနေသည်မှာ ရေတံခွန်တစ်ခုသို့ ဖြစ်နေ၏။

"ချော်ကျမယ်..ဖြည်းဖြည်းတက်ကြပါ"

မောင်နိုင်က သတိပေးလေ၏။

"ဖထီတာပု ဖြစ်ပါ့မလား.."

"ဟကောင် မင်းတောင်ဖြစ်သေးတာ ငါက ဘာလို့ မဖြစ်ရမှာတုန်း..."

သို့ဆိုလျက် စောတာပုသည် ထိုကျောက်ခုတင်ကို ကုပ်ွယ်တက်သွားချေ၏။

ကျွန်တော်တို့သည် ရေစီးမြောင်လေးအတိုင်း ဆန်တက်သွားကြ ပြန်၏။ မဝေးလောက်သော နေရာလေးတွင် ကျောက်ကုတင်

နှစ်ထပ်ကို တွေ့ပြန်လေ၏။

"မောင်နိုင်ပြောတဲ့ သည်ကျောက်ခုတင် နှစ်ထပ်ကျော်ပြီးလျှင် စခန်းချ ညအိပ်နေရာ တောင်ကြောပေါ် ရောက်ပြီပေါ့"

သို့ ကျွန်တော်က မေးလိုက်၏။

"ဟုတ်တယ်"

ထိုနှစ်ထပ်ကျောက်ခုတင်ကိုမူ ကျွန်တော်တို့ ချောင်း နံဘေးမှ ကုတ်ကပ်တွယ်တက်သွားကြလေ၏။ အပေါ်ရောက် သည်တွင် ဘေးသို့ ပန်းတက်လိုက်ကြ၏။ သို့ဆိုတော့ တောင်ခြေ တစ်ခုပေါ်ရောက်သွား၏။

ထိုတောင်ကြောသည် မြေပြန့်ဖြစ်နေပြန်ချေ၏။

ထိုမြေပြန့်တွင်မတော့ ဝါးပင်များချည်း ဖြစ်ချေ၏။

"ကျွန်တော်တို့ သည်ဝါးပင်တောင်ခြေမယ် ညအိပ်စခန်းချကြတာပေါ့..."

"နို့ဖြင့် မင်းပြောသလို ခရီးလမ်း သုံးပုံ နှစ်ပုံ ရောက်လာတဲ့သဘောပေါ့.."

ကျွန်တော်ကမေးလိုက်၏။

"သိပ်ဟုတ်တာပေါ့ဗျာ .. ဟိုမယ်ကြည့် တွေ့လား .. သစ်ပင်ကြီးအုပ်စု.. အဲဒီကို မနက်ကျသွားလျှင်ဖြင့် လမ်းရိုးအတိုင်းလာတဲ့လမ်းကြောင်းပေါ် ရောက်ပြီဆိုတော့ ခရီးကြမ်း မရှိတော့ပါဘူး"

"ဟော..မင်းတကယ်ပြောတာလား"

ရှေ့လျှောက်ခရီးကြမ်းမရှိတော့ဆိုသဖြင့် မှဆိုးကြီးတာမှ ဝမ်းသာသွားလေ၏။



"ညနေလည်းစောင်းနေပြီဖြစ်သည်ကြောင့် ကျွန်တော်တို့ သည်လည်း ဝါးရုံဘေးတွင် ယာယီစခန်းတဲလေးကို ဆောက်လိုက်ကြတော့၏။ ပြီး ထင်းတုံးတို့ကို လိုက်လံစုဆောင်း၍ ထင်းမီးပုံ ပြုလုပ်လိုက်၏။

"ကိုပိုက် နေခဲ့ချေဦးဗျာ."

လင်းမြင့်လှိုင်က သို့ပြောပြီး စခန်းနေရာလေးမှ ထွက်သွားသဖြင့်

"ကိုလင်း မှောင်စပျိုးနေပြီ..ဘယ်သွားဦးမလို့လဲ.."

ကျွန်တော်ကမေးလိုက်၏။

"စိတ်ချပါဗျာ..သည်နားတင်ရယ်ပါ..ကျွန်တော်တို့အတွက် စားစရာလိုတယ်လေ.."

သို့လည်း ဟုတ်ချေ၏။ လင်းမြင့်လှိုင်ပြောလေမှ ဆာလောင်လာသည်ဟုပင် ထင်လိုက်ချေတော့၏။

လင်းမြင့်လှိုင်ထွက်သွားပြီး ဆယ်မိနစ်ခန့်ပင် မကြာလိုက်ချေ။

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ဝန်းကျင်ရှိ အိပ်တန်းဝင်ငှက်များသည် ပျံသန်းသွားကြချေ၏။ ခပ်လှမ်းလှမ်းရှိ ဝါးရုံပင် အောက်ရှိ ချုံပုတ်နွယ်ပင်များ၏ နောက်ဘက်မှလည်း အိပ်တန်းဝင် ဂျီကောင်လေး ကဆုန်ပေါက် ပြေးသွားသည်ကို တွေ့လိုက်ရချေ၏။

လင်းမြင့်လှိုင်တစ်ယောက် .. အဝေးသွား အမဲပစ်ရတယ်လို့ ရှေ့ချုံပုတ်နွယ်ပင်ရဲ့ နောက်ဘက်မှလည်း ဂျီကောင်လေး ရှိနေပါကလား။ မည်သို့ပင်ဆိုစေ..သူသည်လည်း သေနေ့မစေ့သေးသော ကြောင့်ဟု

ဆိုရချိန်မည်။

မကြာသောအချိန်တွင် လင်းမြင့်လှိုင်တစ်ယောက် မြွေတစ်ကောင်ကို လက်မှ ဆွဲလာသည်ကို တွေ့လိုက်ရချေတော့သည်။

မောင်နိုင်က လှမ်းယူ၍ အဆူးတို့ကို နှုတ်၊ ဗိုက်ခွဲ၊ အူနှုတ်ချေလေ၏ပြီး တုံးတစ်၍ ရေဆေးပြီးလျှင် တံဆိုထိုးလိုက်ချေ၏။ မည်သို့ပင်ဆိုစေ ညစာအလို့ငှာ အဆင်ပြေသွားချေ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝီစကီတစ်ပြားကို နှစ်ယောက် သောက်ရင်း ဖြူသားမီးကင်ကိုစား စကားစမြည်း ပြောနေလိုက်ကြတော့သည်။ သို့မှ ကျွန်တော်တို့သည် စခန်းတဲပေါ် တက်၍ အိပ်လိုက်ရန် ဆုံးဖြတ်လိုက်ကြချေတော့၏။

ထိုညတွင် ကျွန်တော်တို့သည် အမှန်ဆိုပါလျှင် ခရီးပန်းလာကြသည်ဖြစ်သဖြင့် ကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကြသည်ဆိုပေမင့် အချိန်အခါမဟုတ် ရွာသွန်းလေသည့်မိုးကြောင့် အားလုံးအိပ်ရာမှ နိုးလာကြတော့၏။

မိုးချုပ်သာမဟုတ်၊ လေပြင်းကလည်း ပါသေးသည်ကြောင့် မိုးရေစက်ဖြင့် ရွှဲရွှဲစိုကြရတော့၏။

ကျွန်တော် ကောင်းကောင်းမှတ်မိသည်မှာ ည ၁း၃၀ နာရီလောက်အချိန်ဖြစ်ချေ၏။ ဒုက္ခရောက်လိုက်ကြသေး၏။ တော်သေးသည်မှာ လေပြင်းတိုက်ခြင်းကြောင့် ပင်လုံးရှည်သစ်ပင်များ ခါးလောက်ဆီမှ ထက်ပိုင်းပြတ်ပြုတ်ကျလာလေမလား ထင်မိသေးတော့၏။ ကျွန်တော်တို့ စခန်းတဲအနီးရှိ သစ်ပင်ကြီးတစ်ပင်ဆိုပါလျှင် ယိမ်းထိုးနေသည်မှာ တဲပေါ်သို့ ထက်ပိုင်းပြတ် ကျလာလေမည်ကို ကြောက်ရွံ့တုန်လှုပ်မိကြသည်ကြောင့် အန္တရာယ်ကင်း ဂါထာကိုပင် ရွတ်ဖတ်



မိကြသည့်ပြင် ရသေကြီး ဓမ္မပါလကိုပင် တမ်းတမိလေတော့၏။

တောစောင့် တောင်စောင့်နတ်မင်းကြီးကိုပင် တောင်းပန်ခယမိလေတော့၏။ သည့်ပြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပင် ဂုဏ်တော်များ ချီးမွမ်း၍ ဆုတောင်း အခါခါပြုမိတော့၏။ သို့မှ နံနက်ဝေလီဝေလင်းအချိန်တွင် လေပြင်းတိုက်သည်ကြောင့် ငြိမ်သက်သွား၏။ မိုးစဲသွားချေတော့၏။ သို့ဆိုတော့ ကျွန်တော်တို့သည် အလင်းရောက်လာသည်နှင့် မီးဖိုလိုက်ကာ အင်္ကျီအဝတ်အစားတို့ကို ခြောက်သွေ့ရန် မီးကင်လိုက်ကြရတော့၏။ ဖြူသားကင် အကျန်လေးကို မျှတစားလိုက်ကြတော့၏။

သို့မှသည် ကျွန်တော်တို့သည် မိုးစင်စင်လင်းသည်တွင် ခရီးဆက်ခဲ့ကြတော့၏။

မောင်နိုင်ပြောသလိုပင်။ ကျောက်ကုတင်သုံးခုကို တက်ခဲ့ပြီး တောင်ကြော မြေပြန့်အတိုင်း လျှောက်ခဲ့ရာမှ လမ်းရိုးအတိုင်း သွားလမ်းပေါ်သို့ ရောက်ခဲ့ချေတော့သည်။ သို့သည်ကလည်း မောင်နိုင်ပြောသဖြင့် သိရခြင်းဖြစ်ပေဖြား ကျွန်တော်သည် သွားရင်းခုံရသည့် ဝါးခုတ်သမားအချို့ကို မေးစမ်းကြည့်သည်တွင်လည်း

"ဟုတ်တယ်‥သည်လမ်းအတိုင်း သွားလျှင်ဖြင့် သုံးပွင့်ဆိုင်တောင်ထန်းသုံးပင် တောင်ကြောကို ရောက်မယ်‥" လို့ချည်း ပြောကြချေတော့၏။ သို့ဆိုတော့ မောင်နိုင်သည် ကျွန်တော်တို့အား လိမ်လည်ပြောခြင်းမဟုတ်ကြောင်း သိရပေတော့၏။

ထိုတောင်ကြောအတိုင်း တောတိုးခဲ့ရာမှ ကျွန်တော်တို့ သည် တောင်ထန်းသုံးပွင့်ဆိုင်ကြောမကြီးပေါ်သို့ ရောက်ခဲ့ကြတော့၏။

"သည်မယ်လေ‥တောင်ထန်းသုံးပွင့်ဆိုင်"

သို့ဆိုသလို မောင်နိုင်က ခပ်လှမ်းလှမ်းတွင်ရှိ တောင်ထန်းပင်သုံးပင်ကို ပြလေ၏။ အလိုလေးဗျာ.. တကယ်ပဲ တြိဂံပုံသဏ္ဍာန် အပင်သုံးပင်တို့ ပေါက်နေကြတော့၏။

"ကျွန်တော်တို့တွေ တောင်ထန်းသုံးပင်တောင် ကြောလေး ရောက်လာကြပြီး အောင်ဖြိုးနဲ့ အောင်စိုးတို့ကို မကြီးတို့အဖိုးက ဘယ်နားမယ် ချုပ်နှောင်ထားတာလဲ မသိဘူး..၊ သည်နားမလဲ ဘယ်တဲစုမှ မတွေ့ပါကလား.."

ကျွန်တော်က လေးဘက်လေးတန်ကို လှမ်းကဲကြည့် ပြောလိုက်သည်ဆိုပေမင့်..

"ဟိုမယ်..မတွေ့ဘူးလား..အဲဒါ တဲစုပေါ့.."

လင်းမြင့်လှိုင်က ခပ်လှမ်းလှမ်းတောင်ကြောအခြေသို့ လက်ညှိုးထိုးပြလေသဖြင့် လှမ်းကဲကြည့်လိုက်ချေ၏။

အလိုလေးဗျာ..ဟုတ်ပါရဲ့..ကျွန်တော်က အဝေးကြီးကို လှမ်းကဲကြည့်မိလေခြင်းကြောင့် လင်းမြင့်လှိုင် ပြောလေမှ မဝေးလောက်သော တောင်ကြော တစ်ခု အောက်ခြေကို ကြည့်မိလိုက်သဖြင့် တဲစုလေးကို အပေါ်စီးမှ မှိုး၍ မြင်ရချေတော့၏။

ကျွန်တော်တို့သည် ခေတ္တမျှ နားနေလိုက်ကြစဉ် ဝိစကီသောက်လိုက်ကြပြီးမှ ထိုတဲစုလေးသို့ ထွက်ခဲ့ကြတော့၏။

"သည်နားတဝိုက်တင် သူတို့ချုပ်နှောင်ထားတဲ့ နေရာရှိလိမ့်မယ်ဗျ..."

လင်းမြင့်လှိုင်က သို့ပြောလည်းပြော..အနီးတစ်ဝိုက်သို့လည်း လှည့်ပတ်ကြည့်နေလေ၏။



"ကျွန်တော်တို့ အညာခံလိုက်ရပြီထင်တယ်"

"ဘာလို့လဲ ကိုပိုက်.."

"အောင်ဖြိုးနဲ့ အောင်စိုးတို့ကို သည်မယ် ချည်နှောင်ထားတယ်ဆိုတာ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာတုံး.."

အလိုလေးဗျာ.. သို့ပြောလာသည့် မိန်းမအသံကြောင့် ကျွန်တော်တို့အားလုံး နောက်သို့ လှည့်ကြည့်လိုက်ကြချေတော့၏။

"မကြီး မငယ်..မလတ် တို့ပါကလား..၊ ပြီးတော့ အဘိုးအိုတစ်ယောက်လည်း ပါချေ၏။ သူတို့ ဘယ်အချိန်က သည်နေရာသို့ ရောက်နေကြပါလိမ့်..အံ့ဖွယ်ပင် ကောင်းသေးတော့၏။

"မင်းတို့ ဟိုလူမိုက် နှစ်ကောင်နဲ့ တွေ့ချင်ကြတယ် မဟုတ်လား" မကြီးက ဆိုလေ၏။

"ဟုတ်တယ်လေ..ခင်ဗျားပဲ လိုက်ပြလေ..လူရမ်းကား လူမိုက်အုပ်စုကို ဖော်ထုတ်ဖမ်းဆီးပေးမယ်လေ . .နို့ဆိုတော့ ကျွန်တော်တို့ကို တွေ့ပေးစမ်းပါ.."

"ဟုတ်ပြီ..လိုက်ခဲ့"

သို့ မကြီးက ပြော ဦးဆောင်လှည့်ထွက်သွားသဖြင့် ကျွန်တော်တို့သည်လည်း မကြီးနောက်မှ ထပ်ကြပ်မကွာ လိုက်သွားကြတော့၏။

သို့မှသည် ကျွန်တော်တို့သည် "လိုဏ်" တစ်ခုသို့ ရောက်ခဲ့ကြတော့၏။

ဘုရားရေ… ထိုလှိုဏ်ထဲတွင် အောင်ဖြိုးနှင့် အောင်စိုးတို့ကို ချုပ်နှောင်ထားခြင်းပါကလား။

"သူတို့ကို သည်မယ် ချုပ်နှောင်ထားတယ်ဆိုတော့ ရက်စက်လွန်းရာ မကျပေဘူးလား…"

ပိန်လှီပြီး အရိုးပေါ် အရေတင်မျှသာရှိကြသည့် လူငယ်နှစ်ယောက်ကို စိတ်မကောင်းစွာကြည့်၍ ကျွန်တော်က မကြီးကို ပြောလိုက်ချေ၏။

"အလိုလေးရှင်… သူတို့က ဇာတ်တူသားစားဖို့ ကြိုးစားကြသူတွေလေ…ပြီးတော့ သားငါးအသွေးအသားတွေကို အာသာငမ်းငမ်း ဘီလူး သဘက်လို စားနေကြသူတွေလေ…သူတို့ကို ဘာသနားစရာရှိလို့လဲ…"

"ဇာတ်တူသားစားလိုကြသူတွေဆိုတာတော့ ကျွန်တော် မပြောလိုပါဘူး… နို့ပေမင့် သားငါးစားသူတွေ ဖြစ်တာကြောင့် မိုက်ရိုင်းတယ်၊ ဆိုးသွမ်းတယ်ဆိုတာ မဖြစ်သင့်ပါဘူး…"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

"ကဲပါ အောင်ဖြိုးနဲ့ အောင်စိုးတို့နဲ့ စကားပြောလို့ရမလား"

လင်းမြင့်လှိုင်က တောင်းဆိုလိုက်၏။

"မရဘူး"

"ဘာလို့လဲ"

"သူတို့တွေ စကားမပြောတတ်ကြဘူး"

"ဗျာ"

"ဟင်"

"ဘယ်လို…ဘယ်လို"



"ရှင်တို့မေးတာကို သူတို့သိမယ်၊ ရှင်တို့ကို သူတို့ မြင်မယ်၊ နို့ပေမင့် ရှင်တို့မေးတာတွေကို ဖြေနိုင်ကြမယ်မထင်ဘူး။ ဂူးဂူး ဝါးဝါး လောက်ပဲ ပြောနိုင်ကြမှာဆိုတော့ သူတို့ ဘာတွေ ပြောလဲဆိုတာတော့ သိနိုင်လိမ့်မယ် မထင်ဘူး"

"ဘုရားရေ…ဘယ်လိုဖြစ်ရတာပါလိမ့်…"

"နို့ဖြင့်လည်း၊ ကျွန်တော်တို့ကို သူတို့နဲ့ လာတွေ့ခိုင်းတုန်းက ခင်ဗျားမယ် ဘာအစီအစဉ်ရှိလို့တုန်း… အင်း မေးရပါဦးမယ် ဘာလို့ ခင်ဗျားတို့လဲ သည်ရောက်လာကြလဲ…နို့ဆိုလျှင် ခြေတံရှည်တဲ့စုကနေထွက်ကတည်းက တူတူလိုက်လာကြတာလား"

"နို့ကတော့ ရှင်တို့ထွက်သွားပြီးမှ သည်လာချင်တဲ့ စိတ်ကူးပေါ်သွားရတာပါ…တစ်မျိုးမထင်ပါနဲ့"

မကြီးကသာပြောလေ၏။ မလတ်နှင့် မငယ်သည် ငြိမ်သက်တိတ်ဆိတ်လို့သာ နေကြသည်ပဲ…။

"ကဲဗျာ…ဘယ်လိုပဲ ဖြစ်ပါစေ၊ ကျွန်တော်သူတို့နှစ်ယောက်နဲ့ တွေ့ချင်တယ်… သည်ရောက်မှ မထူးဘူးလေ…"

"ဟုတ်ပြီလေ…သူတို့ ပြောသမျှ နားလည်မှာတော့ မဟုတ်ဘူး…"

သို့မှ ကျွန်တော်တို့သည် မကြီးတို့ ခွင့်ပြုချက်ဖြင့် အောင်ဖြိုးနှင့် အောင်စိုးတို့ ညီအစ်ကိုနှစ်ယောက်အား လှိုဏ်ကြီးအတွင်း တွေ့ခဲ့ကြရလေ၏။

ကျွန်တော်တို့ကိုမြင်သည်နှင့် သူတို့နှစ်ယောက်သည် ဝမ်းသာနေကြပုံမြင်လိုက်ရပေမင့် ကျွန်တော်တို့နောက်မှ ကပ်ပါလာသည့် အဖိုးအိုနှင့် မကြီးတို့ညီအစ်မ သုံးယောက်ကို မြင်သည်တွင်မတော့

ထိတ်လန့်သွားကြပုံရတော့၏။

သို့ဆိုတော့ မကြီးတို့သည် သူတို့နှစ်ယောက်ကို မည်မျှပင် နှိပ်စက်ထားကြလေသည် မသိပါချေ။

"ခင်ဗျားတို့အားလုံး အပြင်ထွက်ပေးကြပါလား‥ကျွန်တော် သူတို့နဲ့ စကားပြောချင်လို့"

သို့ လင်းမြင့်လှိုင်က မကြီးတို့ကို ခွင့်တောင်းလေသည်တွင် ကျွန်တော်ကိုလည်း မျက်စိမှိတ်ပြလေသဖြင့် ကျွန်တော်နှင့် တာပုလည်း မကြီးတို့နှင့်အတူ လှိုအပြင်သို့ ထွက်ခဲ့ချေလေ၏။

လင်းမြင့်လှိုင်တစ်ယောက်သာလျှင် လှိုထဲတွင် အောင်မြိုး အောင်စိုးတို့နှင့် ကျန်ခဲ့ချေ၏။

လင်းမြင့်လှိုင်တွင် မည်သည့် အကြံဉာဏ်စိတ်ကူး ရှိလေသည်ကိုတော့ မသိပါချေ။

အတန်ကြာကြာအချိန်တွင်မတော့ လင်းမြင့်လှိုင် တစ်ယောက် လှိုအတွင်းမှ ထွက်လာချေတော့၏။

"ဘယ်လိုတုံး‥" မကြီးက လင်းမြင့်လှိုင်ကို မေးလေ၏။

"ဘာကိုဆိုလိုတာလဲ"

"ဩော်သူတို့နဲ့ တွေ့ပြီး ဘာတွေ သိခဲ့ရလဲ။ သူ့အစ်ကိုကြီး အောင်မိုး ဘယ်မှာရှိတယ်ဆိုတာ မေးစမ်းလို့ ရပြီလား‥"

မကြီးက မေးလေ၏။ လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်း လိုက်ချေပြီး

"သူတို့မှ စကားမပြောနိုင်ကြတာ‥" သို့ ပြောလာလေတော့ ၏။

"ကျွန်မတစ်ခုတောင်းဆိုချင်တယ်‥ပြောချင်တယ်"



မကြီးက ပြောလာသဖြင့် လင်းမြင့်လှိုင်က သူမအား ကြည့်လိုက်ချေပြီး

"ပြောကြည့်လေ‥ဘာတောင်းဆိုချင်တာရှိသလဲ"

"အော်‥ရှင်တို့ ကျွန်မအကူအညီတောင်းတဲ့ကိစ္စ ဖြစ်အောင် လုပ်ပေးစေချင်တယ်‥အဓိက အောင်မိုးကို ဖမ်းဆီးပေးဖို့ပဲ‥၊ သူ့ကိုမိတော့မှ သူ့နောက်လိုက်တွေကို ဖော်ထုတ်ဖမ်းဆီးလို့ ရမှာ မဟုတ်လား‥"

"ဟုတ်ပါပြီ‥နို့ကြောင့် ခင်ဗျားကော လမ်းညွှန်နိုင်မလား။ အောင်မိုး တကယ်ရှိသေးလျှင်ဖြင့် သူဘယ်လောက်ပုန်းနေပါစေ ရှာဖွေ ပေးပါ့မယ်"

သို့လင်းမြင့်လှိုင်က ပြောလိုက်သည်တွင်

"ကျွန်မအထင်တော့ သူ ကျိုက်ထော်ရွာဘက်သွားမယ် ထင်တယ်"

"ဘယ်က ကျိုက်ထော်လဲ"

"သာယာဝတီနယ်စပ်က ရွာလေးပေါ့‥သူ့အဒေါ်မှာ ရှိလောက် တယ်လေ‥"

သို့ဆိုတော့လည်း လင်းမြင့်လှိုင်က မောင်နိုင်ကို စေ့စေ့ ကြည့်လိုက်၏။ ပြီး…

"မင်း ကျိုက်ထော်ရွာကိုသိလား‥" မေးလေ၏။

"အဲဒီကိစ္စနောက်မှ ပြောလို့ဖြစ်တယ်‥ ခုလောလောဆယ် ကျုပ်ကို ပေးဦးလေ‥ " ဆိုလျက် လက်ဝါးကို ဖြန့် လက်ချောင်း များကို ကွေးချည်ဖြန့်ချီ ပြနေလေသဖြင့် လင်းမြင့်လှိုင်က သူ့အင်္ကျီ အိတ်ကပ်ထဲမှ ငွေ တစ်ထောင်တန် ငွေစက္ကူတို့ကိုထုတ်၍ အရွက်

၂၀ ကို ရေတွက်ပေးလိုက်ချေတော့၏။

"နောက်ထပ် ခရီးအတွက်က ဘယ်လို သတ်မှတ်မလဲ"

သို့မေးလာသည့်မောင်နိုင်အား လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံပြုံးလိုက်ချေပြီး

"မင်းသိတယ် လိုက်ပို့မယ်ပေါ့.." မေးလေ၏။

သည်တွင် မောင်နိုင်က ယဲ့ယဲ့ အပြုံးဖြင့် ဝင်ခေါင်းညိတ်ပြလာလေတော့သည်။

သို့ဖြစ်သည်ကြောင့် မောင်နိုင်၏ လမ်းညွှန်မှုဖြင့် ကျွန်တော်တို့သည် ကျိုက်ထော်ရွာကလေးသို့ ထွက်ခဲ့ကြတော့၏။

သို့ဆိုတော့ ကျွန်တော်တို့သည် ပျဉ်ကတိုးတောတစ်ခုကို ဖြတ်ရချေ၏။ ပျဉ်းကတိုးတောအတွင်း ကျွန်တော်တို့သည် တောတိုးလျှောက်ခဲ့ကြရာမှ -

"နေဦးဗျာ.. အပုပ်နံ့ရသလိုပဲ. "

အောင်နိုင်က ရှေ့မှ သွားနေရာမှ ပြောရင်းရပ်တန့်လိုက်ကာ အပုပ်နံ့ လာရာသို့ရှာကြည့် အကဲခတ်ကြည့်လေတော့၏။

"ဟုတ်တယ်..ကိုပိုက်ရဲ့.အောင်နိုင်ပြောတာ ဟုတ်တယ်"

သို့ဖြစ်၍ ကျွန်တော်သည်လည်း အပုပ်နံ့ဆိုသည်ကို ရှူရှိုက်ကြည့်မိချေတော့၏။

ဟုတ်ပါ့..အပုပ်နံ့ဆိုပေမင့် ပုပ်အက်အက်အနံ့ဖြစ်ချေ၏။

"သားကောင်သေလို့ နံတဲ့ အပုပ်နံ့တော့ မဟုတ်ပေဘူးဗျ.."

ကျွန်တော်ကပြောလိုက်၏။ လင်းမြင့်လှိုင်က ကျွန်တော်နားရောက်လာလေပြီး



"ဘယ်ကလို့ထင်လှဲ"

ကျွန်တော်ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ မြေပြင်အနေအထားကို ကြည့်လိုက်၏။ မြေပုံရယ်လို့ ရှာမတွေ့ပါချေ။

"အင်းကြည့်ရတာ လမ်းသွားရင်း . .သေဆုံးသွားလို့ အဆင်ပြေသလို မြေမြှုပ်လိုက်သလားမှ မသိတာချည်း.."

ကျွန်တော့်စကားဆုံးသည်နှင့် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး..

"ဟိုးရှေ့က ပျဉ်းကတိုးအပင်အောက်ခြေက ချုံပုတ်ပင်ကို သွားကြည့်ကြမယ်ဗျာ..."

သို့လင်းမြင့်လှိုင်ကပြောပြီး ထွက်သွားလေတော့၏။ နောက်မှ ကျွန်တော်နှ င့် အောင်နိုင်တာပုတို့ ကပ်လိုက်သွားကြ၏။

ဘုရားရေ.အပုပ်နံ့ဟို၍ ပြင်းထန်လာပုံတောက်ခြင်းအားဖြင့် အပုပ်ကောင် ထိုနေရာတဝိုက်တွင်သာ ရှိချိမ့်မည်။

"ဟာ..သည်မယ်တွေ့ပြီကိုပိုက်..."

လင်းမြင့်လှိုင်က ချုံပုတ်ပင်နွယ်ပင်နောက်သို့ ကဲကြည့်ပြောလာလေ၏။

"အလိုလေးဗျာ. ပုပ်ပွနေသည့် လူသေအလောင်းပါကလား .. သို့ကြောင့် ကျွန်တော် နောက်တွန့်သွားပေမင့် လင်းမြင့်လှိုင်ကတော့မှ စပ်စပ်စုစု လုပ်လိုသဖြင့် လူသေကောင်ကို ထိုင်၍ပင် စေ့စေ့ကြည့်နေလေပြီး အလောင်းကောင်၏ လက်တွင်းမှ တစ်စုံတစ်ရာကို ဆွဲဖြုတ်လိုက်ချေ၏။ ပြီး ကျွန်တော့်ကိုပြလာလေ၏။ ဘုရားရေ..

ဆွဲကြိုးလေးပါကလား.. လော့ကတ်သီးလေးလည်း ပါချေ၏။

"ကိုပိုက် သည်ပစ္စည်းကို မြင်ဖူးတယ်မဟုတ်လား··"

သို့ဆိုတော့ ကျွန်တော် စဉ်းစားလိုက်၏။ အတော်နှင့် စဉ်းစားမရသဖြင့်

"အမှတ်တမဲ့ပေပဲကိုလင်းရဲ့··"

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်အား သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီးနောက်

"အလိုလေးဗျာ···ကိုပိုက် မေ့တတ်ရန်ကော·· ဟိုမယ်··ခြေတံရှည်တဲ့စမယ် လူတစ်ယောက် အမျိုးသမီးလေဗျာ သူ့ယောက်ျားလို့ပြောတာပဲ··ထိုထင်းမီးပုံပေါ်သကြိုပ်တယ်လေ··၊ သည်တုန်းက အဘိုးအိုက· သည်ပုံစံတူတဲ့ ဆွဲကြိုးလေးကို အလောင်းရင်ဘတ်ပေါ် ပစ်တင်လိုက်တယ်လေ·· အဲအလောင်းကို မီးရှို့နေတုန်း··ဟင်းကောင်လာလို့ ကျွန်တော်တို့ ထွက်ပြေးခဲ့ကြတယ် လေ·· ကျွန်တော်တို့ ထင်းမီးပုံကို သွားကြည့်တော့ ထင်းမီးပုံ ပြာကျခဲ့ပေမင့် လူသေအရိုးတောင်မတွေ့ဘူးလေ·· အရိုးလေးကျရ မပေါ့·· သည်တုန်းက ကျွန်တော်စေ့စေ့ကြည့်လိုက်တယ်··· ဘယ်လူ့ခန္ဓာကိုယ်မှ မီးရှို့ခဲ့တာ မဟုတ်ဘူး ဆိုတာ··သိလိုက်တယ်"

"ဟင် နို့ဖြင့် အဲဒီလူသေကကော··ဘယ်လိုဖြစ်ရတာလဲ"

"ပြောတတ်သေဘူး··တစ်ခုခုတော့ တစ်ခုခုပဲ··၊ ဘာ လွဲချော်နေပါလိမ့်···အဲ ကျွန်တော် မီးပုံထဲက ဘာရခဲ့လဲဆိုတာ သည်လိုပုံစံနဲ့ ဆွဲကြိုးလေဗျာ···သည်မယ်ကြည့်··"

ဟု လင်းမြင့်လှိုင်ကပြောပြီး သူ၏ အိပ်ကပ်ထဲမှ ဆွဲကြိုး တစ်ကုံးကို ထုတ်ပြလာချေ၏။

"ဘုရားရေ··· တစ်ပုံစံတည်းပါကလား··သို့ကြောင့်···"



"ဘယ်လိုသဘောလဲကိုလင်း··"

"ဘယ်လိုသဘောလဲဆိုတော့···သည်ကရတဲ့ဆွဲကြိုးကို မကြီးတို့ညီအစ်မကို ပေးလိုက်လျှင်ဖြင့် အဖြေတစ်ခုခုတော့ရနိုင် ပါလိမ့်မယ်··"

"ကိုလင်းပြောသလိုဆို·· ကျွန်တော်တို့ မကြီးတို့ဆီ ပြန်သွားရပေါ့···"

"ဟုတ်တယ်··နို့ပေမင့် တဲစုကိုလည်း သွားစရာမလိုပါဘူး။ သည်နားတွင်ရှိပါတယ်··"

"ဗျာ··ဘယ်လို"

"သည်နားတင်ရှိတယ်·· "

"ဘာလို့လဲ ကိုလင်း ရှင်းအောင်ပြောစမ်းပါ·· "

"ဟင်း··ဟင်း·· ရှင်းအောင်ပြောလို့မရဘူး···နို့ပေမင့် ရှင်းထုတ်လို့တော့ရတယ်···"

သို့ဆိုလျက် လင်းမြင့်လှိုင်က သူ၏ သေနတ်ပြောင်းကို ခပ်လှမ်းလှမ်းရှိ သစ်တပင်နောက်တွင်ရှိ ချုံပုတ်ပင်သို့ လှမ်းချိန်လိုက် လေပြီး···

"ဒိန်း"

"အား··အမလေ·· "

"အား··အာ··လားလား·· "

ဘုရားရေ·လင်းမြင့်လှိုင် ချုံပုတ်တွင် ထိုးပစ်လိုက်လေခြင်း ဖြစ်ချေ၏။ သို့ဆိုတော့ ချုံပုတ်နောက်ကွယ် သစ်ပင်ကြီးနောက်မှ လူ နှစ်ယောက် ထွက်လာလေ၏။

"အလိုလေးဗျာ·· မကြီးနှင့် အဘိုးအိုပါကလား···"

"ဟင်း••ဟင်း••ဟင်း•• ဘာလို့ ကျွန်တော်တို့နောက် လိုက်ခဲ့ကြတာလဲ•••"

လင်းမြင့်လှိုင်က မေးလေ၏။

"ရှင်ထင်လို့ပါ•• ကျွန်မတို့ဘာသာလာကြတာလေ••၊ ရှင်သေနတ်နဲ့ ပစ်လိုက်လို့ ထွက်လာရတာ အေးအေးလူလူကို ထမင်း မစားရဘူး•"

သို့ဆိုတော့•• မကြီးနှင့် အဘိုးအိုတို့သည် ထိုသစ်ပင် နောက်ကွယ်တွင် ထမင်းစားနေကြသည်ပေါ့• တိုက်ဆိုင်လိုက်တာ •• တိုက်ဆိုင်လေသည်လား တမင်ဖန်တီးယူလေသည်လား မသိပါချေ။

"ဟုတ်ပြီလေ•• ကျွန်တော်တို့ ဟိုးရှေ့နားမယ် အလောင်း တစ်လောင်းတွေ့တယ်၊ အလောင်းက ဟောသည့်ဟာကလေး ရတယ်၊ ထူးဆန်းတာပဲ•• ကြည့်စမ်းပါဦး•• ဘာလေးလဲ မသိဘူး••"

လင်းမြင့်လှိုင်က သို့ပြောပြီး ခွဲကြိုးလေးကို ထုတ်ပေးလိုက် ချေ၏။

အလောင်းထံမှ ရသည့် ခွဲကြိုးလေးကို မြင်လိုက်သည်နှင့် မကြီးတစ်ယောက် မျက်နှာပျက်သွားသည်ဆိုပေမင့် မျက်နှာကို ကပျာကသီပြင်လိုက်ချေပြီး

"ဟာ••ချစ်စရာလေး•• ဟိုအလောင်းကောင်ဆီက ယူလာတာလား•• အဲဒီအလောင်းက ဘယ်သူ့အလောင်းလဲ"

သို့ဆိုတော့ လင်းမြင့်လှိုင်က သူမကို စေ့စေ့ကြည့်လေပြီး ပြုံးပြလိုက်ကာ

"သူဟာဘယ်သူလဲဆိုတာ လိုက်ကြည့်လေ••"



"အို ကျွန်မ လူသေအလောင်းကို မကြည့်ရဲပါဘူး• သည်လူ ဘယ်သူမှန်းမသိ၊ ဘယ်လိုသေမှန်းမသိ၊ ပုပ်ပွနေပြီဆိုတော့ ကြောက်စရာ ကောင်း••ရွံစရာကောင်းမှာပဲ••"

"ဗျာ• ဘယ်လို မကြီးအလောင်းကောင်ကိုလည်း မမြင်ရ ဘဲ ဘယ်လိုကြောင့် ပုပ်နေပြီ ပြောရတာတုံး••"

လင်းမြင့်လှိုင်က တအံ့တသြဖြင့် မေးလိုက်ချေတော့၏။

သည်တွင်မကြီးသည် တဖန်မျက်နှာပျက်သွားပြန်၏။

"အလိုလေးရှင်•• သည်လောက် ပုပ်စော်နံနေမှတော့ ပုပ်နေ လို့ဖြစ်မှာပေါ့•••"

ဘုရားရေ•• မကြီးက အံ့သြစရာဖြစ်လာပါကလား။ ကျွန်တော်တို့ ရှိနေသည့်နေရာတွင်မတော့ အပုပ်နံ့သည် သိပ်မရှိပါချေ။ ဂရုတစိုက် ရှူရှိုက်မှသာလျှင် အပုပ်နံ့ကို ရလိမ့်မည် ဖြစ်ပါသည်။ သူမက ဘယ်လိုလုပ် အပုပ်နံ့ကို ရနေပါလိမ့်••၊ ပြီးတော့ ပုပ်ပွနေသည်ကို ဘယ်လိုသိနေပါလိမ့်•••။

"ကိုလင်း••သူ့က••"

ကျွန်တော်သို့သာ ပြောရ၏။ လင်းမြင့်လှိုင်က ကျွန်တော် အား ဆက်မပြောရန် မျက်ရိပ်ပြလိုက်လေပြီးနောက်••

"သည်ခွဲကြိုးက သူ့ပစ္စည်းဆိုတော့ ဟောသည့်တစ်ခုက ခင်ဗျားဟာများဖြစ်နေမလား••"

လင်းမြင့်လှိုင်က သူ့ယခင်က ရလာသည့် ခွဲကြိုးကို ထုတ်ပြ လိုက်ချေတော့၏။ သည်တွင် မကြီးတစ်ယောက် ထိတ်လန့် တကြားဖြင့် ချောက်ချားသွားရုံသာမက လင်းမြင့်လှိုင်ကိုလည်း မျက်နှာ

ငယ်လေးဖြင့် ကြည့်နေလေ၏။

"ဒါ..မင်းပစ္စည်းမဟုတ်လား.."

"ရှင်"

"အော်.. မင်းဆွဲကြိုးလေ.. မင်းမမှတ်မိဘူးလား..၊ ကျွန်တော် ခင်ဗျားတို့ဘဲစုရောက်တော့ ခင်ဗျားရဲ့ ယောက်ျားအလောင်းကို မီးရှို့သဂြိုလ်မယ်လုပ်တုန်းမှာ ခင်ဗျားအဘိုးကက သည်ဆွဲကြိုးလေးကို သူ့ရင်ဘတ်ပေါ် တင်ထားလိုက်တယ်လေ၊ ကျွန်တော် ထင်းမီးပုံကို သွားကြည့်တော့ အလောင်းက မရှိတော့ဘူး၊ ဆွဲကြိုးလေးပဲ ရခဲ့ တယ်"

လင်းမြင့်လှိုင်က သို့ပြောပြီး သူမကို စေ့စေ့ကြည့်လိုက်ပြန်ချေ၏။

"ဟုတ်ပါတယ်.."

"နို့ဖြင့် ခင်ဗျားယောက်ျားကို အဲဒီတုန်းက မီးသဂြိုဟ်ခဲ့တယ် သည်တော့ သည်လူမှာလဲ သည်လိုဆွဲကြိုးလေးရှိတယ်ဆိုတော့ ဘယ်လိုများ ပတ်သက်မလဲ တိုက်ဆိုင်တာပဲလား.."

သို့ လင်းမြင့်လှိုင်အမေးကြောင့် သူမအံ့သြတကြီး ဖြစ်သွားသည်ပြင် ထိတ်လန့်တုန်လှုပ်သွားပြန်၏။

ကျွန်တော်နားမလည်နိုင်ပါတော့ချေ. လင်းမြင့်လှိုင် ဘာတွေ သိထားတာပါလိမ့်...။

"အို..နို့ကတော့ရှင်.. သည်ဆွဲကြိုးလေးတွေက ဥက္ကံဈေး ထဲမယ် ဝယ်လို့ရတာပဲ.."

"ဆိုလိုချင်တာက သည်လူက ဘယ်သူဆိုတာ မသိဘူး ပေါ့...;"



"အင်းလေ..ကျွန်မနဲ့ ဘာဆိုင်တာမှတ်လို့..."

"ဟုတ်ပါပြီ..နို့ဖြင့် ခင်ဗျားယောက်ျားက မီးသဂြိုဟ်လို့ ပြာကျသွားပြီပေါ့.."

"ဟုတ်တယ်လေ.."

"မဖြစ်နိုင်ဘူး ကျွန်တော်ပြောပြီးပဲ မဟုတ်လား... မီးပုံမယ် ပြာပဲရှိတယ်..ပြီးတော့ သည်ဆွဲကြိုးပဲရှိတယ်.. ခင်ဗျား အဘိုးပစ်တင်လိုက်တာလေ..ဟုတ်ပြီ..နို့ဖြင့် ကျွန်တော်မေးမယ်"

"မေးပါ"

"ခင်ဗျားကိုတော့ မဟုတ်ဘူး.. အဘိုးကို"

"ဘာ"

"ရှင်"

တစ်ချိန်လုံး ငြိမ်သက်နေသည့် မကြီးနားမှ အဖိုးကို လင်းမြင့်လှိုင်က ကြည့်၍ သို့ပြောလိုက်ခြင်းကြောင့် မကြီး အံ့သြသွားပြန်တော့၏။

"အဖိုး အသက်ဘယ်လောက်ရှိပြီလဲ"

"၇၀ ကျော်ပြီကွာ.. ၈၀ နီးပြီဆိုရမပေါ့.."

"အင်း..အဖိုးက သည်အသက်အရွယ်ရှိတာတောင် သန်မာတုန်းပဲနော်..."

"ရှင်.. ဘယ်လိုပြောနိုင်လဲ"

မကြီးက ပြောလာလေ၏။ သို့ကြောင့် လင်းမြင့်လှိုင်က

"အို.ခင်ဗျားကလည်း စဉ်းစားကြည့်လေ. အသက်ရှစ်ဆယ် ရှိတဲ့ သေးသေးကွေးကွေး အဘိုးအိုက လူသေအလောင်းကို ထမ်းပိုး ပြေးလွှားသွားနိုင်တယ်ဆိုတော့ သန်မာလို့ပေါ့.."

"ရှင်"

"ဟေ"

အတိုးဒိုးကော မကြီးပါ အံ့ညြသွားတော့၏။ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်ဘာတွေပြောနေသည်ကို မသိပါချေ။ သို့ကြောင့်နံဘေးမှတာမျှ ဝင်မပြော ငြိမ်၍သာ ကြည့်နေ နားထောင်ရလေ၏။

"ခင်ဗျားတို့ပြောတာ‥အောင်ဖြိုးနဲ့ အောင်စိုးက စကားမပြောတတ်ဘူးဆို မွေးရာပါတော့ မဟုတ်လောက်ဘူးနော်"

"ရှင်"

လင်းမြင့်လှိုင်အမေးကြောင့် သူမ မှင်တက်မိသွားရပြန်၏။

"ခင်ဗျားတို့က သူတို့ကို နှိပ်စက်ထားလို့ လုံးဝ မပြောနိုင်မဆိုနိုင်လို့ ထင်နေကြတာပါ‥၊ တကယ်တော့ အောင်ဖြိုးကော အောင်စိုးပါ ကောင်းကောင်း စကားပြောတတ်ပါတယ်‥"

"ရှင်"

"ဒို"

"ခင်ဗျားမသိလျှင် ပြောရတာပေါ့‥"

သို့ဆိုတော့ မကြီးမျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားရတော့၏။

"သည်ခွဲကြီးပိုင်ရှင် အပုပ်ကောင်ကြီးက ခင်ဗျားတို့ သိပ်တွေ့ချင် ဖမ်းဆီးချင်နေတဲ့ "အောင်မိုး" ပဲဗျ‥‥"

"ဟင်"

"တကယ်လား‥ ဘယ်လိုလုပ် သည်လို ဖြစ်ရတာလဲ"

မကြီးက အံ့ညြဟန်ဖြင့် မေးလာလေတော့၏။

"ဟင်း‥ဟင်း‥ဟင်း‥ဟင်း‥မကြီး‥ မကြီး‥ ခင်ဗျား



တကယ်ဟန်ဆောင်ကောင်းပါကလား‥ အောင်မိုး ဘယ်လိုသေရတယ်ဆိုတာ ခင်ဗျားပဲ အသိဆုံးပါဗျာ‥လုပ်မနေပါနဲ့ အောင်ဖြိုးနဲ့ အောင်စိုးက ကျွန်တော့်ကို အကုန်လုံး ပြောပြီးပြီပဲဗျာ‥"

"မဖြစ်နိုင်ဘူး‥မဖြစ်နိုင်ဘူး‥ သူတို့ စကားပြောတတ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး‥ရှင်ညာနေတာ‥ကျွန်မကို အစ်အောက် မေးနေတာ မဟုတ်လား"

သည်တွင် လင်းမြင့်လှိုင်က သူ့ထသိအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်ချေပြီး

"ခင်ဗျားတို့ လျှို့ထဲက အချုပ်ခန်းကို သော့ခတ်မယ်ဆိုလျှင်ဖြင့်လည်း အာမခံသော့လေးဘာလေးနဲ့ ခတ်ထားပါလားဗျာ‥ ခုတော့ဟိုနှစ်ယောက်က စကားပြောတတ်တဲ့အပြင် သော့တုဖွင့်တဲ့ပညာလည်း တတ်ကြတာကလား‥ နို့ကြောင့်‥"

"ဟင်‥ရှင် ဘာပြောတာလဲ‥"

"သူ ဘာပြောလဲ‥မသိချင်ပါနဲ့တော့ဗျာ‥ ကျုပ်အစ်ကိုကြီးသေရတာ ခင်ဗျားသတ်တာလား‥"

"ဟာ"

သို့အသံနှင့်အတူ လူငယ်နှစ်ယောက်ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ကျွန်တော်အံ့ညြတကြီး ဖြစ်သွားရချေတော့၏။

သူတို့သည် အောင်ဖြိုးနှင့် အောင်စိုးပင် ဖြစ်ချိမ့်မည်။

"အောင်ဖြိုး။ အောင်စိုး ဘယ်လို လွတ်ထွက်လာကြတာလဲ‥‥"

မကြီးက အံ့ညြတကြီး မေးလေတော့၏။

"သည်ကအစ်ကို ကျွန်တော်တို့ကိုသော့တုဖွင့်တဲ့ ပစ္စည်းနဲ့

ဘယ်လိုဖွင့်ဆိုပြီး ပြောခဲ့တယ်လေ‥ "

"ဟင်‥ ရှင်‥ရှင်…"

မကြီးတစ်ယောက် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်ပြီးနောက် အောင်ပြီးနှင့် အောင်စိုးကိုပါ စူးစူးဝါးဝါး ကြည့်လာချေတော့၏။

"လူသားတွေ အသားစားကြတယ်၊ ဆန့်ကျင်ဘက်လိင်နဲ့ သားမယားအဖြစ် ပေါင်းသင်ကြတယ်ဆိုတာ သဘာဝပါဗျာ‥။ သူတို့မှာ ဘာမှ အပြစ်ကြီးကြီးမားမား မရှိပါဘူး‥။ အဲဒါကို ခင်ဗျားတို့က အပြစ်ကြီးလို့ ထင်ကြတယ်၊ တယူသန်ကြတယ်၊ အဲလို တစ်ယူသန်စိတ်ကြောင့်လဲ ကိုယ်ချစ်တဲ့သူကိုတောင် သတ်ပစ်လိုက်ရတဲ့အထိ အယူသန်လွန်းမှာ မကောင်းပါဘူး‥"

လင်းမြင့်လှိုင်က သို့ပြောလိုက်သဖြင့် မကြီးဆိုသူသည် လုံးဝ ငြိမ်သက်တိတ်ဆိတ် ခေါင်းငုံ့သွားချေတော့၏။

"ကိုလင်းရယ်‥ ဘယ်လိုဖြစ်ရတာလဲ‥ကျွန်တော်ကိုလည်း ရှင်းပြပါဦး…"

သို့ဆိုတော့ လင်းမြင့်လှိုင်က

"သူမရှင်းပြပါလိမ့်မယ်‥ ကဲ မကြီး ခင်ဗျားကိုယ်တိုင် အဖြစ်မှန်ကို ပြောပြမယ်ဆိုလျှင်ဖြင့် ခင်ဗျားပြစ်ဒဏ်ခံရ သက်သာနိုင်တယ်၊ လုပ်ပါဗျာ‥ အဖြစ်မှန် ဝန်ခံစမ်းပါ။ ကျွန်တော် အတတ်နိုင်ဆုံး ကူညီပါ့မယ်‥ "

သို့ဆိုတော့ မကြီးသည် အဘိုးအိုကို လှည့်ကြည့်လိုက်ချေ၏။ အဘိုးအိုက သူမကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက်

"မြေးမလေးရယ်‥ အဖြစ်မှန်သာ ပြောပြလိုက်ပါ‥ အဖိုးလဲ မင်းကို ဘယ်လိုမှ မကာယနိုင်တော့ဘူးကွာ‥"



"အလိုလေးဗျာ‥ "

ဘယ်လိုတွေပါလိမ့်‥။ ကျွန်တော်နားမလည်နိုင်ပေမင့် မကြာမီ သူမပြောစကားအရ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို သိရတော့မည်ဖြစ်သည့်ကြောင့် သူမပြောလာမည့် စကားသံကို နားစွင့်ထားလိုက်ချေတော့သည်။ မုဆိုးကြီးတာပုသည်လည်း သူမကို အံ့ဩတကြီး ကြည့်နေလေ၏။ လင်းမြင့်လှိုင်ကတော့မှ သိပြီးဖြစ်သည့်အတိုင်း မည်သို့မျှ အံ့ဩခြင်း မရှိပုံပင်‥

သို့ဆိုတော့…

× × × × ×

မကြီးသည် ‥သူ့မျက်စိကို သူမယုံနိုင်ဖြစ်ရချေ၏။ ဘယ်တွက်မှု အောင်မိုးတစ်ယောက်၏ လုပ်ရပ်က သူမအား အံ့ဩခြင်း ထိတ်လန့်ခြင်း‥ကို ဖြစ်စေတော့သည်။ ဘယ်လိုဖြစ်ရတာပါလိမ့်‥ အောင်မိုးကိုလည်း စိတ်ပျက်သွားတော့၏။ သို့မြင် ရွံရှာသွားမိ၏။ သူမတို့ မကြိုက်သည့် ဘုရားမကြိုက်သည့် အရာကို လုပ်သူဟု သတ်မှတ်လိုက်၏။ အောင်မိုးတွင် စာနာစိတ်မရှိပါကလား။ ကြင်နာစိတ်မရှိပါကလား။ ပြီးတော့ လူသားတစ်ယောက်ဖြစ်ပြီး အဟိတ် တိရိစ္ဆာန်ကောင်လို အသားစားကြူးနေပါကလားလို့ တွေးမိလိုက်၏။

အောင်မိုးတစ်ယောက် ဂျီလေးကို ရက်ရက်စက်စက် ခွဲခြမ်းစိတ်ဖြာကာ အသားတို့ကို တုံးတစ်ပြီးသွားသည်တွင် တံစို့ထိုးမီးကင်နေပါ ကလား။ ဘာလုပ်တာပါလိမ့်‥ဘုရားရေ‥ ကြည့်စမ်း အသားတို့ မီးမှုန့်နှင့် ထိကြတော့ သူမ၏ ပတ်ဝန်းကျင်တွင် မွှေးပျံ့သည့် ရနံ့ထွက်လာ၏။ ပြီးတော့ ပူပူလောင်လောင်အသားတို့ကို အောင်မိုး မြိန်ရည်ရှက်ရည်စားလို့ပါကလား။ သူ့မျက်စိကိုပင် သူမယုံနိုင်။

သို့ဆိုတော့ အောင်မိုး၏ သူမအပေါ် ဆက်ဆံပုံ ပြုမူပုံသည် အစက ဘယ်လိုကြောင့်ရယ် သူမမသိ၊ ယခုမှ သိလိုက်၏။

အောင်မိုးတစ်ယောက် သို့ဆိုသလို အသားစားကြူးတတ်လာခြင်းကြောင့် စိတ်ရိုင်းစိတ်ညစ်တို့ ဝင်လာခြင်းသာ ဖြစ်မည်ဟု သူမတွက်လိုက်မိ၏။

အစကတော့ မကြီးသတိမထားမိ။

သူတို့တဲစုတွင် အောင်မိုးသည် လူရည်လည်သည်ဟု ပြောကြ၏။ ကြည့် ဝေးလံလှသော ဥက္ကံဆိုသည့် မြို့ပြကြီးကို အောင်မိုးရောက်သွားခဲ့၏။ သို့မှ အပြန် သူမတွက်ဆိုပြီး ဆွဲကြိုးလေး ဝယ်လာလေ၏။

"ချစ်သက်လက်ဆောင်" ဟု အောင်မိုးပြောခဲ့၏။

သူ့တွင်လည်း တစ်ခုရှိသည်ပြောခဲ့၏။

"ချစ်သက်လက်ဆောင်" သူမသဘောမပေါက်ခဲ့ တစ်ခုတော့ရှိသည်။ သူမတို့တွင် ညီအစ်မ သုံးယောက်ရှိ၏။ မကြီး သူ·· ပြီးတော့ မလတ်၊ မငယ်၊ အရွယ်ကလေးရောက်လာသည့်တိုင် တတွဲတွဲ မခွဲနေခဲ့ကြ၏။ လက်ပွန်းတတီးနေခဲ့ကြ၏။ ညီအစ်မတွေကိုး·· ဆွေမျိုးရင်းချာတွေကိုး ···။ သည်လိုပဲ မလတ်နှင့်သာမဟုတ် အခြားသော မိန်းကလေးများနှင့်လည်း လက်ပွန်းတတီးနေခဲ့ကြ၏။ တစ်ခုတော့ရှိသည်။ အဘိုးဖြစ်သူတို့ ကာလတုန်းက သူတို့တဲစုလေး၏ စုစည်းနေထိုင်ပုံသည် ဆန်းပြား၏။ ယောက်ျားလေးများ သပ်သပ်နေကြ၏။ မိန်းကလေးများ စုစည်းနေကြ၏။ အားလုံး လူမျိုးစုတူဟု အဘိုးက ဆိုခဲ့၏။

သို့မှသည် မကြီးအတွက် ထူးဆန်းခြင်း တစ်ခုကို စကြုံ



ခဲ့၏။ အောင်မိုးဆိုသူသည် သူမနှင့် နီးနီးကပ်ကပ် နေထိုင်ခဲ့သူဖြစ်၏။ လက်ပွန်းတတီးနေကြသည်ဆိုရာ၌ အဘိုးနှင့် အခြားသူများ မသိအောင်နေကြခြင်းဖြစ်သည်။ သို့ကလည်း မကြီး၏ အကြံမဟုတ်၊ အောင်မိုး၏ အကြံပင်ဖြစ်ချေ၏။

သို့ဆိုရာတွင် မကြီးတစ်ခုစဉ်းစားမိသည်မှာ အောင်မိုးနှင့် နီးနီးကပ်ကပ် လက်ပွန်းတတီးနေခဲ့ရသည်မှာ ညီမများနှင့် နေထိုင်ခဲ့ရပုံနှင့် အတန်ငယ် ကွာခြားသည်ကို သတိပြုမိချေ၏။

အတွေ့အထိခြင်းမတူဟု သတိထားမိ၏။ သို့မှသည် အောင်မိုးက ချစ်သက်လက်ဆောင်ဆိုတာမျိုး ပေးလာ၏။ သို့ဆိုသလို ညီမများကလည်း သူမကို ပေးခဲ့ဘူး၏။ သို့ပေမင့် ဘာကြောင့်ရယ် မသိ အောင်မိုး၏ ချစ်သက်လက်ဆောင်ဆိုသည်ကို သူမ တန်ဖိုးထားမြတ်နိုးခဲ့၏။ သို့ ဘာကြောင့် ဖြစ်ရတာလဲလို့ မကြီး အောင်မိုးကို မေးဖူး၏။

"ဘာဖြစ်ရမှာလဲ မကြီးရယ်·· ဆန့်ကျင်ဘက်လေ·· နို့ကြောင့် ထူးခြားတာပေါ့·· ပီတိဖြစ်တာခြင်းမတူဘူး·· ကျေနပ်နှစ်သိမ့်တာခြင်း မတူတာလေ··လို့ ပြောခဲ့၏။ မကြီး ဘာမှ နားမလည်ချေ။ မကြီးသိသည်မှာ အောင်မိုးနှင့် ပူးပူးကပ်ကပ် နေရခြင်းကို ကြေနပ်မိ၏။ မလတ်၊ မငယ်တို့နှင့် ပူးပူး ကပ်ကပ် နေရခြင်းနှင့် ကွာခြားသည်ကိုတော့ မကြီးသတိပြုမိ လိုက်၏။ ပြီးတော့ သူ၏ ချစ်သက်လက်ဆောင်ပျောက်ပျက်သွားမှာ သူများ ခိုးယူသွားမည်ကို စိုးရိမ်မိချေ၏။ အတွေ့အထိကို ကြေနပ်နေမိ၏။

သို့မှသည် အောင်မိုးကိုကြေနပ်နေပေမင့် စိတ်ပျက်စရာ တစ်ခုကို သိခဲ့ရ၏။ ထိုသည်ကား အောင်မိုး ပက်စက်သည်။

အသားစားသည်။ သတ္တဝါလေးတွေကို သတ်ဖြတ်စားခဲ့သည်။

သို့ သူမသိလိုက်သည်တွင် လုံးဝတုန်လှုပ်သွားတော့၏။ ကြောက်စရာ လူတစ်ယောက်လို့လည်း သတ်မှတ်လိုက်၏။

သူတို့ တဲစုတွင် သို့ဆိုသလို အောင်မိုးတစ်ယောက် ဖောက်ပြန်လာ၏။ သူချည်းသာမဟုတ် သူ၏ ညီများဖြစ်သည့် အောင်တိုး၊ အောင်ဖြိုးနှင့် အောင်စိုးတို့သည်လည်း သူ့အစ်ကိုလိုပင် သားစားကြူးသူများဖြစ်လာသည်ဟု သိရ၏။ သို့ကိစ္စကို အဘိုး သိသွား၏။ ဒေါသအမျက်ထွက်ခဲ့၏။ အောင်မိုးကို ခေါ်ကြိမ်း၏။ ဆူပူ၏။ ရပ်တန်း ကရပ်ရန်ပြောခဲ့၏။ သည်တွင် အောင်မိုးက လက်မခံသည့်ပြင် အဖိုး ကိုပြောခဲ့၏။ "စားကြည့်စမ်းပါ‥" သည်တော့ အဖိုးဒေါသ အထွတ် အထိပ်သို့ ရောက်ခဲ့၏။ အောင်မိုးကို တဲစုမှ နှင်ထုတ်ခဲ့၏ အောင်မိုး တစ်ယောက် သူ့ညီအစ်ကိုများနှင့် တဲစုမှ ထွက်သွားသည် ဆိုပေမင့် အောင်မိုး စည်းရုံးကောင်းပုံများကြည့်‥ တဲစုနေလူအချို့ အသားစား တတ်လာကြ၏။ အောင်မိုးနှင့် ပေါင်းဖက်မိကြချေတော့၏။ သို့မှ သည် အဘိုး၏ ချမှတ်ခဲ့သည် မေထုန်မှီဝဲခြင်းမပြုရခြင်းကိုပင် သူတို့ ပြုလုပ်လိုက်ကြ၏။ ဆွေမျိုးနွယ်စုဆိုသည်ကို သူတို့မသိကြ တော့‥ ယောကျ်ားနှင့် မိန်းမ မေထုန်မှီဝဲခြင်း ပြုလိုကြ၏။

ဘုရားရေ‥

သို့ဆိုတော့မှ မကြီးသတိပြုမိတော့၏။ အောင်မိုးနှင့် ပွတ်သီး ပွတ်သပ်နေခဲ့စဉ်က တကယ်တော့ ဆန့်ကျင်ဘက်နှစ်ဦး၏ အာဝါဟ ဝိဝါဟပြုမိချေမည့် ရှေ့ပြေးများလေလားဟု တွေးမိလေတိုင်း သူမ ထိတ်လန့်မိတော့၏။ သို့ကြောင့် အောင်မိုးနှင့်သူမ ဝေးဝေးနေရန် ဆုံးဖြတ်လိုက်တော့၏။



တကယ်တော့ အောင်မိုးက သူမအား မေထုန်မှီဝဲ ပြုလိုခြင်းအတွက် စည်းရုံးနေခြင်းပါကလား။ သို့ တွေးမိသည်တွင် မတော့ မကြီးတစ်ယောက် လုံးဝ ထိတ်လန့်မိချေတော့၏။ သို့အဖြစ်မျိုး သူမမပြုလိုချေ။ အဓိက အဘိုး၏ မြေးဖြစ်နေခြင်းကြောင့်ပင်၊ သူမ သို့ သတိပြု ထိန်းထိန်းသိမ်းသိမ်း နေခဲ့သော်လည်း အောင်မိုးကို ရှောင်ခဲ့ပေပြား အောင်မိုးတစ်ယောက် သူမအား အကြံဖြင့် ချဉ်းကပ် လာသည်ရယ်ကြောင့် သူမစကားဖြင့် တားဆီးခဲ့၏။ အောင်မိုး လက်မခံခဲ့။

ငြင်းဆန်လွန်သည့်ကြားမှ အောင်မိုးတစ်ယောက် အကြမ်း ဖက်လာ၏။ သို့ဆိုတော့ မကြီးတစ်ယောက် ရှက်လည်းရှက် ဒေါသ လည်းထွက် သို့ဆိုတော့ အောင်မိုးတစ်ယောက် သတိမေ့လျော့ သူ၏ လိုအပ်ချက်ကိုသာ ရရှိဖို့ ကြိုးစားနေလေသည်တွင် မကြီး တစ်ယောက် အနီးရှိသည့် ဝါးခုတ်ဓားဖြင့် အားကုန်လွှဲခုတ် လိုက်မိချေ၏။

ဘုရားရေ‥ သတ္တဝါလေးများအသက်ကိုပင် မသတ်မိဖို့ အဘိုးကအားလုံးကို ဆုံးမခဲ့၏။ ယခုတော့ အဘိုး၏ မြေးဖြစ်သူ သူမ က မျိုးတူလူသားတစ်ဦးကို ဒေါသအလျောက် သတ်ဖြတ်မိ လိုက်ပါ ကလား‥။

သို့ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် သူမအောင်မိုးကို ဒေါသအလျောက်သတ်လိုက်သည့်အချိန်တွင် လူစိမ်းတစ်ယောက် ထိုနေရာသို့ တန်းတန်းမတ်မတ် ရောက်လာလေသည်ကြောင့် သူမ ဘာလုပ်ရမှန်းမသိဖြစ်သွား၏။ (တကယ်တော့ ထိုသူက တာပုဖြစ် ချေ၏။) သည်တွင် သူမ လတ်တလောလုပ်မိသည်မှာ ထိုသူစိမ်း

သူမကို မမြင်စေရန် ပုန်းကွယ်နေလိုက်၏။

ထိုသူ (တာပု) အောင်မိုးအလောင်းကို တွေ့သည်နှင့် ထိတ်လန့်တကြားဖြင့် ပြန်လည်ပြေးသွားတော့၏။

သို့ဆိုတော့ ပုန်းကွယ်နေရာမှ ထွက်လိုက်၏။ မဝေးလောက်သော တဲစုသို့ ပြန်ပြေးသွားတော့၏။ အဘိုးဖြစ်သူကို အမှန်အတိုင်း ဖွင့်ပြောလိုက်၏။

"သူ့မိုက်ပြစ် သူခံရတာကလား‥ "

အဘိုးက သို့ပြောပြီး ကိုယ်တိုင်ပင် အောင်မိုးအလောင်းကို လာသယ် ချွားချေတော့၏။

တဲစုသို့ ပြန်သွား ထင်းမီးပုံတင် မီးရှို့သင်္ဂြိုလ်ရန် စီစဉ်လိုက်၏။ မြေးဖြစ်သူအား အောင်မိုးပေးခဲ့သည့် ဆွဲကြိုးကိုလည်း အဘိုးအိုက သံယောဇဉ်ပြတ်စေရန် သူ့အလောင်းနှင့်အတူ မီးရှို့ပစ်ရန် ယူ၍ အလောင်းပေါ်ပစ်တင်လိုက်ပြန်၏။

သို့မှအောင်မိုးအလောင်းတွေ့၍ ပြန်ပြေးသွားသူနှင့် သေနတ်ကိုင်လူနှစ်ယောက် သူတို့တဲစုသို့ ရောက်လာကြ၏။ (လင်းမြင့်လှိုင် မိမိနှင့် တာပုတို့ ဖြစ်ချေ၏။)

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် တာပုတို့သည် အနည်းငယ်တော့ သဘောပေါက်သွားရချေတော့၏။ သို့ပေမင့်

"နို့ မီးသင်္ဂြိုဟ်ဖို့ လုပ်လေပြီးမှ ဘာလို့ အလောင်းကို ပြန်သယ်သွားပြီး မြေမှာ မြှုပ်ရတာလဲ‥"

သို့ ကျွန်တော်က မေးလိုက်၏။

အဖိုးအိုက -



"သူ့ကိုမီးသင်္ဂြိုဟ်မဲ့အချိန်က ကျားကောင်ရောက်လာတယ်လေ၊ နို့ဆိုတော့ သူကို မီးသင်္ဂြိုဟ်တာ တောင်စောင့်နတ်မင်းကြီးက မကြိုက်လို့ ဖြစ်မယ်‥ နို့ကြောင့် ငါ့သည်အလောင်းကို မီးမသင်္ဂြိုဟ်တော့ဘဲ မြေမြှုပ်လိုက်တာလေ ‥‥ နို့ပေမင့် မင်းတို့ ရိပ်မိသွားမှာစိုးလို့သည်နေရာမှာ လာပြီး ပစ်ခဲ့တာပဲ" (သည်တွင် ဆွဲကြိုးက ထင်းပုံတွင် ကျန်ခဲ့ခြင်းဖြစ်၏)

"အင်း‥အယူသီးမှုကား လူသတ်မှုကို ဖော်ထုတ်ပေးခြင်းပါကလား‥ ‥"

အကယ်၍များ မီးသင်္ဂြိုဟ်လိုက်ပါမည်ဆိုပါလျှင် သည်လူသတ်မှုဖြစ်ခဲ့သည်ကို ကျွန်တော်တို့ သိလိမ့်မည်မဟုတ်ပါချေ။

တကယ်တော့ မကောင်းမှုဟူသည် ဘယ်လိုမှ ဖုံးကွယ်မရပါကလား‥။ သေသူက တမင် တုန့်ပြန် ဖော်ထုတ်ပေးသည်လား။ သို့မှမဟုတ် တောစောင့် တောင်စောင့်နတ်မင်းကြီးက မကြိုက်၍ ဖော်ထုတ်ပေးလေသည်လားတော့ဖြင့် ကျွန်တော် မခွဲခြားတတ်ပါတော့ချေ‥‥။

စာဖတ်ပရိတ်သတ်အား လေးစား

ကြိုးစားလျက်

ကိုပိုက်

(၁၀-၉-၂၀၀၉)

**2:40 PM**